ရွှေပဒေသာ ဘာသာရေး စာအုပ်

တက္ကသိုလ်
# သော်တာဇွန်
‹သာသနတက္ကသီလ မဟာဓမ္မာစရိယ›

# ပုဂ္ဂိုလ်ထူးဆိုလျှင် နှင့် ကြည်ညိုစရာလား
# ကိုးကွယ်မှုမှန်ကန်ရေး
# ဓမ္မစာစုများ

ဒီနိုင်းမင်းမင်းအောင်

၁၃၆၂၇

ရွှေပဒေသာစာအုပ် အမှတ်(၈)

# တက္ကသိုလ် သောတုဇန
## (သာသနတက္ကသိလ မဟာဓမ္မာစရိယ)

၏

# ပုဂ္ဂိုလ်ထူးဆိုလျှင် ကြည်ညိုစရာလား
နှင့်
# ကိုးကွယ်မှု မှန်ကန်ရေးစမ္ဗာစာစုများ

ရွှေပဒေသာစာပေ

တိုက်-၄၊ အခန်း-၁၀၊ ပြည်တော်သစ်ရိပ်သာ

ပုဇွန်တောင်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် - ၁၁/၉၇(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁/၉၇(၃)

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
(၁၀၀၀)

❁

**ထုတ်ဝေခြင်း**

ဇူလိုင်လ၊ ၁၉၉၇

❁

**တန်ဖိုး**
၁၁၀ -ကျပ်

❁ ❁ ❁

ဦးအောင်ကြီး(၀၉၈၆)၊ ရွှေပရပိုက်စာပေ၊
အမှတ်-၅၊ တင့်ဆန်းလမ်း၊ ဗွတ္တလစ်၊ ရန်ကုန်မြို့မှ
ထုတ်ဝေ၍
ဦးကျော်မိုးစိန်(အောင်သာအောင့်ဖ်စက်) (၀၃၁၃၇)
အမှတ်-၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

## မာတိကာ


| | | |
|---|---|---|
| * | နိဒါန်း | |
| ၁။ | ပုဂ္ဂိုလ်ထူးဆိုလျှင် ကြည်ညိုစရာလား | ၉ |
| ၂။ | တန်ခိုး ပြသင့်၊ မပြသင့် | ၁၄ |
| ၃။ | ယုံသင့်မှ ယုံ | ၂၁ |
| ၄။ | ဘာသာရေး မျက်လှည့်ဆရာများ | ၂၆ |
| ၅။ | ရဟန္တာရှင်းတမ်း | ၃၀ |
| ၆။ | ရဟန္တာဆိုသူများ | ၃၅ |
| ၇။ | ကိုးကွယ်ရာမှ ဘေးဖြစ်ရခြင်း | ၄၁ |
| ၈။ | ရထားပေါ်ဝယ် | ၄၆ |
| ၉။ | မဟာစည်ဆရာတော်နှင့်သိဒ္ဓိတင်ခြင်းအမှု | ၅၅ |
| ၁၀။ | ကမ္မဝါဒ | ၆၁ |
| ၁၁။ | သာသနာတော် သန့်ရှင်းစင်ကြယ်ရေး | ၆၇ |
| ၁၂။ | ဗုဒ္ဓသာသနာ ကာကွယ်စောင့်ရှောက်ရေး | ၇၁ |
| ၁၃။ | သာသနာ ဖျက်သူ၊ ပြုသူ | ၇၇ |
| ၁၄။ | ကိုးကွယ်မှု မှန်ကန်ရေး | ၈၂ |
| ၁၅။ | ကိုးကွယ်မှု မှန်ကန်ရေး (မဟာစည်ဆရာတော်၏ မိန့်ကြားချက်) | ၈၈ |
| ၁၆။ | သာသနာပြု အဓိပ္ပာယ် | ၉၄ |
| ၁၇။ | ကိုးကွယ်မှု မှန်ကန်ရေးဆောင်ရွက်ချက်များ | ၉၉ |
| ၁၈။ | သာသနာ့ရန်စွယ် | ၁၀၃ |
| ၁၉။ | သုနက္ခတ္တရဟန်းအတွေး | ၁၁၀ |
| ၂၀။ | မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဥဇုဂုဏ် | ၁၁၄ |
| ၂၁။ | အမှန်သာ မှားတော့တယ် | ၁၁၉ |

သို့

....................................

....................................

....................................

ဓမ္မဒါနပြုပါသည်

မှ

....................................

....................................

....................................

# စကားဦး

**ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။**
**ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**

**ဧတံ သရဏံ**– ထို ဗုဒ္ဓ,ဓမ္မ,သံဃကို ကိုးကွယ်ခြင်းသည်၊ **ခေမံ**– ဘေးကင်းလှပါပေ၏။ **ဧတံ သရဏံ**– ထို ဗုဒ္ဓ,ဓမ္မ,သံဃကို ကိုးကွယ်ခြင်းသည်၊ **ဥတ္တမံ**– မြင့်မြတ်၍ အထက်တန်းလှပါပေ၏။ **ဧတံ သရဏံ**– ထို ဗုဒ္ဓ,ဓမ္မ, သံဃကို ကိုးကွယ်ခြင်းကို၊ **အာဂမ္မ**– စွဲ၍၊ **သဗ္ဗဒုက္ခာ**– ဆင်းရဲဒုက္ခ အလုံးစုံမှ၊ **ပမုစ္စတိ**- မုချမသွေ လွတ်မြောက်နိုင်ပါပေ၏။

လူသားတို့၏ ကိုးကွယ်ခြင်းအစကို လေ့လာကြည့်လျှင် ကြောက်စိတ် (Awe) ဖြစ်ပေါ်ရာမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။

ဘုရားရှင် ပွင့်တော်မမူမီ ရှေးနှစ်ပေါင်း ပဝေဏီက လူတို့သည် မြွေ, ကျား စသော သက်ရှိသတ္တဝါတို့ ဘေးအန္တရာယ်၊ ရေ, လေ, မီး စသော သဘာဝ ဘေးအန္တရာယ်ဘို့နှင့် တွေ့ကြုံရင်ဆိုင်ရသောအခါ ကြောက်စိတ် ဝင်မိကြသည်။ ယင်းဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည့်ပုဂ္ဂိုလ်ကို ရှာမှီး ကြသည်။

မြွေအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်ရသူသည် လင်းယုန်ငှက်က ၎င်း အသက်အန္တရာယ်ကို ကာကွယ်ပေးလိုက်သောအခါ ၎င်းငှက်ကို ကျေးဇူးတင် လှ၍ ရုပ်တုများ ထုလုပ်ပြီး ရှိခိုးကိုးကွယ်နေခဲ့သည်။ ထိုသူ၏ အဖြစ်အပျက် ကို အခြားသူများ သိကြသောအခါ ၎င်းတို့လည်း အတုလိုက်၍ လင်းယုန် ငှက်ရုပ်တုကို ထုလုပ်ပြီး ကိုးကွယ်လာကြပြန်သည်။ ထို့အတူ ကျားအန္တရာယ် နှင့် ရင်ဆိုင်ရသူသည်လည်း အသက်သခင် ကျေးဇူးရှင်ဖြစ်သည့် ကျွဲရုပ်ကို ထုလုပ်ကိုးကွယ်နေရာမှ အခြားသူများလည်း ထိုသူသို့ အတုလိုက်၍ ကျွဲရုပ် ကို ထုလုပ်ကိုးကွယ်လာကြပြန်သည်။

ထို့ပြင် အချို့က တော, တောင်, အာရာမ်, သစ်ပင်, ရေ, လေ, မီး, နက္ခတ်တာရာ, နတ်ကွန်း, နတ်စင်တို့တွင် မိမိတို့ ယုံကြည်ရာကို ကိုးကွယ်လာကြသည်။ ထိုမှတစ်ဖန် အချို့သူတို့က နတ်ကွန်းများကို နတ်ကွန်းအနေဖြင့် မကိုးကွယ်ကြတော့ဘဲ "စေတီ"ဟု သမုတ်ပြီး ကိုးကွယ်လာကြပါသည်။

ဤသို့ လူသားတို့၏ ကိုးကွယ်မှုအဆင့်အတန်း တစ်ဆင့်ထက်တစ်ဆင့် မြင့်တက် ရင့်ကျက်လာ၍ အိန္ဒိယနိုင်ငံ၌ ဟိန္ဒူဝါဒ၊ ဗြဟ္မဏဝါဒ အမြင့်ဆုံး ရောက်နေချိန်တွင် ကျွန်ုပ်တို့ ကိုးကွယ်ရာ မြတ်ဗုဒ္ဓသည် လောကသုံးပါး၌ ပွင့်ထွန်းပေါ်ပေါက်လာပါသည်။ အချိန်အားဖြင့် ဘီစီ(၅၈၈) ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် လူသားတို့ အစဉ်အလာအားဖြင့် ကိုးကွယ်လာကြသော တော, တောင်, အာရာမ်, သစ်ပင်, စေတီဆိုသော အရာများမှာ ဘေးကင်းသော၊ မြင့်မြတ်၍ အထက်တန်းကျသော ကိုးကွယ်ရာအစစ် မဟုတ်ကြောင်း၊ ထိုအရာများကို ကိုးကွယ်ခြင်းအားဖြင့် ဆင်းရဲဒုက္ခမှ မလွတ်မြောက်နိုင်ကြောင်း မိန့်တော်မူပြီးနောက် ကိုးကွယ်ရာအစစ်ဖြစ်သည့် ရတနာသုံးပါးကို မိန့်ကြား ညွှန်ပြတော်မူခဲ့ပါသည်။ ထိုစစ်မှန်သည့် ရတနာသုံးပါးမှာ ဘေးကင်းသော၊ မြင့်မြတ်၍ အထက်တန်းကျသော ကိုးကွယ်ရာဖြစ်ပြီး ယင်းရတနာသုံးပါးကို ကိုးကွယ်ခြင်းအားဖြင့် ဆင်းရဲဒုက္ခ အလုံးစုံမှလည်း လွတ်မြောက်နိုင်ကြောင်း မိန့်တော်မူခဲ့ပါသည်။

ယင်းစစ်မှန်သည့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရာ၌ သဒ္ဓါနှင့် ပညာ ဤတရားနှစ်ပါးနှင့် ပြည့်စုံဖို့ လိုပေသည်။ ပညာမဖက် သဒ္ဓါတရားသက်သက်ဖြင့် ကိုးကွယ်ပါမူ အသိဉာဏ်မယှဉ်ရကား ကလေးသူငယ်တို့၏ ကိုးကွယ်ခြင်းနှင့် အလားတူ၍ အတုအစစ် အမှားအမှန် မခွဲခြားနိုင်သဖြင့် အကျိုးမများလှပေ။ သဒ္ဓါ,ပညာ နှစ်ပါးစုံဖြင့် ကိုးကွယ်ပါမှ စစ်မှန်၍ အကျိုးများသော ကိုးကွယ်မှုမျိုး ဖြစ်နိုင်ပေသည်။

လောက၌ ရွှေအစစ် ပေါ်လာလျှင် ရွှေအတုလည်း ပေါ်လာသကဲ့သို့ မြတ်ဗုဒ္ဓ ပွင့်တော်မူလာသောအခါ ဘုရားတု ဘုရားယောင်များကလည်း ပြိုင်ဘက်အနေ ပေါ်ပေါက်လာခဲ့ပေသည်။ ယင်း ဘုရားတု ဘုရားယောင်များကို အသိဉာဏ်နည်းသူများက လှူဒါန်း ထောက်ပံ့ အားပေးခဲ့ကြပေသည်။ သို့

အတွက် ကိုးကွယ် ဆည်းကပ်မှုပြုရာ၌ သဒ္ဓါ,ပညာ နှစ်ပါးစုံ ပြည့်စုံဖို့ အထူး လိုအပ်လှပေသည်။ အသိဉာဏ်ဖြင့် ဝေဖန် စိစစ်၍ အတုအယောင်မှန်း သိသောအခါ ထိုကိုးကွယ်မှုကို စွန့်လွှတ်ပစ်ရပေမည်။

အသောကမင်းကြီးသည် နိဂြောဓ သာမဏေလေးထံမှ အစစ်အမှန် ရတနာသုံးပါးအကြောင်းကို သိရသောအခါ မိရိုးဖလာ ကိုးကွယ်လာသော တိတ္ထိများ ကိုးကွယ်မှုကို စွန့်ပယ်ပစ်လိုက်လေသည်။ အနော်ရထာမင်းကြီးသည်လည်း ရှင်အရဟံ၏ မိန့်ကြားချက်အရ အစစ်အမှန် ရတနာသုံးပါးအကြောင်း သိရသောအခါ အစဉ်အဆက် ကိုးကွယ်လာသော အရည်းကြီးရဟန်းများ ကိုးကွယ်မှုကို စွန့်ပယ်ပစ်လိုက်လေသည်။

ခေတ်ရေစီးကြောင်းအတိုင်း မျောပါလာသော ထိုအတုအယောင်များသည်ကား ကျွန်ုပ်တို့ခေတ်တွင်လည်း တစ်နေ့တခြား ပေါများသည်ထက် ပို၍ ပေါများလာပေသည်။ ထေရဝါဒကျင့်စဉ်နှင့် မညီညွတ်သည့်အကျင့်ကို ကျင့်သူများ၊ သာသနာပြု အမည်ခံများ စသည် စုံလင်လှပေသည်။ ယင်းပုဂ္ဂိုလ်များကို ဘာသာရေး အသိဉာဏ်နည်းသူများက တကယ့်အစစ်အမှန် ထင်မှတ်၍ ကိုးကွယ်ဆည်းကပ်လျက် လှူဒါန်း ထောက်ပံ့ အားပေးနေကြပေသည်။

ယင်းပုဂ္ဂိုလ်များကြောင့် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်မှု မမှားရလေအောင်၊ အသိအမြင် မလွဲမှားရလေအောင် ဗုဒ္ဓစာပေရှုထောင့်မှနေ၍ ထေရဝါဒနှင့် မညီသည့်ပုဂ္ဂိုလ်များ၊ ကျင့်စဉ်များဖြစ်ကြောင်း ဓမ္မရံသီမဂ္ဂဇင်း၊ ဓမ္မရတနာမဂ္ဂဇင်း၊ ဓမ္မဗျူဟာစာစောင်တို့မှ စိစစ် ရေးသား တင်ပြခဲ့ပါသည်။ ယင်းဆောင်းပါးများ စုစည်းမှု၏ အသီးအပွင့်အဖြစ် ဤစာအုပ် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

ကိုးကွယ်မှု မှန်ကန်ရေး၊ အသိအမြင် သန့်ရှင်းရေး ဦးတည်သည့် ဆောင်းပါးများကို မဂ္ဂဇင်းစာမျက်နှာပေါ်တင်လျက် စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သော–

(၁) ဆရာကြီး ဦးလေးမြိုင်နှင့် ဓမ္မရံသီဓမ္မမဂ္ဂဇင်း၊ ဓမ္မရတနာမဂ္ဂဇင်း အယ်ဒီတာအဖွဲ့၊

(၂) ဆရာမကြီး ဒေါ်သူဇာမြင့်နှင့် ဓမ္မဗျူဟာအယ်ဒီတာအဖွဲ့အားလည်းကောင်း၊

စာအုပ်အဖြစ်ရောက်အောင် ဆောင်ရွက်ပေးသော မြတ်ပန်းဝေမဂ္ဂဇင်း အယ်ဒီတာအဖွဲ့နှင့် ဦးအေးလွင်(ရွှေပဒေသာစာပေမိသားစု)အားလည်းကောင်း၊

ပရိယတ္တိစာပေများ သင်ကြားပေးကြသော မန္တလေးမြို့၊ ချမ်းသာကြီး တောင်တိုက်၊ ရတနာဗိမာန်စာချကျောင်း ဆရာတော် ဦးဇောတိကာဘိဝံသ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)၊ မိုးကောင်းတိုက် သိန်းသန်းရတနာတိုက်ကျောင်း ဆရာတော် ဦးပဏ္ဍိစ္စာဘိဝံသ၊ မန္တလေး-ရန်ကုန် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များမှ စာချဆရာတော်များနှင့် လူပညာရှိပုဂ္ဂိုလ်ကြီးများအား လည်းကောင်း၊

ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြသော ပုသိမ်ကြီးမြို့နယ်၊ ဗိုလ် တက်ကုန်းရွာမှ ဆရာတော် ဦးပညာကိတ္တိနှင့် ရွာသူရွာသားများ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များသို့ ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်း နေကြသည့် ဗုဒ္ဓဘာသာဝင် ဒကာ,ဒကာမများအားလည်းကောင်း...

အလေးအနက် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တက္ကသိုလ်သောတဇ္ဇနှ
(သာသနတက္ကသီလ မဟာဓမ္မာစရိယ)
၁၉၉၇-ခုနှစ်၊ ဇွန်လ

# ပုဂ္ဂိုလ်ထူးဆိုလျှင် ကြည်ညိုစရာလား

## (တက္ကသိုလ်သောတုဇေန) ဓမ္မရံသီ

လူတို့၏စိတ်သည် ထူးဆန်း အံ့သြဖွယ်ကောင်းသည့်အရာများ၌ စိတ်ဝင်စားတတ်ပြီး မစူးမစမ်းဘဲ ထူးဆန်းမှုနောက် လိုက်ပြီး ယုံကြည်တတ်သောအလေ့ရှိကြောင်း၊ နာမည်ကြီး အထင်ကရပုဂ္ဂိုလ်၊ သူများနှင့်မတူသောအကျင့်၊ သူများမကျင့်နိုင်သည့် ခက်ခဲ ပြင်းထန်သည့်အကျင့်ကျင့်သူဆိုလျှင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကြည်ညိုတတ်ကြောင်း ဘုရားရှင်လက်ထက်တော်ကလည်း ဘာသာခြား မိစ္ဆာဒိဋ္ဌိများဖြစ်သော "ပူရဏကဿပ"၊ "နိဂဏ္ဌနာဋပုတ္တ"၊ "ဓမ္မကတက္ကတွန်း"တို့အား ထူးခြားသောအကျင့်ကြောင့် လွဲမှားစွာ ကြည်ညိုခဲ့သူများ ရှိကြောင်း။ စာရေးသူ(သောတုဇေန)ကိုယ်တိုင်သည်လည်း နာမည်ကြီး လူစည်ကားသည့် ဘုရားတစ်ဆူပေါ်တွင် နေကို မော့ကြည့်၍ ပုတီးစိပ်နေသူ အမျိုးသမီးတစ်ဦးကို လူအများ ဝိုင်းအုံကြည့်ပြီး အလှူငွေများ လှူဒါန်းနေသည်ကို တွေ့ခဲ့ရကြောင်း။ လူအများစုသည် သဒ္ဓါအားကောင်း၍ ပညာတရားအားနည်းကြကာ ယုံကြည်လွယ် ကြည်ညိုလွယ်ကြကြောင်း။ အကြည်ညိုခံပုဂ္ဂိုလ်သည် အတုအယောင် လုပ်ကြံ ဖန်တီးထားသူဖြစ်ပါက ကဲ့ရဲ့ဖွယ်လည်းဖြစ်၊ ရှက်ဖွယ်လည်းဖြစ်ကာ ဆင်ခြင်တုံတရား နည်းပါးသူ လူနုံလူညံ့အဖြစ်သို့ ကျရောက်သွားကြောင်း။ ထို့ကြောင့် သတင်းကျော်ကြားတိုင်း မစူးစမ်း မဆင်ခြင်ဘဲ အရမ်း မကြည်ညိုဘဲ၊ စူးစမ်းဆင်ခြင်ပြီးမှ ကြည်ညိုသင့်သော ပုဂ္ဂိုလ်ဖြစ်မှ ကြည်ညိုကြပါရန် သတိပေးအပ်ပါကြောင်း... တင်ပြထားပါသည်။

သတိမူအပ်သော စာပိုဒ်တိုကလေးမှာ ဤသို့...။

# စားပေါက်စားလမ်း ထွင်နေသူများ

မသမာသူအချို့သည် နှောင်တမလွန်အရေးကို ထည့်မတွက်ကြဘဲ မျက်မှောက်ဘဝ ချမ်းသာရေးကိုသာကြည့်ပြီး လူအများ အထင်ကြီး ဖွယ်ဖြစ်သော အကျင့်ကို ကျင့်ပြလျက် မသမာသော နည်းလမ်းဖြင့် စားပေါက်စားလမ်း ထွင်နေသည်ကို တွေ့မြင်ကြားသိ နေရပေသည်။

(ပုဂ္ဂိုလ်ထူးအဖြစ် ကျော်ကြားနေသူသည် "အတုအယောင်"လော "အစစ်အမှန်"လောဟု ထေရဝါဒမှတ်ကျောက်ပေါ်တွင် တင်လျက် စိစစ် ဆုံးဖြတ်နိုင်သည်ဟု ကျွန်တော် ယူဆပါသည်၊ ယင်း ထေရဝါဒ မှတ်ကျောက်ကို မကိုင်တွယ်သော လူအများစုသည် ဆေးဘုန်းကြီး၊ အင်းဘုန်းကြီး၊ မန္တန် ဘုန်းကြီးများ၊ အဆောင်လက်ဖွဲ့ပေးသောဘုန်းကြီး၊ ထီဂဏန်း ချဲဂဏန်းပေးသော ဘုန်းကြီး၊ ဇေဒင်ဘုန်းကြီးများနှင့် ဘိုး တော်, ဘွားတော်များ၊ နတ်ကတော်များ၊ ဂိုဏ်းဆရာများကို "အစစ် အမှန်"ပမာ ကိုးကွယ်ရာဟု မိုက်မဲလွဲမှားစွာ သဘောထားကြကုန်၏၊ သာသနာပ အမူအကျင့်များဖြင့် တစ်ဘဝတာ အလို့ငှာသာ စီးပွားရှာ သော "အတုအယောင်"များအတွက် "မျက်ကန်း ယုံကြည်လွယ် သူများ"သည် "ရောမစားကျက်ကြီးများ ဖြစ်လျက်ရှိရာ" လူနုံ လူအ လူဖျင်း လူညံ့ အလိမ်ခံရသူများ မဖြစ်စေရန် သန့်ရှင်းစစ်မှန်သော ထေရဝါဒ ဗုဒ္ဓစာပေများကို တန်ဖိုးထား လေ့လာ ဖတ်ရှုကြရန်သာ ဖြစ်ပါ၏။)

**မင်းနန်(မော်ကျွန်း)**

ရပ်ရှင်အောင်လံမဂ္ဂဇင်း

၁၉၉၃-ခုနှစ်၊ မတ်လ

# ပုဂ္ဂိုလ်ထူးဆိုလျှင် ကြည်ညိုစရာလား

လူတို့၏စိတ်သည် လွန်စွာ ဆန်းကြယ်ဘိသည်၊ မမြင်ဖူးသေးသည်ကို မြင်ဖူးချင်သည်။ မသိသေးသည်ကို သိချင်သည်။ လျှို့ဝှက်ဖုံးကွယ်နေသောအရာကို မြင်အောင် သိအောင် စူးစမ်း လေ့လာ အားထုတ်တတ်သည်။ ထူးဆန်းအံ့သြဖွယ်ရာကောင်းသည့် အရာများ၌ စိတ်ဝင်စားတတ်သည်။ နာမည်ကြီးအထင်ကရပုဂ္ဂိုလ်ဆိုလျှင် ကြည်ညိုလွယ်ကြသည်။ ထိုသူတို့၏ စကားဆိုလျှင် တစ်သွေမတိမ်း လက်ခံယုံကြည်လေ့ရှိကြသည်။ သူများနှင့်မတူသော အကျင့်၊ သူများ မကျင့်နိုင်သည့် ခက်ခဲပြင်းထန်သည့်အကျင့် ကျင့်သူများဆိုလျှင် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ကြည်ညိုတတ်ကြသည်။

ယင်းသို့ မစူးစမ်းဘဲ ထူးဆန်းမှုနောက်လိုက်ပြီး ယုံကြည်တတ်သော အလေ့သည် ယခုခေတ်မှာသာ ရှိသည်မဟုတ်ပေ။ ရှေးနှစ်ပေါင်း များစွာကတည်းကပင် ရှိခဲ့ကြောင်း ကျမ်းဂန်များအရ သိရလေသည်။

## ပူရဏကဿပ

ပူရဏကဿပဆရာကြီးသည် ကျွန်ဘဝက ဖြစ်၏၊ သခင့်အိမ်၌ မနေလို၍ ထွက်ပြေးလာရာ တောအုပ်တစ်ခုအရောက်တွင် ဝတ်လာသည့် လုံချည်၊ အင်္ကျီများ သူခိုး အလုယက်ခံရ၏။ အဝတ်အစား မရှိသောအခါ၌လည်း သစ်ခက်သစ်ရွက်တို့ကို သိကုံးဝတ်ဆင်မထားဘဲ မိမွေးတိုင်းသောအသွင်ဖြင့် လှည့်လည်သွားလာနေရာ ရွာတစ်ရွာသို့ ရောက်သွားလေ၏။ ၎င်းကို ရွာသား

တို့က မြင်လေလျှင် "ဤပုဂ္ဂိုလ်သည် အများနှင့်မတူ၊ ပုဂ္ဂိုလ်ထူးတည်း၊ အလိုနည်းပါးသည့် ရဟန္တာပုဂ္ဂိုလ်ဖြစ်တန်ရာ၏၊ သို့အတွက် အဝတ်အစား တောင်မှ မဝတ်ဘဲနေခြင်း ဖြစ်တန်ရာ၏"ဟု အောက်မေ့ကြ၍ ကြည်ညိုသွားကြကာ လှူကြတန်းကြ ပူဇော်ကြသေးဟူ၏။

## ပဥ္စဝဂ္ဂီငါးဦး

ပဥ္စဝဂ္ဂီငါးဦးတို့သည် ဘုရားအလောင်းတော် အစားအစာ မစားဘဲ ဒုက္ကရစရိယာ ပြင်းထန်စွာ ကျင့်နေစဉ်က လွန်စွာကြည်ညိုကြ၍ ဝတ်ကြီးဝတ်ငယ်ပြုလျက် ပြုစုလုပ်ကျွေးနေကြသေး၏၊ အလောင်းတော် အစားအစာ ပြန်လည်စားသောက်လာသောအခါ၌ကား "သိဒ္ဓတ္ထသည် အစာမစားဘဲ ကျင့်နေတုန်းကတောင်မှ ဘုရားမဖြစ်ဘဲ ရှိနေသေးတာ၊ အစာစားပြီး ကျင့်လျှင်ကား ဘယ်နည်းနဲ့မှ ဘုရားမဖြစ်နိုင်တော့ဘူး"ဟု တိုင်ပင်ကြ၍ အလောင်းတော်ကို စွန့်ပစ်ခဲ့ကာ မိဂဒါဝုန်တောသို့ ထွက်ခွါသွားကြလေ၏။

## ကောသလမင်းကြီး

သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးသည် သဒ္ဓါတရား အားကောင်း၍ ပညာတရား အားနည်းသူ ဖြစ်၏။ တစ်ဖက်သားအပေါ် ယုံကြည်လွယ်၏။ ကြည်ညိုလွယ်၏။

၎င်းသည် တစ်နေ့တွင် ဘုရားရှင်ထံပါး၌ အဖူးအမြော် ရောက်ရှိနေ၏။ ထိုစဉ် မလှမ်းမကမ်းမှ ဖြတ်သွားသော နိဂဏ္ဌများ၊ ပရိဗိုဇ်များကို မြင်သဖြင့် ထတဲ့၍ လက်အုပ်ချီ ရှိခိုးလေ၏။ ထို့နောက် ဘုရားရှင်အား "လောကမှာရှိတဲ့ ရဟန္တာများ စာရင်းတွင် ထိုပုဂ္ဂိုလ်များလည်း ပါဝင်ကြပါတယ်ဘုရား"ဟု လျှောက်ထားလေ၏။

## ဇမ္ဗုက တက္ကတွန်း

ဘုရားရှင်လက်ထက်တော်က ဇမ္ဗုကဆိုသော အာဇီဝက တက္ကတွန်းတစ်ယောက်သည် ရှေးဘဝက ရဟန္တာတစ်ပါးအား ပြစ်မှားခဲ့သော ဝစီဝိပါက်ကြောင့် မြေ၌သာ အိပ်၏။ မစင်ကိုသာ စား၏။

၎င်းသည် ရာဇဂြိုဟ်မြို့အပြင်ဘက် လူအများ မစင်စွန့်ရာအရပ်ရှိ ကျောက်ဖျာကြီးတစ်ချပ်၌ နေလျက် ညအချိန်ရောက်လျှင် မစင်များကို သွား၍ စား၏၊ လူအများ လာရောက်ချိန်၌ကား လက်တစ်ဖက်က ကျောက်ဖျာစွန်းကို ထောက်၊ ခြေတစ်ဖက်ကို မြှောက်လျက် ပါးစပ်ဟကာ နေ၏။

ထိုအမူအရာကို လူအများမြင်၍ မေးမြန်းသောအခါ "ကျုပ်အကျင့်က ပြင်းထန်တယ်၊ ဒါကြောင့် ခြေနှစ်ဖက်စလုံး ချလိုက်ရင် ကျုပ်ဒဏ်ကို မြေကြီးက မခံနိုင်ဘူး၊ လျှောင် တုန်လှုပ်ရတယ်၊ ပြီးတော့ ပါးစပ်ဟနေတာကတော့ ကျုပ်က တခြားဘာကိုမှ စားတာ မဟုတ်ဘူး၊ လေကိုသာ စားနေတာ၊ ပြီးတော့ နေ့ရောညရော ဘယ်အချိန်မှ မအိပ်ဘူး၊ ထိုင်လည်း မထိုင်ဘူး၊ အမြဲ ရပ်နေတာပဲ"ဟု ပြောလိုက်လေ၏။

ထိုအခါ လူအများက "ဒီလောက်အကျင့်သီလ ပြင်းထန်တဲ့ပုဂ္ဂိုလ်ကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဖူးဘူး၊ ဒီပုဂ္ဂိုလ်ဟာ လွန်စွာ ထူးခြားတဲ့ ပုဂ္ဂိုလ်ပဲ"ဟု ပြောဆိုကြကာ ကြည်ညိုသဒ္ဓါစိတ်များ တဖွားဖွား ဖြစ်ပေါ်လာကြပြီး၊ စားစရာ သောက်စရာများ လာရောက်လှူဒါန်း ပူဇော်ကြလေ၏။ ပုဂ္ဂိုလ်ထူးအဖြစ် ကိုးကွယ်ဆည်းကပ်ကြလေ၏။

## နေမော့ကြည့်၍ ပုတီးစိပ်နေသူ

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းဆိုလျှင် ကြည်ညိုလေ့, ယုံကြည်လေ့ရှိသူများ သာဓကကို ကျမ်းဂန်များမှ ထုတ်နုတ်တင်ပြပြီးနောက် ကိုယ်တွေ့သာဓက တစ်ခုကို တင်ပြပါဦးမည်။

တစ်ရက်က စာရေးသူသည် နာမည်ကြီး လူစည်ကားသည့် ဘုရားတစ်ဆူပေါ်သို့ ညနေသုံးနာရီခန့်တွင် ရောက်သွား၏။ ထိုအချိန်တွင် ဘုရားရင်ပြင်တော် တစ်နေရာ၌ အမျိုးသမီးတစ်ယောက် ခြစ်ခြစ်တောက် ပူပြင်းလျက်ရှိသော နေကို မော့ကြည့်၍ ပုတီးစိပ်နေသည်ကို တွေ့ရ၏။ ထိုအမျိုးသမီးကို လူအများ ဝိုင်းအုံကြည့်နေပြီး အလှူငွေများ လှူဒါန်းနေသည်ကို တွေ့ရလေ၏။

ဖော်ပြပါ သာဓကများကို ကြည့်သောအားဖြင့် လူအများစုသည် လူအများနှင့်မတူသော အကျင့်, ခက်ခဲ ဆင်းရဲ ပြင်းထန်သော အကျင့်ကို ကျင့်

သူဆိုလျှင် လမ်းမှန်သောအကျင့် ဟုတ်,မဟုတ်၊ မှားသည်,မှန်သည်၊ ယုတ္တိရှိလောက်သည်, မရှိလောက်သည် စသည်ကို ဝေဖန် ဆင်ခြင်စဉ်းစား မနေဘဲ ယုံကြည်လေ့ ကြည်ညိုလေ့ရှိကြောင်း သိနိုင်လေသည်။ ထို့ကြောင့်ပင်လျှင် မသမာသူအချို့သည် နောင်တမလွန်အရေးကို ထည့်မတွက်ကြဘဲ မျက်မှောက်ဘဝ ချမ်းသာရေးကိုသာကြည့်ပြီး လူအများ အထင်ကြီးဖွယ်ဖြစ်သော အကျင့်ကို ကျင့်ပြလျက် မသမာသော နည်းလမ်းဖြင့် စားပေါက်စားလမ်းထွင်နေကြသည်ကို တွေ့မြင် ကြားသိနေရပေသည်။

ကျွန်ုပ်တို့ မြန်မာပြည်ရှိ လူအများစုသည် ကောသလမင်းကြီးကဲ့သို့ သဒ္ဓါတရား အားကောင်း၍ ပညာတရား အားနည်းကြ၏။ ယုံကြည်လွယ် ကြည်ညိုလွယ်ကြ၏။ မည်သည့် မြို့ရွာဒေသ၌ မည်သို့သော ပုဂ္ဂိုလ်ကြီး ရှိသတဲ့, ပေါ်နေသတဲ့ဆိုလျှင် သူ့ထက်ငါ ဦးအောင်သွားကြည့်ကြ၏။ တွေ့လျှင် မစူးစမ်း မဆင်ခြင်ဘဲ ကြည်ညိုကြ၏။ ပြီးတော့ အလှူငွေများ ရက်ရောစွာ ထည့်ဝင် လှူဒါန်းကြလေ၏။

ထိုသို့ ကြည်ညိုရာ၌ အကြည်ညိုခံပုဂ္ဂိုလ်သည် စစ်မှန်ပါက တော်သေး၏။ အပြစ်ဆိုဖွယ် မဟုတ်၊ အတုအယောင် လုပ်ကြံဖန်တီးထားသူ ဖြစ်ပါက ကဲ့ရဲ့ဖွယ်ရာလည်း ဖြစ်၏။ ရှက်ဖွယ်လည်း ကောင်းလှပေတော့၏။

ကြည်ညိုသူ ကိုးကွယ်သူများမှာလည်း ဆင်ခြင်တုံတရား နည်းပါးသူ လူနုံလူညံ့အဖြစ်သို့ ကျရောက်သွားရတော့၏။

ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်ကဖြင့် ဘယ်လို ထူးခြားသတဲ့။ သတင်းကျော်ကြားတိုင်း မစူးစမ်း မဆင်ခြင်ဘဲ အရမ်း မကြည်ညိုတဲ့မူ၍ စူးစမ်းဆင်ခြင်ပြီးမှ ကြည်ညိုသင့်သော ပုဂ္ဂိုလ်ဖြစ်မှ ကြည်ညိုကြဖို့ရန် သတိပေးအပ်ပါသတည်း။

**ဓမ္မရံသီမဂ္ဂဇင်း(၁၉၉၃-ခုနှစ်၊ ဇန်နဝါရီလ)**

❖

# တန်ခိုးပြသင့် မပြသင့်

## (တက္ကသိုလ်သောတုဇန၊ ဓမ္မရံသီ)

ဘာသာရေးစာပေ၌ ဖတ်ရှု မွေ့လျော်မှု မရှိ၊ စာပေပရိယတ္တိ ကျွမ်းကျင်တော်မူသော ဆရာတော်ကြီးများထံတွင် ဆည်းကပ် ဩဝါဒ ခံယူမှုမရှိ၊ တန်ခိုးဣဒ္ဓိပါဒ် အံ့ဖွယ်သရဲ၊ အထူးအဆန်း ဖြစ်သော အရာများကိုသာ ကိုးကွယ် ပူဇော်ရာဟူ၍ ထင်မှတ် မှားနေကြသူများ မဖြစ်မနေ ဖတ်မှတ် လေ့လာထိုက်သော ဆောင်းပါးကောင်းတစ်ပုဒ် ဖြစ်ပါသည်။

**မင်းနန်(မော်ကျွန်း)**
ရပ်ရှင်အောင်လံမဂ္ဂဇင်း
၁၉၉၄-ခုနှစ်၊ ဇန်နဝါရီလ

# တန်ခိုးပြသင့် မပြသင့်

## ရှင်ပိဏ္ဍောလတန်ခိုးပြခြင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။ ထိုစဉ်က ရာဇဂြိုဟ်သူဌေးတစ်ယောက်သည် အိမ်ရှေ့ဝိုင်းထဲတွင် အတောင်ခြောက်ဆယ်မျှမြင့်သော ဝါးတိုင်ထိပ်၌ စန္ဒကူးသားဖြင့် ပြုလုပ်ထားသော သပိတ်တစ်လုံးကို ချိတ်ဆွဲထားလျက် ဤသို့ ကြေညာထားလေ၏။

"ဤလောက၌ ဘုရား,ရဟန္တာအစစ်ဖြစ်သောသူ တကယ်ရှိခဲ့ပါမူကား ကောင်းကင်မှ ပျံလာ၍ ငါထားသော သပိတ်ကို ယူပြလှည့်ပါကုန်။ တကယ်ယူပြနိုင်ပါမူကား သားမယားနှင့်တကွ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်လုပ်ကျွေးသွားပါအံ့။"

ထိုကြေညာချက်ကို ကြားသိရလျှင် ထိုသူဌေး သံသယကင်းစိမ့်သောငှာ အရှင်မောဂ္ဂလာန်၏ မိန့်တော်မူချက်အရ အရှင်ပိဏ္ဍောလသည် တန်ခိုးဖြင့် ကျောက်ဖြာကြီးကို ရာဇဂြိုဟ်မြို့ပေါ် လှည့်လည်ဝဲပြပြီးနောက် ကောင်းကင်ခရီးဖြင့် ကြွလာ၍ စန္ဒကူးသပိတ်ကို ယူပြလေ၏။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူသောအခါ ထိုပိဏ္ဍောလမထေရ်ကို ကဲ့ရဲ့ ရှုတ်ချပြီးနောက် သပိတ်ကို အစိပ်စိပ် အမွှာမွှာ ခွဲစေပြီး ရဟန်းတော်များ နောက်နောင် တန်ခိုးမပြကြရဟု တားမြစ်တော်မူလေ၏။

## အရှင်မောဂ္ဂလာန် တန်ခိုးပြလိုရာ၌

မြတ်စွာဘုရား ဝေရဉ္စာပြည်၌ ဝါကပ်တော်မူစဉ်က ဖြစ်၏။ ထိုစဉ်ကလည်း ထိုပြည်၌ ဒုဗ္ဘိက္ခန္တရကပ်ကြီး ကျရောက်နေ၍ ရဟန်းတော်များ ဆွမ်းအတွက် အတော် ဒုက္ခရောက်နေကြရှာ၏။ ထိုအခြေအနေကို အရှင်မောဂ္ဂလာန်မြင်လျှင် သနားတော်မူလှသဖြင့် ဘုရားရှင်အား "ဤမဟာပထဝီမြေကြီးကို တန်ခိုးတော်ဖြင့် အထက်အောက် ပြောင်းပြန်လှန်ပြီး ဤမဟာပထဝီမြေကြီးအောက်အလွှာ၌ တည်ရှိသော မြေဆီမြေလွှာ မြေသြဇာတို့ကို ယူ၍ ကျွေးလိုပါကြောင်း"တောင်းပန် လျှောက်ထား၏။ ဘုရားရှင်လည်း နောင်အနာဂတ်အရေးကို ရှုမြင်တော်မူ၍ ထိုကဲ့သို့ မပြုလုပ်ရန် တားမြစ်တော်မူလေ၏။

## တန်ခိုးပြစေလိုသူ

မြတ်စွာဘုရား နာဠန္ဒမြို့၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။ ထိုစဉ်ကလည်း ကေဝဋ္ဋသူကြွယ်က ဘုရားရှင်အား ဤသို့ လျှောက်ထား၏။

"မြတ်စွာဘုရား... ဤနာဠန္ဒမြို့ဟာ လူမျိုးစုံတို့ဖြင့် လွန်စွာ စည်ကားလှပါ၏။ စီးပွားရေး အဆင်ပြေကြ၍ ပြည့်စုံကြွယ်ဝချမ်းသာကြပါ၏။ မြတ်စွာဘုရားကိုလည်း လွန်စွာ ကြည်ညိုကြပါ၏။ အကယ်၍ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသည့် ရဟန်းတော်တစ်ပါးပါးကို တန်ခိုးပြခိုင်းခဲ့မည်ဆိုလျှင် မြတ်စွာဘုရားအပေါ် ယခုထက်ပို၍ ကြည်ညိုလာကြမှာ ဖြစ်ပါတယ်ဘုရား"

ထိုအခါ မြတ်စွာဘုရားက "ကေဝဋ္ဋ... ရဟန်းတော်များအား၊ 'ချစ်သားတို့... သင်တို့သည် လူဝတ်ကြောင်တို့အား တန်ခိုးပြကြကုန်လော့'ဟု ငါဘုရား ဟောတော်မမူ"ဟု မိန့်တော်မူ၏။ ကေဝဋ္ဋလည်း သုံးကြိမ်တိုင်တိုင် ထပ်လျှောက်၏။ ဘုရားရှင်လည်း သုံးကြိမ်တိုင်တိုင်ပင် တားမြစ်ကန့်ကွက်တော်မူ၏။

## တန်ခိုးမပြစေခြင်း အကြောင်းရင်း

ဤသို့ "ရဟန်းတော်များ တန်ခိုးမပြကြရ"ဟု အဘယ့်ကြောင့် ဘုရားရှင် တားမြစ်တော်မူခဲ့ရပါသနည်း။

မျက်မှောက်ခေတ် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ကိုးကွယ်မှုပိုင်းဆိုင်ရာကို လေ့လာကြည့်မည်ဆိုလျှင် လူအများစုမှာ ရာဇဂြိုဟ်သူဌေးကဲ့သို့ တန်ခိုးပြနိုင်သော ပုဂ္ဂိုလ်မှ ရွေးချယ်၍ ကြည်ညိုချင်ကြ၏။ အံ့ဖွယ်သရဲ အထူးအဆန်း ပြုလုပ်ပြနိုင်သောပုဂ္ဂိုလ်၊ နာမည်ကြီးသောပုဂ္ဂိုလ်မှ ကြည်ညိုချင်ကြ၏။ ထိုပုဂ္ဂိုလ်မျိုးရှိရာ အရပ်ဆိုလျှင် ဝေးလံသီခေါင်သော အရပ်များသို့ပင် ခက်ခက်ခဲခဲ သွားရောက်ကြ၍ ကိုးကွယ်ပူဇော်လေ့ ရှိသည်ကို တွေ့ရ၏။

ထိုလူအများ၏ စိတ်တွင် တန်ခိုး၊ အံ့ဖွယ်သရဲ၊ အထူးအဆန်းဖြစ်သော အရာများသည်ပင်လျှင် ကိုးကွယ်ပူဇော်ရာဟူ၍ အောက်မေ့မှတ်ထင်နေကြဟန်တူ၏။ ထိုအရာများ လုပ်မပြနိုင်သော လုပ်မပြကြသော ပုဂ္ဂိုလ်များကိုမူ ကိုးကွယ်ကောင်းသည်၊ ပူဇော်ကောင်းသည်ဟူ၍ စိတ်ထဲတွင် မှတ်ထင်ကြဟန် မတူပေ၊ ဤသို့ တန်ခိုးပြနိုင်သော ပုဂ္ဂိုလ်များကိုသာ ကိုးကွယ်ပူဇော်ရာဟူ၍ မှတ်ထင်ကြပြီး ကိုးကွယ်ပူဇော်နေကြပါလျှင် တန်ခိုးမပြနိုင်ရှာကြသော ပုဂ္ဂိုလ်များအတွက် ခက်ပေလိမ့်မည်။

စင်စစ် မြတ်စွာဘုရားသာသနာတော်ကြီး အဓွန့်ရှည် တည်တံ့ ပြန့်ပွားရေး၌ တန်ခိုးစသော အရာများသည် အဓိကမဟုတ်ပေ။ ထိုအရာများကို ပုဂ္ဂိုလ်တိုင်း မရနိုင်ပေ။ ထိုအရာများ ရရှိပိုင်ဆိုင်သော ပုဂ္ဂိုလ်များသည် သာသနာ အဓွန့်ရှည် တည်တံ့ပြန့်ပွားအောင် စွမ်းဆောင်နိုင်ကြသည် မဟုတ်ပေ။ လူသူ ကင်းဆိတ်ရာ ကျောင်းသခ်မ်း၌ မိမိတတ်စွမ်းသလောက် သီလစသော သိက္ခာသုံးပါးကို ကျင့်ကြံပွားများအားထုတ်နေသည့် ပုဂ္ဂိုလ်များ၊ ပရိယတ္တိစာပေကို သင်ယူပို့ချနေကြသည့် ပုဂ္ဂိုလ်များသည်လည်း စွမ်းဆောင်နိုင်ကြသည်သာ ဖြစ်၏။

အကယ်၍ ရာဇဂြိုဟ်သူဌေးကဲ့သို့ တန်ခိုးပြနိုင်သော ပုဂ္ဂိုလ်ကိုမှ ကိုးကွယ်ပူဇော်တော့မည်ဆိုလျှင် တန်ခိုးမပြနိုင်သော ပုဂ္ဂိုလ်များမှာ ကိုးကွယ်ပူဇော်မည့်သူ မရှိတော့၍ ဝမ်းရေးအတွက် အခက်တွေ့နိုင်သည်။ သာသနာတော်မှာ ရပ်တည်နေနိုင်ရေး စိတ်မအေးဖွယ်ရာ ကြုံရနိုင်သည်။ သို့ဆိုလျှင် မြတ်စွာဘုရား သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့နိုင်ရေးအတွက် အဟန့်အတားဖြစ်နိုင်တော့သည်။ ဤအချက်ကို မြင်တော်မူ၍ "ရဟန်းတော်များ

တန်ခိုး မပြကြရ”ဟု တားမြစ်တော်မူခဲ့ခြင်း ဖြစ်လေသည်။

အရှင်မောဂ္ဂလာန်၏ မဟာပထဝီမြေကြီးကို အထက်အောက် ပြောင်းပြန်လှန်လိုပါကြောင်း လျှောက်ထားတောင်းပန်ချက်ကို တားမြစ်တော်မူခဲ့ရခြင်းမှာလည်း ဒုဗ္ဘိက္ခန္တရကပ်ဘေးဟူသည် ယခုအချိန်၌သာ ဖြစ်ပေါ်သည်မဟုတ်၊ နောင်အနာဂတ်ကာလများတွင်လည်း ဖြစ်ပေါ်နိုင်ပေသည်။ ထိုအချိန်အခါမျိုး၌ အရှင်မောဂ္ဂလာန်လို ရဟန်းတော်မျိုး မရှိနိုင်ပေ။ ဈာန်အဘိညာဉ်မရဘဲ ရဟန္တာသက်သက်ဖြစ်သော သုက္ခဝိပဿကရဟန္တာမျိုးလောက်သာ ရှိနိုင်ပေတော့မည်။ ထိုအခါ “ဘုရားရှင်လက်ထက်တော်က အခုလို ဒုဗ္ဘိက္ခန္တရဘေးကြီးကျရောက်စဉ်က သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတဲ့ရဟန္တာတွေရှိလို့ မဟာပထဝီမြေကြီးကို အထက်အောက် ပြောင်းပြန်လှန်ပြီး မြေဆီလွှာ မြေဩဇာတို့ကို ယူကျွေးနိုင်ခဲ့တယ်။ ခုခေတ်မှာတော့ ဒီလိုအကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ အရိယာပုဂ္ဂိုလ်တွေ မရှိတော့လို့ ယူမကျွေးနိုင်တော့ဘူး”စသည်ဖြင့် သုက္ခဝိပဿကရဟန္တာပုဂ္ဂိုလ်များကို ပြောဆိုပြစ်မှားမိနိုင်ပေသည်။ ထိုအခါ ၎င်းတို့အဖို့ မကောင်းကျိုးများစွာ ခံစားရပေတော့မည်။ သို့အတွက် “ရဟန်းတော်များ တန်ခိုးမပြကြရ”ဟု တားမြစ်တော်မူခဲ့ခြင်း ဖြစ်လေသည်။

ကေဝဋ္ဋ၏ “တန်ခိုးပြဖို့ စေခိုင်းတော်မူပါ”ဟူသော လျှောက်ထားတောင်းပန်ချက်ကို တားမြစ်တော်မူရခြင်းမှာလည်း တစ်ယောက်တည်းကိုအများ၊ အများကို တစ်ယောက်တည်း၊ ရေပေါ်သွားပြခြင်း၊ မြေလျှိုးပြခြင်း၊ ကောင်းကင်ပျံပြခြင်း စသည်ဖြင့် တန်ခိုးအမျိုးမျိုး ဖန်ဆင်းပြသော ရဟန်းတော်အား သာသနာတော်ကို ကြည်ညိုသော ပုဂ္ဂိုလ်တစ်ဦးဦးကမြင်၍ ဝမ်းသာအားရဖြစ်ပြီး သာသနာတော်ကို မကြည်ညိုသော အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ပြောပြသောအခါ “အလကားပါ၊ ဒီရဟန်းတွေ ဂန္ဓာရီအတတ်နဲ့ လူတွေကို လှည့်စားနေကြတာပါ”စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချ ပြောဆိုနိုင်ပေသည်။

**ဂန္ဓာရီအတတ်**ဟူသည် ဂန္ဓာရရသေ့က တီထွင်ခဲ့သော အတတ်ဖြစ်၏။ လွန်စွာ အစွမ်းထက်သော အတတ်တစ်မျိုးဖြစ်၏။ သက်ဆိုင်ရာ မန္တန်ကို မန်းမှုတ်ရွတ်ဖတ်လျှင် လိုရာကို ဖန်ဆင်းပြနိုင်၏။ ကိုယ်ပွားများ ဖန်ဆင်းပြနိုင်၏။ ဤသို့ စသည်ဖြင့်လူအများကို လှည့်စားသော မျက်လှည့်အတတ်နှင့်

တူသောအတတ်ဟု ဆို၏။ သို့ဆိုလျှင် ယင်းဂန္ဓာရီအတတ်မှာ ရဟန်းတော်များ၏ တန်ခိုးပြမှုနှင့် တူနေရကား တန်ခိုးပြသော ရဟန်းတော်ကို "ဂန္ဓာရီအတတ်နှင့် လှည့်စားတော့တာပါ"ဟု "မျက်လှည့်သမားတွေပါ"ဟု ပြောဆိုရာ ရောက်၏။ ထိုအခါ ရဟန်းတော်များ၏ သက်စွန့်ကြိုးပမ်း အားထုတ်မှု ရရှိလာသော တန်ခိုးမှာ တန်ဖိုးမရှိတော့သည့်အပြင် သာသနာ့ဂုဏ်အရှိန်အဝါလည်း ကျဆင်းသွားရပေတော့သည်။

တစ်ဖန် ရဟန်းတော်တစ်ပါးပါးသည် သာသနာတော်ကို ကြည်ညိုသော ပုဂ္ဂိုလ်တစ်ဦးဦးအား "ဒကာကြီးစိတ် အိမ်ပြန်ရောက်နေပါလား၊ ဒကာကြီးသန္တာန်မှာ ကုသိုလ်စိတ်တွေ ဖြစ်နေပါလား၊ ဒကာကြီးစိတ် သူများသားမယားပြစ်မှားဖို့ ကြံစည်နေတာပါလား"စသည်ဖြင့် စိတ်ဖြစ်ပုံကို အတပ်ဟော၏။

ထိုအခါ အဟောခံရသော ပုဂ္ဂိုလ်သည် လွန်စွာ အံ့ဩဘနန်းဖြစ်၍ ဝမ်းသာပီတိဖြစ်ကာ သာသနာတော်ကို မကြည်ညိုသော ပုဂ္ဂိုလ်တစ်ဦးဦးအား ထိုအကြောင်းကို ပြောပြလေရာ ထိုအပြောခံရသူက "အလကားပါ၊ ခင်ဗျားရဟန်းတွေ စိန္တာမဏိအတတ်နဲ့ အတပ်ဟောတာပါ"စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချပြောဆိုနိုင်ပေသည်။

စင်စစ် ရဟန်းတော်များ၏ သူတစ်ပါးစိတ်ကို သိနိုင်သောဉာဏ်အထူးမှာ "ပရစိတ္တဝိဇာနနအဘိညာဉ်"ဖြစ်၏။ ယင်းအဘိညာဉ်ကို အလွယ်တကူ ရရှိသည် မဟုတ်။ ပါရမီကောင်းမှုများကိုလည်း ဖြည့်ကျင့် ဆည်းပူးရ၏။ ကမ္မဋ္ဌာန်းအလုပ်ကိုလည်း အားထုတ်ရ၏။ သို့မှ ရရှိနိုင်၏။ ယခုသော်ကား ယင်းအဘိညာဉ်ကို လောကီဂုဏ်းဆရာတို့၏ "စိန္တာမဏိ"အတတ်နှင့် နှိုင်းခိုင်းပြောဆိုလိုက်သဖြင့် ဆိုခဲ့ပါ အဘိညာဉ်ထူး၏ တန်ဖိုးမှာ များစွာယုတ်လျော့ကျဆင်းသွားရလေသည်။ ရဟန်းတော်များကိုလည်း ဂိုဏ်းဆရာတွေ, ဝိဇ္ဇာဓိုရ်တွေဟု ပြောဆိုရာ ရောက်ပေသည်။

တင်ပြခဲ့သည့်အတိုင်း တန်ခိုးပြမှုမှာ ဘုရားရှင်၏ သာသနာတော်ကြီးအစွန့်ရှည် တည်တံ့ပြန့်ပွားရေး၌ အကျိုးရှိဖို့ထက် ဆုတ်ယုတ်ဖို့ကသာ များလေသည်။ သို့အတွက် ရဟန်းတော်များ တန်ခိုးမပြကြရဟု တားမြစ်တော်မူခဲ့ရခြင်း ဖြစ်ပါသတည်း။

ဓမ္မရံသီမဂ္ဂဇင်း(၁၉၉၃-ခုနှစ်၊ နိုဝင်ဘာလ)

# ယုံသင့်မှယုံ

## ပါသွားပြီ

လွန်ခဲ့သည့်၁၀–နှစ်ခန့်က ဖြစ်၏။ မန္တလေးမြို့နှင့် မနီးမဝေး ရွာတစ်ရွာသို့ ရောက်သွား၏။ ထိုရွာမှ ဒကာကြီးတစ်ဦးက သူတို့ရွာ၌ ဖြစ်ပေါ်ခဲ့သော သတင်းတစ်ပုဒ်ကို ပြောပြပါ၏။

သူတို့ရွာ တောကျောင်းတစ်ကျောင်း၌ တောထွက်ဘုန်းကြီးတစ်ပါး ကျောင်းထိုင်လျက်ရှိ၏။ သက်တော် ၆၀–ခန့်ရှိပြီ။ တစ်နေ့တွင် ထိုဘုန်းကြီးသည် ခရီးသွားရာမှအပြန်တွင် ညှော်သည်ဘုန်းကြီးတစ်ပါးလည်း ပါလာ၏။ ကားပေါ်မှာတွေ့ပြီး လိုက်ခဲ့လိုကြောင်း ပြောသဖြင့် ခေါ်ခဲ့ရခြင်း ဖြစ်ကြောင်း ပြောပြ၏။

ညှော်သည်ဘုန်းကြီးသည် ဥပဓိကောင်း၏။ အဟောအပြောကောင်း၏။ ဓမ္မာစရိယကိုးကျမ်းကို တစ်နှစ်တည်း အောင်မြင်သဖြင့် “သိရောမဏိ”ဘွဲ့ ရထားသည်ဆို၏။

ကျောင်းထိုင်ဘုန်းကြီး၏ အစ်ကိုဖြစ်သူသည် ခါတိုင်းနေ့များတွင် ကျောင်းသို့ ဆွမ်းပို့မလာဟု ဆို၏။ ညှော်သည်ဘုန်းကြီးရောက်လာသည့်နေ့မှ စ၍ နေ့စဉ် ဝတ်မပျက် ဆွမ်းလာပို့လေ၏။ အခြား ဒါယကာ, ဒါယိကာမများကလည်း စားစရာ သောက်စရာများကို အလျှံပယ် လာပို့ကြသည်ဆို၏။

ညွှဲ့သည်ဘုန်းကြီးရောက်လာသည့်အချိန်သည် ဝါတွင်းကာလဖြစ်၏။ ဗဟုသုတ အတော်အတန်ရှိသော ဒါယကာကြီးတစ်ဦးက "ဘုန်းတော်ကြီးများကို ဝါတွင်းမှာ ခရီးသွားကောင်းပါသလား"ဟု မေးလျှောက်သောအခါ ထိုညွှဲ့သည်ဘုန်းကြီးက "ဝါပြုတ်စားရတာမှတ်လို့"ဟု ပြန်ပြောသည်ဆို၏။ ရွာထဲမှ ယောဂီအချို့ တရားအားထုတ်ခါနီးတွင် သံပြိုင်တရားတောင်းသည်ကို "အငြိမ့်သမများ ယိမ်းတိုက်နေပြီ"ဟု ပြက်ရယ်ပြု၏။

ထိုညွှဲ့သည်ဘုန်းကြီး၏ ဥပမိကောင်းမှု၊ အဟောအပြောကောင်းမှုတို့ကြောင့် ရွာထဲမှ ဒါယကာ, ဒါယိကာမအချို့သည် ထိုညွှဲ့သည်ဘုန်းကြီးနှင့် ရင်းနှီးစပြုလာ၏။ ကိုးကွယ်ဆည်းကပ်လာကြ၏။ စားစရာ သောက်စရာများ မပြတ်လှူဒါန်းနေကြလေ၏။ ထိုညွှဲ့သည်ဘုန်းကြီးလည်း ဒါယကာ ဒါယိကာမများ မိမိဘက်ပါနိုင်သည့် အခြေအနေကို သိရသောအခါ အောက်ပါအတိုင်း ပြောပြ၏။

"ဒါယကာကြီး၊ ဒါယိကာမကြီးတို့ မော်လမြိုင်မှာဆိုရင် ကက်ဆက်တွေ, ရေဒီယိုတွေ သိပ်ပေါတယ်၊ ခေါက်ထီးတွေလည်း သိပ်ဈေးချိုတာပဲ၊ အဲဒါ ဘုန်းကြီး ကနေ့ပြန်ရင် အဲဒီသွားမလို့ မှာလိုက်ကြပါလား၊ ဒါယကာတစ်ဦးလည်း ထည့်လိုက်ပေါ့။"

ထိုသို့ပြောသဖြင့် ရွာထဲမှ ဒါယကာ, ဒါယိကာမအချို့သည် ကက်ဆက်များ, ရေဒီယိုများ, ခေါက်ထီးများ မှာလိုက်ကြလေ၏။ ပစ္စည်းများထည့်ရန် ပလတ်စတစ် မြေသြဇာအိတ်များ ထည့်ပေးလိုက်ကြလေ၏။ ဒါယကာတစ်ဦးကိုလည်း ကပ္ပိယအဖြစ် ထည့်လိုက်လေ၏။ သို့သော် လမ်းရောက်မှ ညွှဲ့သည်ဘုန်းကြီးက "လေယာဉ်လက်မှတ်က တစ်စောင်တည်းရလို့ ဒါယကာကြီး နေရစ်ခဲ့ပါ၊ နောက်တစ်ပတ်လောက်ကြာမှ ကားလမ်း လာကြိုလှည့်ပါ" ဟု ဆို၍ ဒါယကာကြီးကို ပြန်လွှတ်လိုက်၏။

သို့သော် ထိုညွှဲ့သည်ဘုန်းကြီးမှာ တစ်ပတ်ကြာလည်း ပေါ်မလာ၊ တစ်လကြာလည်း ပေါ်မလာတော့ပေ။ ငွေတစ်သောင်းကျော်ကို မ,၍ လိုရာအရပ်သို့ ကြွမြန်းလေပြီ။

# သူကတစ်နည်း

လွန်ခဲ့သည့် ၁၃၅၄-ခုနှစ်၊ တန်ဆောင်မုန်းလထဲက အောက်ပိုင်းရွာတစ်ရွာတို့ ရောက်သွား၏။ ထိုရွာမှ ဒါယကာကြီးတစ်ဦးကလည်း မကြာမီက ဖြစ်ပေါ်ခဲ့သော သူတို့ရွာမှ သတင်းထူးတစ်ပုဒ်ကို ပြောပြပါ၏။

သူတို့ ရွာကျောင်းဆရာတော်ထံသို့ မြန်မာပြည်ဖွား ဂျူးရဟန်းတော်တစ်ပါး ရောက်လာ၏။ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ သိလိုရာရာများကို မေးမြန်းလို၍ ဖြစ်သည်ဆို၏။ သူတို့ဆရာတော်ကလည်း စာပေဗဟုသုတ လွန်စွာ ကြွယ်ဝသည်ဆို၏။ ထိုအရှင်နှစ်ပါးတို့ မေးဖြေကြသည်မှာ တိပ်ခွေ ၁၃-ခွေမျှ ရှိသည်ဆို၏။ ဂျူးရဟန်းတော်လည်း ထိုဆရာတော်၏ ဖြေကြားချက်များကို လွန်စွာ အားရ ကျေနပ်သဖြင့် ထိုဆရာတော်ကို နိုင်ငံခြားသို့ ပင့်လိုပါကြောင်း လျှောက်ထား၏။ ဆရာတော်ကလည်း လက်ခံလိုက်၏။

ဤသို့ လျှောက်ထားပြီးနောက် ဗီဇာလုပ်ရန် ဆရာတော်ထံမှ ငွေကျပ်ငါးထောင် တောင်း၏။ အခြားနိုင်ငံခြား လိုက်ချင်သည့်သူများထံမှလည်း ထိုနည်းတူ ငွေများတောင်း၏။ ထိုရွာမှာ တစ်ဝါတွင်းနေ၍ ဗီဇာရရန် လှုပ်ရှား၏။ ထိုရွာမှာ နေခိုက်, ထိုရွာမှ ဒါယကာကြီးတစ်ဦးက ကံထပ်ပေး၏။ ရွာတွင်းရှိ လူငယ်အချို့အားလည်း အင်္ဂလိပ်စာ သင်ပေး၏။ ဗီဇာလုပ်ရန် ရန်ကုန်သွားတိုင်း လူငယ်နှစ်ဦးကို ခေါ်သွား၍ ဆိုင်တစ်ဆိုင်မှာ ထားခဲ့ပြီး သူကမူ သွားချင်ရာသို့ သွား၏။

ဝါတွင်းတစ်တွင်း လှုပ်ရှားလာခဲ့ရာ ဝါကျွတ်ခါနီးသော် သူ၏ ဇာတိ ရုပ်ပေါ်လာ၏။ အရက်လည်း မူး၏။ ရွာထဲမှ လူအချို့ဆီက ငွေများလည်း ချေး၏။ ဗီဇာအတွက် ရန်ကုန်သွားတိုင်း လိုက်သွားရသည့် လူငယ်များက သူ၏ လှုပ်ရှားဟန်များကို ပြောပြကြ၏။ သိတင်းကျွတ်သောအခါ ဒကာ ငှင်းကို ဆက်လက်မထားနိုင်တော့သဖြင့် ကျောင်းမှ နှင်ထုတ်လိုက်ရလေ၏။ ဘယ်နိုင်ငံခြားမှလည်း မသွားရတော့ပေ။ ဗီဇာအတွက် ပေးထားသော ငွေများ၊ ချေးထားသောငွေများကိုလည်း "နိဗ္ဗာနပစ္စယော ဟောတု"လုပ်လိုက်ရလေတော့သည်။

❀

## တစ်ပုံလေ တစ်နှမ်းလေ

လွန်ခဲ့သည့် ၁၃၅၄-ခုနှစ်၊ တပေါင်းလဆန်းပိုင်းက စာရေးသူတို့ ရွာ၏အထက်နားရှိ ရွာတစ်ရွာသို့ ရောက်သွား၏။ ထိုရွာမှ ဒါယိကာမကြီး တစ်ဦးက ၎င်းတို့ရွာ၌ ဖြစ်ပျက်ခဲ့သည့် ပူပူနွေးနွေးသတင်းတစ်ပုဒ်ကို ပြောပြ ပါ၏။

မကြာခင်က သူတို့ရွာကျောင်းသို့ ဘုန်းကြီးတစ်ပါး ကြွလာ၏။ ထို ဘုန်းကြီးက ကျောင်းဝိုင်းထဲ၌ သိန်းသုံးဆယ်တန် တိုက်ကျောင်းတစ်ကျောင်း ဆောက်ပေးမည်ဟု လေသံပစ်ပြီးနောက် အုတ်များ၊ သဲများ၊ ထုံးများ ချထား သည်ဆို၏။

ထိုဘုန်းကြီးသည် ဗေဒင်လည်း ဟောတတ်၏။ ၎င်းတွက်ချက်ပေး သဖြင့် မြေပွဲစားတစ်ဦး နှစ်ခါ မှန်ကန်ဖူးသည် ဆို၏။ သို့နှင့် မြေပွဲစားက ကြည်ညိုကာ ထိုဘုန်းကြီး သွားလိုရာအရပ်သို့ အက်(စ်)အီးကားဖြင့် လိုက် ပို့လေ့ရှိသည်ဆို၏။

ထို အာဂန္တုဘုန်းကြီး ဗေဒင်ဟောတတ်မှန်း သိကြသောအခါ ရွာထဲမှ အမျိုးသမီးအချို့ ရောက်လာကြ၏။ အိမ်ထောင်ရေး, ကျန်းမာရေး, စီးပွား ရေးအတွက် ဗေဒင်မေးရန် ဖြစ်၏။ ထိုအာဂန္တုဘုန်းကြီးက စာရေးသူနှင့်အသိ ဒါယိကာမကြီးအပါအဝင် အမျိုးသမီးခုနစ်ဦးတို့အား နက်ဖြန်နံနက် ခုနစ်နာရီ မှာ ဆွမ်းခုနစ်အုပ်နှင့် လာကြပါဟု မှာလိုက်၏။ အမျိုးသမီးများကလည်း မှာသည့်အတိုင်း သွားကြ၏။ ထိုအမျိုးသမီးများအား နောက်သုံးရက်ကြာ သောအခါ ဘာဖြစ်လိမ့်မည်ဟု ဟောလိုက်၏။ သို့သော် ဟောသည့်အတိုင်း ဖြစ်မလာပေ။ ထိုအခါ ထိုအမျိုးသမီးခုနစ်ဦးအနက် သုံးဦးက "ကိုယ်တော် ဟောတာ ဘာမှ မမှန်ဘူး၊ အလကားလိမ်တာ" စသည်ဖြင့် ပရိသတ်အလယ် မှာ စွပ်စွဲ၏။ ထိုအာဂန္တုဘုန်းကြီးက ထိုအမျိုးသမီးသုံးဦးကို ဘယ်လိုဖန်တီး လိုက်မှန်းမသိ၊ မကြာမီ ၎င်းတို့ ယောကျ်ားများနှင့် ခိုက်ရန်ဖြစ်ကြလေ တော့သည်။

အပျိုစင် အမျိုးသမီးငယ်လေးတစ်ဦးကိုမူ ညနာရီပြန် နှစ်ချက်မှာ အခါရသည် ဆိုလိုက်၏။ အချိန်နီးလျှင် အက်(စ်)အီးကားဖြင့် အိမ်သွားခေါ်

၏။ အမျိုးသမီးငယ်လည်း မိခင်အဖော်ခေါ်၍ လိုက်သွား၏။ ကျောင်းရောက်လျှင် မိခင်ကြီးကို အပြင်ဘက်မှာထားခဲ့၍ သမီးဖြစ်သူကိုမူကား အခန်းတွင်း ခေါ်သွားသည် ဆို၏။

သိန်းသုံးဆယ်တန် တိုက်ကြီးဆောက်ပေးမည်ဟု လေသံပစ်ပြီးနောက် ရပ်ရွာလူထု ကို လိမ်ညာလာခဲ့သော ထိုအာဂန္တုဘုန်းကြီးသည်ကား မကြာမီမှာပင် ၎င်း၏ငွေချေးမှုကိစ္စ၊ အမျိုးသမီးငယ်ကိစ္စ၊ တရုတ်တစ်ယောက်၏ ပစ္စည်းတစ်ခုကိစ္စများ ဗူးပေါ်သလို ပေါ်လာသဖြင့် ထိုရပ်ရွာမှ ထွက်ပြေးသွားရလေသည်။

ကျေးလက်လူထုသည် များသောအားဖြင့် အသိဉာဏ်ဗဟုသုတ နည်းပါးရာကြ၏။ ရဟန်းသံဃာဆိုလျှင် မည်သည့် ရဟန်းသံဃာမဆို ကြည်ညိုလေ့ရှိကြ၏။ ယုံကြည်လေ့ရှိကြ၏။ ထိုအချက်ကို အခွင့်ကောင်းယူကာ အချို့ပုဂ္ဂိုလ်များသည် သိက္ခာမတင် သိမ်မဝင်ဘဲ ဘုရားရှင်၏ အရေတော်ကို ခြုံကာ မြို့ရွာအနှံ့ လိမ်ညာစားသောက်နေသည်ကို တွေ့မြင် ကြားသိနေရပေသည်။ ၎င်းတို့ကြောင့်ပင် ဘုရားရှင်၏ သာသနာတော်အတွင်း တကယ်တမ်း အလုပ်လုပ်နေကြသော ရှင်ရဟန်းကောင်းများမှာ ဝါးလုံးရှည်နှင့် ရောသိမ်းအရိုက်ခံရကာ အကြည်ညိုပျက်ခံနေရပေသည်။

ဤဆောင်းပါးကို ရေးရခြင်းမှာလည်း ထိုသို့သောပုဂ္ဂိုလ်များကြောင့် ရှင်ရဟန်းကောင်းများ အကြည်ညိုပျက်ခံရမည့်ဘေး၊ ဘုရားရှင်သာသနာတော်မြတ်ကြီး ညှိုးမှိန်ရမည့်ဘေးမှ ကာကွယ်စောင့်ရှောက်နိုင်ရန် ဖြစ်လေသည်။

နောက်ဆုံးအနေဖြင့် သတိပေးလိုသည်မှာ အရာခပ်သိမ်းကို ပြောတိုင်း မယုံဘဲ ဝေဖန်ဆန်းစစ်ပြီးမှ လက်ခံကြရန်နှင့် ဉာဏ်ဦးစီးသော သဒ္ဓါတရားဖြင့် ကိုးကွယ်ဆည်းကပ်ကြပါရန် ဖြစ်ပေသည်။

**ဓမ္မရံသီမဂ္ဂဇင်း၊ (၁၉၉၄-ခုနှစ်၊ ဇန်နဝါရီလ)**

# ဘာသာရေး မျက်လှည့်ဆရာများ

ကမ္ဘာပေါ်ရှိ လူအများစုသည် မိမိတို့ ကိုးကွယ်ဆည်းကပ်သည့်ဘာသာကို အထွတ်အမြတ်ထားကြသည်။ လေးစား ရိုသေကြသည်။ မိမိတို့ဘာသာအတွက် ဆိုလျှင် စွန့်လွှတ်စွန့်စားနိုင်ကြသည်။ မိမိတို့ဘာသာကို အခြားဘာသာဝင်များက ထိပါးစော်ကားလာပါလျှင် လက်တုံ့ပြန်တတ်ကြပေသည်။

ထိုသို့ လူအများ၏ ဘာသာတရားအပေါ် အလေးအမြတ်ထားမှု၊ ရက်ရောမှုကို အခွင့်ကောင်းယူကာ လူမသမာအချို့က အသိဉာဏ်နည်းပါးသူအချို့ကို ဘာသာတရားဖြင့် လိမ်လည်လှည့်ပတ်၍ စီးပွားရှာ အမြတ်ထုတ်နေကြသည်ကို တွေ့မြင်ကြားသိနေရပေသည်။

## မဟာဝိဇ္ဇာဂန္ဓာရီ

(၄-၈-၉၃)နေ့ထုတ် ကြေးမုံသတင်းစာတွင် မဟာဝိဇ္ဇာဂန္ဓာရီ အရှင်နာဂသေနာဘိဝံသအမည်ခံ ဘာသာရေးမျက်လှည့်ဆရာတစ်ဦးအကြောင်း ဖတ်လိုက်ရ၏။ သူ့အကြောင်းကား ဤသို့။

၎င်း၏ လူအမည်ကား လှမြင့်၊ အသက်မှာ ၄၈-နှစ်ရှိပြီ ဖြစ်၏။ ၎င်းသည် ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ရဟန်းခံခဲ့၏။ ဘွဲ့အမည်မှာ အရှင်နာဂသေနာဘိဝံသဖြစ်၏။ ထို့နောက် ပုပ္ပားတောင်၌ ကိုးလ, ကိုးပတ်, ကိုးရက်, ကိုးနာရီ, ကိုးမိနစ် အဓိဋ္ဌာန်ဖြင့် တရားကျင့်ခဲ့ပြီး ကိုးနဝင်းကျေသူဖြစ်ကြောင်း သူ့ကိုယ်သူ ကြော်ငြာခဲ့၏။ မေလအတွင်းတွင် မုံရွာမြို့သို့ ခြေ

ဆန့်လာကာ ဆင်နှစ်ကောင်ကျောင်းတိုက်၌ နေထိုင်လျက် ကပ်ရှင်းမည့် ကိုးနဝင်း မဟာဝိဇ္ဇာဂန္ဓာရီ အရှင်နာဂသေနာဘိဝံသအမည်ခံသည်။ အဓိဋ္ဌာန်စခန်းဝင်သည့် ဝိဇ္ဇာဟုလည်း ကြော်ငြာလိုက်သည်။ ယင်းသို့ ကြော်ငြာလိုက်သည်ဆိုလျှင်ပင် လူအများ စိတ်ဝင်စားလာကြပြီး ဆည်းကပ်ကိုးကွယ်ကြလေတော့၏။

မဟာဝိဇ္ဇာဂန္ဓာရီကြီးက သူ့ထံ ဆည်းကပ်ကိုးကွယ်လာကြသူများအား ချိုးမြှောက်မစပုံကို ကြည့်ပါဦး။ သူ့ကို ယုံကြည်အားထားသူ ဒကာ, ဒကာမ အိမ်သို့ လှည့်လှည်ဓာတ်စခန်း ဖွင့်နေထိုင်၏။ အန္တရာယ်ကင်းစေရန်ဟူ၍ သူဝါးထားသည့် ကွမ်းကို ခွဲ့ကျွေး၏။ လာဘ်လာဘ တိုးပွားစေရန် ငွေပွားများ ပြုလုပ်ပေး၏။ သူ့ဘွဲ့အမည် ရေးထားသည့် အောင်ဘာလေထိ လက်မှတ်များကို သိဒ္ဓိတင်ထားသည်ဆိုပြီး ပေးဝေ၏။ လာရောက်ဖူးမြော်သူများထံမှ လိုချင်သောပစ္စည်းများကို ဓာတ်ကျသည်ဟူ၍ အလှူခံ၏။ ဓာတ်စခန်းချရာ အိမ်၌ ညလုံးပေါက် ဗွီဒီယိုကြည့်၏။ ညစာခေါက်ဆွဲ ဘုဉ်းပေးသုံးဆောင်၏။ ဤသို့ ဤနှယ်ချိုးမြှောက် မစခဲ့၏။

သည်မျှသာမကသေးပါ။ ဇွန်လအတွင်းက သာမညတောင်ဆရာတော်ကို သွားရောက်ဖူးမြော်မည်ဆိုကာ ကိုးကွယ်ဆည်းကပ်သူ တပည့် ဒကာ, ဒကာမ ၃၆-ဦးတို့ လိုက်ပါလျက် ထွက်လာခဲ့၏။ ထိုမှဆက်ကာ မော်လမြိုင်, ကျိုက္ကမိ,စက်စဲ အပန်းဖြေစခန်းများအထိ ခြေဆန့်ခဲ့ကြ၏။ ယင်းခရီးစဉ်များတွင် အမျိုးသမီးများနှင့်အတူ ပြေးလွှားဆော့ကစားခဲ့၏။ ရေကူးခဲ့၏။ အတူတွဲလျက် အမှတ်တရ ဓာတ်ပုံများ ရိုက်ခဲ့၏။ ထို့ပြင် အမျိုးသမီးငယ် အချို့ကိုလည်း မဖွယ်မရာ ပြုမူခဲ့၏။ ဒကာမတစ်ဦးကိုမူ မေထုန်အမှုကိုပင် ကျူးလွန်ခဲ့သည်ဆို၏။ ဤသို့လည်း ချိုးမြှောက် မစခဲ့ပါသေး၏။

ဤသို့ဘုရားရှင်၏ အရေတော်ကို ခြုံကာ ဘုရားရှင်၏သာသနာတော်ကို ဖျက်ဆီးနေသည့် မဟာဝိဇ္ဇာဂန္ဓာရီ အရှင်နာဂသေနာဘိဝံသသည်ကား မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ စံပြလမ်းအတွင်း အိမ်တစ်အိမ်၌ ဓာတ်စခန်းဖွင့်ကာ နေထိုင်နေစဉ် ၁၉၉၃-ခုနှစ်၊ ဇူလိုင်လ ၂၃-ရက်နေ့က သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ဖမ်းဆီးအရေးယူမှုကို ခံသွားရရှာလေပြီ။

# ရှင်ဘုရင် ကာဗန်လီယန်

ဘာသာတရားဖြင့် လူအများကို လိမ်ညာလှည့်ပတ်၍ စားသောက်နေသူများကား ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာသာ ရှိသည်မဟုတ်၊ အခြားနိုင်ငံများမှာလည်း ရှိပါသေး၏။ (၁၅-၁၀-၉၃)နေ့ထုတ် ကြေးမုံသတင်းစာတွင် ဗီယက်နမ်နိုင်ငံမှ မျက်မမြင်ဘာသာရေးဂိုဏ်းဆရာရှင် ဘုရင်ကာဗန်လီယမ် အကြောင်း ဖတ်လိုက်ရ၏။ သူ့အကြောင်းမှာလည်း ဤသို့။

ဗီယက်နမ်နိုင်ငံ၊ ဟန္တိုင်းမြို့၏ အနောက်မြောက်ဘက် မိုင် ၂၀၀-အကွာ ဆွန်လာပြည်နယ်၏ နယ်စွန်နယ်ဖျား တောင်တန်းဒေသတွင် တာဟီအမည်ရှိ ရွာငယ်ကလေးတစ်ရွာ ရှိ၏။ ယင်းရွာငယ်ကလေးတွင် လူမည်းထိုင်းကျေးရွာသားများ နေထိုင်ကြ၏။ ၎င်းတို့သည် အယူသည်းဘာသာရေး အယူဝါဒများကို ယုံကြည်လက်ခံကြသူများ ဖြစ်၏။

၎င်းတို့အနက် ကလေးငယ် ၁၉-ဦးအပါအဝင် ကျေးရွာသား ၅၃-ဦးသည် အောက်တိုဘာ ၂-ရက်နေ့က ရှေးဦးသမိုင်းခေတ် ကျောက်လက်နက်ကရိယာများကို အသုံးပြု၍ အစုလိုက် အပြုံလိုက် မိမိကိုယ်ကို မိမိသတ်သေသွားကြလေသည်။ ၎င်းတို့ ယင်းသို့ သတ်သေသွားကြခြင်းအကြောင်းကား ကိုယ့်ကိုယ်ကို ရှင်ဘုရင်ဟု ပြောသူ မျက်မမြင်ဘာသာရေးဂိုဏ်းဆရာ ကာဗန်လီယမ် သွေးထိုးလှုံ့ဆော်မှုကြောင့်ဖြစ်လေသည်။ ၎င်း ဤသို့ သွေးထိုးလှုံ့ဆော်ရခြင်းအကြောင်းရင်းသည်ကား...

လီယမ်သည် စစ်တပ်တွင် သုံးနှစ်အမှုထမ်းခဲ့၏။ ၁၉၈၅-ခုနှစ်တွင် တပ်မှ ထွက်ပြေးခဲ့၏။ ယင်းသို့ ထွက်ပြေးစဉ် ၎င်းနှင့်အတူ ယမ်းဘီလူးများ၊ မိုင်းဗုံးငယ်များ ပါလာ၏။ ယင်းတို့ကို အသုံးပြု၍ မြစ်ချောင်းအင်းအိုင်များတွင် ငါးဖမ်းရာ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး မိုင်းစထိမှန်ခဲ့သည်။ မျက်စိကန်းသွားသည့်အပြင် လက်မောင်းတစ်ဖက်လည်း ပြတ်သွားခဲ့သည်။ ဤအခြေအနေများကြောင့် ၎င်း၏ဘဝကို သက်သောင့်သက်သာ ဆက်လက်ရပ်တည်နိုင်ရန် မိမိကိုယ်ကိုမိမိ ရှင်ဘုရင်ဟု အမည်ပညတ်ကမွည်းတပ်လေတော့၏။ ရွာသူရွာသားများကို ကောင်းကင်ဘုံသို့ ပို့ပေးမည်ဟူ၍လည်း လိမ်လည်လှည့်ပတ်ကာ ငွေများ တောင်းခံလေ၏။ ယင်းကဲ့သို့ ကိုယ်ကျိုး စီး

ပွားအတွက် ဘာသာရေးအလိမ်အရှုတ် ဇာတ်ခင်းခဲ့ရာမှ နောက်ဆုံး၌ အစုလိုက် အပြုံလိုက် သေဆုံးကြသည်အထိ ဖြစ်လာကြောင်း လီယမ်က ဝန်ခံဖွင့်ဟနေလေ၏။

ဖော်ပြပါ ဖြစ်ရပ်များကို ကြည့်ပါလျှင် အသိဉာဏ် ခေါင်းပါးသူတို့သည် ကျော်ကြား, ထူးခြား, ထင်ရှားသူတို့က စကားကြီး စကားကျယ် ဟိတ်လုံးဟန်လုံးဖြင့် ပြောသည်ကို ယုံလွယ်ပုံလွယ်ကြောင်း သိရလေသည်။

ဘာသာရေးမျက်လှည့်ဆရာတို့သည် ဝိဇ္ဇာ,ဂန္ဓာရီ,နဝင်းကျေ,တြင်းကျေ, ဘိုးတော်, ဘွားတော်, မယ်တော်ကြီး, အထက်ဆရာကြီး, မနောမယိဒ္ဓိ, အောင်သိဒ္ဓိ, ထွက်ရပ်ပေါက် အစရှိသော ဝေါဟာရများကို တွင်တွင်ကြီးသုံးလေ့ရှိကြ၏။

အချော့အမြူ၊ အမြှောက်အပင့်ဖြင့် ဆွယ်သင့်သူတို့ကိုလည်းကောင်း၊ အခြောက် အလှန့် အဟန့်တို့ဖြင့် ဖိအားပေးပြီး ကျုံးသွင်းသင့်သူတို့ကိုလည်းကောင်း အကဲခတ်တတ်, ခွဲခြားတတ်ကြသည်။

ထို့ကြောင့် အလိမ် အလှည့် မခံကြရလေအောင် ပြောတိုင်းမယုံဘဲ စဉ်းစားဆင်ခြင် အမြော်အမြင် ရှိထားသင့်ကြောင်းနှင့် စီးပွားရေး၌ အလွယ်လမ်း, ဖြတ်လမ်းကို မလိုက်သင့်ကြောင်း တင်ပြလိုက်ရပေသည်။

ဓမ္မရံသီမဂ္ဂဇင်း (၁၉၉၄-ခုနှစ်၊ ဇွန်လ)

# ရဟန္တာရှင်းတမ်း

ရဟန်းတော်တစ်ပါးပါးထိုင်နေသည့်အခါ ကြမ်းပြင်နှင့် မထိဘဲနေလျှင် လမ်းသွားရာ၌ မြေကြီးနှင့်လွတ်နေလျှင်၊ ကောင်းကင်ယံဝယ် ငှက်ငယ်အလား ပျံသွားနိုင်လျှင်လည်း များစွာသော လူတို့က ရဟန္တာဟု ခေါ်ဝေါ်သမုတ်နေကြ၏။ အကျင့်ပဋိပတ်နှင့် ပြည့်စုံ၍ ထင်ရှား ကျော်ကြားသော ဆရာတော်တစ်ပါးပါး ပျံလွန်တော်မူ၍ မီးသဂြိုဟ်ပြီးနောက် အလုံးအခဲကလေးများ ကြွင်းကျန်ရစ်လျှင် ဓာတ်တော်ကျသည်ဟု ဆိုကြပြန်၏။ အခြား အံ့ဩဖွယ်ရာများ လုပ်ဆောင်ပြနိုင်သော ရဟန်းတော်ကိုလည်း ထိုနည်းအတူ ရဟန္တာဟု ခေါ်ဝေါ်သမုတ်ကြပြန်၏။ ဤသို့ဖြင့် ရဟန္တာဟူသောစကားကို လှိုင်လှိုင်ကြီး သုံးစွဲနေကြလေသည်။

ထိုသို့သော ထူးခြားချက်ကို မြင်ရသည်ဆိုလျှင်ပင် ထိုပုဂ္ဂိုလ်ကို ရဟန္တာဟု အဘယ့်ကြောင့် ခေါ်ဝေါ်သမုတ်နိုင်ကြပါသနည်း။ စင်စစ်ကြမ်းပြင်နှင့် မထိအောင် ထိုင်နိုင်ရုံသော ထူးခြားချက်မျှနှင့်ကား ရဟန္တာဟု မခေါ်ဝေါ်, မသမုတ်နိုင်သေးပေ။ ယင်းသို့သော ထူးခြားချက်များကြောင့် ရဟန္တာဟု ခေါ်ဝေါ်သမုတ်လျှင် အရှင်ဒေဝဒတ်ကိုလည်း ရဟန္တာဟုပင် ခေါ်ဝေါ် သမုတ်နိုင်ပေရာသည်။ အရှင်ဒေဝဒတ်သည်လည်း ဘုရားရှင်ကို သေကြောင်းမကြံမီက ထိုသို့သော တန်ခိုးဣဒ္ဓိပါဒ်များနှင့် ပြည့်စုံခဲ့သည်သာ ဖြစ်၏။ သို့သော် အရှင်ဒေဝဒတ်ကို ရဟန္တာဟု မခေါ်ဝေါ် မသမုတ်ကြပေ။ ထို့ကြောင့် ဆိုခဲ့ပါ ထူးခြားချက်များ ရှိရုံမျှနှင့် ရဟန္တာဟု မခေါ်ဝေါ် မသမုတ်နိုင်သေးကြောင်း သိထားသင့်ပေသည်။

ထို့ပြင် အကျင့်ပဋိပတ် ထင်ရှားကျော်ကြားသော ရဟန်းတော်တစ်ပါးပါး ပျံလွန်တော်မူ၍ မီးရှို့ပြီးနောက် အလုံးအခဲကလေးများတွေ့ရ၍ ရဟန္တာဓာတ်တော်ဟု ခေါ်ဝေါ်သမုတ်ကြရာ၌ ရဟန္တာဓာတ်တော် အစစ် ဟုတ်,မဟုတ်ကိုကား မဟာစည်ဆရာတော်ဘုရားကြီး၏ အောက်ပါစကားရပ်ဖြင့် စဉ်းစားဆင်ခြင်အပ်၏။

"ရဟန္တာဓာတ်တော်ဆိုတာ အရိုးတွေပါပဲ၊ မြန်မာပြည်မှာတော့ ဓာတ်တော် ဆိုရင် ဘုရားဓာတ်တော်များလို အလုံးအလုံးကလေးတွေလို့ ဒီလို အများက ထင်မြင် ယူဆပြောဆိုနေကြတယ်၊ အမှန်မှာတော့ အဲဒီလို မဟုတ်ပါဘူး၊ ဘုရားဓာတ်တော်များသာ မြတ်စွာဘုရား၏ အဓိဋ္ဌာန်ချက်ကြောင့် အလုံးအလုံးကလေးတွေ ဖြစ်ကြတာပါ၊ ရဟန္တာများ၏ ဓာတ်တော်များကတော့ ပကတိ အရိုးအတိုင်းပါပဲ၊ ဘာကြောင့် ဒီလို သိရသလဲဆိုရင် ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံ, ကာလကတ္တားမြို့ကို သီးသန့်လေယာဉ်ဖြင့်သွားပြီး အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ပင့်ဆောင်စဉ်အခါတုန်းက ဓာတ်တော်တိုက်ထဲမှာ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်တွေကို ထင်ရှားတွေ့ခဲ့ရပါတယ်၊ ပကတိအရိုးအတိုင်းပါပဲ၊ အရောင်အဆင်းက ဖြူဖွေးနေတယ်၊ ပုံသဏ္ဌာန်ကတော့ လက်ဆစ်ရိုးကလေးတွေဟာ လက်ဆစ်ကလေးများအတိုင်းပါပဲ၊ အစွန်းနှစ်ဖက် အဆစ်နေရာများကကြီးပြီး ခါးလယ်က သေးနေတယ်၊ အဲဒီ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များတောင် ပကတိအရိုးအတိုင်း ရှိနေတယ်ဆိုတော့ ဒီပြင် ရဟန္တာများ၏ ဓာတ်တော်များဟာလည်း ပကတိအရိုးအတိုင်းပဲ ရှိလိမ့်မယ်ဆိုတာ သံသယ ဖြစ်ဖွယ်မရှိပါဘူး၊ ဒါကြောင့် ယခု မြန်မာပြည်မှာ ရှိသေလေးစားအပ်တဲ့ ဆရာတော်တစ်ပါးပါး ပျံလွန်တော်မူလို့ မီးသင်္ဂြိုဟ်တဲ့အခါ ကျောက်ခဲလုံးကလေးများလို ဓာတ်တော်များ ကျတယ်ဆိုတာကို ချင့်ပြီး ယုံကြဖို့ပါပဲ။"

(သလ္လေခသုတ်တရားတော်ကြီး၊ ပထမတွဲ-၇၃)

စင်စစ်ရဟန်းတော်တစ်ပါးကို "ဤရဟန်းတော်ကား ရဟန္တာပုဂ္ဂိုလ်တည်း"ဟု ပုထုဇဉ်တို့အနေဖြင့် ပြောနိုင်ဖို့ရန် ခဲယဉ်းလှပေသည်။ သို့ဖို့ ခဲယဉ်းပုံကို အောက်ဖော်ပြပါစကားရပ်တို့ဖြင့် သိအပ်၏။

ခပ်လှမ်းလှမ်းမှ ဖြတ်သွားသော တိတ္ထိတဏှာတွန်းများကို "ထိုပုဂ္ဂိုလ်များလည်း ရဟန္တာစာရင်းဝင် ပုဂ္ဂိုလ်များ ဖြစ်ပါတယ်ဘုရား"ဟု ကောသလမင်းကြီးက ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က "မင်းကြီး-ကာမဘောဂီ လူဝတ်ကြောင်တို့ အနေဖြင့် 'ဤပုဂ္ဂိုလ်ကား ရဟန္တာပုဂ္ဂိုလ်ဖြစ်၏'ဟု ပြောနိုင်ဖို့ရန် သိဖို့ရန် ခဲယဉ်းလှပါ၏"ဟု မိန့်တော်မူဖူးသည်။

**(သံ၊ ၁၊ ၇၈)**

ထို့ပြင် ရဟန္တာအရှင်မြတ်တစ်ပါး၏ နောက်တော်မှ ထက်ကြပ်မကွာလိုက်ပါနေသော တောထွက်ရဟန်းကြီးတစ်ပါးက ရဟန္တာအရှင်မြတ်အား "အရိယာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲဘုရား"ဟု လျှောက်ထားသောအခါ အရှင်မြတ်က "ဦးဇင်းကြီး- အရိယာပုဂ္ဂိုလ်နောက်က သပိတ်၊ သင်္ကန်းကိုင်ပြီး ထက်ကြပ်မကွာ လိုက်နေပေမယ့် အရိယာပုဂ္ဂိုလ်ဆိုတာ သိနိုင်ခဲလှပါတယ်"ဟု မိန့်တော်မူဖူး၏။ **(ဘိ၊ ၄၊ ၁။ ၃၀၅)**

ထို့ပြင် ရဟန္တာပုဂ္ဂိုလ်တို့၏ ပင်ကိုယ်သဘောမှာ ဝေနေယျသတ္တဝါအများကို မိမိနည်းတူ အရဟတ္တဖိုလ် တရားထူးကို ရစေလိုသောဆန္ဒ ရှိကြသော်လည်း မိမိရရှိထားသည့် အရဟတ္တဖိုလ်ကိုကား လွန်စွာ လျှို့ဝှက်တော်မူကြသောကြောင့်လည်း ဤပုဂ္ဂိုလ်ကား ရဟန္တာပုဂ္ဂိုလ်တည်းဟု သိဖို့ရန်ခဲယဉ်းလှပေသည်။**(သံ၊ ၄၊ ၁။ ၉၆)** ၎င်းကိုယ်တိုင် ထုတ်ဖော်ပြောမှသာ သိနိုင်ပေရာသည်။ သို့ရာတွင် နှုတ်မှ ထုတ်ဖော်ပြောပြဖို့မှာလည်း ဝိနည်းပညတ်က ရှိနေသေး၍ မဖြစ်နိုင်ပေ။ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်အား "အရှင်ဘုရား၊ ပရိသင်္ဂနေဦးမည်လော၊ မနေတော့ပြီလော"ဟု မေးလျှောက်ရာ၌ အရှင်နာဂသိန်က "မင်းကြီး- ဥပါဒါန်ရှိသေးလျှင် ပရိသင်္ဂ နေရဦးလတ္တံ့၊ ဥပါဒါန် မရှိတော့လျှင် မနေရလတ္တံ့"ဟု ဓမ္မဓိဋ္ဌာန်စကားဖြင့် ဖြေကြားတော်မူခဲ့ပါသည်။ **(မိလိန္ဒ၊ ၃၁)**

## ရဟန္တာအစစ် ဟုတ်,မဟုတ် စမ်းသပ်နည်း

ဤသို့ ရဟန္တာဟူသည်အသိရခက်သော်လည်း မိမိကိုယ်ကို ရဟန္တာဟုထင်မှတ်သော ပုဂ္ဂိုလ်၊ လူအများက ရဟန္တာဟု သမုတ်နေသောပုဂ္ဂိုလ်ကို တကယ် ရဟန္တာ ဟုတ်,မဟုတ် စမ်းသပ်စစ်ဆေးကြည့်နိုင်သော နည်းလမ်းများကား ရှိပါ၏။

## မိန်းမပျိုဖြင့် စမ်းသပ်ပုံ

ရှေးအခါက မဟာတိဿအမည်ရှိ ရဟန်းတစ်ပါးသည် မိမိရရှိထားသည့် သမာပတ်ဖြင့် ကိလေသာတို့ကို ပယ်ခွာထားရာ နှစ်ပေါင်း ၆၀–ကြာသည့်တိုင်အောင် လောဘစသော ကိလေသာတို့ မဖြစ်ဘဲရှိနေသဖြင့် မိမိကိုယ်ကို ရဟန္တာဟု ထင်မှတ်နေ၏။

တပည့်ဖြစ်သူက ထိုအခြေအနေကို သိ၍ ဆရာဖြစ်သူ အဖြစ်မှန်သိနိုင်ရန် စမ်းသပ်လိုသဖြင့် ရှေးဦးစွာ ရေကန်ကြီးတစ်ကန်ကို ဖန်ဆင်းခိုင်း၏။ ထို့နောက် ကြာပင်ကြီး၊ ထိုကြာပင်ကြီးမှ ကြာပန်းပွင့်နေဟန်၊ ထိုကြာပန်းကြီးကို ၁၆–နှစ်ရွယ် မိန်းမပျိုလေးတစ်ဦးက ကြည့်နေဟန်တို့ကို ဖန်ဆင်းခိုင်း၏။ ထို့နောက် ထိုမိန်းမပျိုလေးကို တစ်မှိတ်မှိတ် စိုက်ကြည့်ခိုင်း၏။ ထိုစဉ် မထေရ်အား တပ်မက်မှုရာဂစိတ်များ တဖွားဖွား ဖြစ်ပေါ်လာလေ၏။ ထိုအခါကျမှ မိမိကိုယ်ကို "ငါ ရဟန္တာ မဟုတ်သေးပါတကား"ဟု သိသွားလေ၏။

(အံ၊ ဋ္ဌ၊ ၁။ ၃၂)

## ရသာရုံဖြင့် စမ်းသပ်ပုံ

ရှေးအခါက သီဟိုဠ်ကျွန်း၌ မင်းလုပ်ခဲ့ဖူးသော ဝသဘမင်းသည် ရဟန္တာဟု နာမည်ကြီးထင်ရှားနေသော ရဟန်းတော်တစ်ပါးကို နန်းတော်သို့ ပင့်၍ ထိုရဟန်းတော်ရှေ့၌ ဆီးသီးဖျော်ရည်ကို ညှစ်စေ, နယ်စေရာ ထိုရဟန်းတော်မှာ သွားရည်များ ယိုစီးကျလာသောဟူ၏။ (မ၊ ဋ္ဌ၊ ၃။ ၆၇)

## ဆင်ဖြင့် စမ်းသပ်ပုံ

ရှေးအခါက မဟာနာဂအမည်ရှိ မထေရ်ကြီးတစ်ပါးသည် သမာပတ်ဖြင့် ပယ်ခွါထားသဖြင့် နှစ်ပေါင်းများစွာ ကိလေသာများ မဖြစ်ဘဲနေသည့်အတွက် မိမိကိုယ်ကို ရဟန္တာဟု ထင်မှတ်နေ၏။ ထိုအကြောင်းကို တပည့်ဖြစ်သူက သိသောအခါ ဆရာဖြစ်သူ အဖြစ်မှန်သိနိုင်ရန် စမ်းသပ်လိုသဖြင့် ဆင်ပြောင်ကြီးတစ်ကောင်က ထိုးမည့်ဟန်ဖြင့် မိမိဘက်သို့ ရှေးရှု ပြေးလာဟန်ကို ဖန်ဆင်းခိုင်း၏။ ဖန်ဆင်းအပ်သော ဆင်ပြောင်ကြီးက တကယ်ထိုးမည့်ဟန်ဖြင့် မထေရ်သို့ ရှေးရှုပြေးလာရာ မထေရ်လည်း ကြောက်လန့်၍

ထွက်မည်ပြုခိုက် တပည့်ဖြစ်သူက သင်္ကန်းကို ဆွဲထားရလေ၏။ ထိုအခါကျမှ မိမိကိုယ်ကို ရဟန္တာ မဟုတ်သေးမှန်း သိသွားလေ၏။ (ဘိ၊ ၄၊ ၂။ ၄၇၀)

## မြွေဟန်ဆောင်၍ စမ်းသပ်ပုံ

ရှေးအခါက စန္ဒမုခတိဿမင်းသည် မျက်စိမှုန်နေသော ရဟန္တာမထေရ်ကြီးတစ်ပါးကို တကယ် ရဟန္တာ ဟုတ်,မဟုတ် စမ်းသပ်လိုသဖြင့် ထိုမထေရ်ကြီး၏ အနားသို့ အသံမကြားအောင် တိတ်တိတ်သွား၍ မထေရ်ကြီး၏ ခြေထောက်ကို ကြိုးဖြင့် မြွေရစ်ပတ်သလို ရစ်ပတ်လေရာ မထေရ်သည် ကြောက်ရွံ့တုန်လှုပ်မှု မရှိဟု ဆို၏။ (မ၊ ၄၊ ၃။ ၆၆)

ရဟန္တာပုဂ္ဂိုလ်အား လောဘ, ဒေါသစသော ကိလေသာများ မရှိတော့ပေ။ ရူပါရုံစသော အာရုံငါးပါး အရသာကိုလည်း ခံစားမှုမရှိတော့ပေ။ ကြောက်ရွံ့မှု, ထိတ်လန့်မှုတို့လည်း မရှိတော့ပေ။ သို့အတွက် ပထမသာဓကေ၌ တက်မက်မှု ရာဂရှိနေသေးသဖြင့် ရဟန္တာအစစ် မဟုတ်ဟူ၍ ဆုံးဖြတ်ရ၏။ ဒုတိယသာဓကေ၌ကား ရသတဏှာ ရှိနေသေး၍၊ တတိယသာဓကေ၌ကား ဒေါသရှိနေသေး၍ ရဟန္တာအစစ် မဟုတ်ဟူ၍ ဆုံးဖြတ်ရ၏။ (ကြောက်ရွံ့မှုသည် ဒေါသကြောင့်ဖြစ်၏၊ အသက် ဒေါသဟု ခေါ်ကြ၏။) စတုတ္ထသာဓကေ၌ကား ကြောက်ရွံ့မှုမရှိတော့သဖြင့် ရဟန္တာအစစ်ဟု ဆုံးဖြတ်ရ၏။

တင်ပြခဲ့သည့်အတိုင်း ပုထုဇဉ်တို့အနေဖြင့် ဤပုဂ္ဂိုလ်ကား ရဟန္တာပုဂ္ဂိုလ်ဖြစ်၏ဟု တပ်အပ်သေချာ မပြောနိုင်ချေ၊ မသိနိုင်ချေ။ အောက်အရိယာပုဂ္ဂိုလ်သုံးယောက်သည်ပင်လျှင် မသိနိုင်ချေ။ ရဟန္တာအချင်းချင်းသာ သိနိုင်သည်။

သို့အတွက် လူအများအနေဖြင့် အကျင့်ပဋိပတ် ထင်ရှားကျော်ကြားသော ရဟန်းတော်တစ်ပါးပါးကို ဆည်းကပ်ကိုးကွယ်ရာ၌ ရဟန္တာစသည် ဘာဘာညာညာ ပြောဆိုသမုတ်မနေဘဲ ထိုရဟန်းတော်၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကိုသာ အာရုံပြု၍ ဆည်းကပ် ကိုးကွယ်သင့်ပါကြောင်း တင်ပြလိုက်ရပေသည်။

**ဓမ္မရံသီမဂ္ဂဇင်း၊ (၁၉၉၄-ခုနှစ်၊ ဩဂုတ်လ)**

# ရဟန္တာဆိုသူများ

၁၉၉၄–ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ခမ္ဘရံသီမဂ္ဂဇင်း၌ ထီးချိုင့်–ဉာဏ်ရောင်၏ "ရဟန္တာ လူထွက်သတဲ့" ဆောင်းပါးကို ဖတ်ရ၏။ ရဟန္တာဟု သတင်းလွှင့်ပြီး ပစ္စည်း လာဘ်လာဘ စုဆောင်းမိသောအခါ လူထွက်သွားသော ရဟန္တာအတုအယောင်တစ်ယောက်အကြောင်း ဖြစ်၏။ ယင်းဆောင်းပါးကို ဖတ်ရသောအခါ စာရေးသူ လေ့လာဖတ်ရှုဖူးသော ရဟန္တာမဟုတ်သော ရဟန္တာများ (ရဟန္တာအတုအယောင်များ)ကို သွား၍ သတိရမိပါ၏။

## အိုးစရည်းရဟန္တာ

အထူးအဆန်း အံ့ဖွယ်သရဲကို လုပ်ဆောင်တတ်သော (ကုဟက)ရဟန်းတော်တစ်ပါးသည် ဘုန်းတန်ခိုးကြီးလာစေရန် မိမိကို ရဟန္တာဟု ထင်လာစေရန် ကျောင်းခန်းအတွင်း ကြမ်းပြင်အောက်၌ အိုးစရည်းကြီး(စဥ့်အိုးအကြီးစား) တစ်လုံးကို မြှုပ်နှံထား၏။ လူသံကြားလျှင် ထိုအိုးအတွင်း ဝင်ရောက်ပုန်းအောင်းနေပြီး လူများ ပြန်ထွက်သွားမှ အပြင်ထွက်ထိုင်နေလေ့ရှိ၏။

တစ်နေ့တွင် ထိုဆရာတော်ကို ဖူးမြော်ရန် လူအချို့ ကျောင်းသို့ရောက်လာကြ၏။ ကိုရင်ငယ်များအား ဘုန်းကြီး ရှိ,မရှိ မေး၏။

"ကိုရင်တို့၊ ဘုန်းကြီး ဘယ်မှာလဲ"

"ကျောင်းအတွင်းမှာ ရှိပါတယ်"

ဘုန်းကြီးသည် လူအများ၏ မေးသံကြားရလျှင် အိုးစရည်းကြီးအတွင်း ဝင်ရောက်ပုန်းအောင်းနေလေ၏။ လူအများက ကျောင်းခန်းအတွင်း ဝင်ရောက် ကြည့်ရှုကြရာ မတွေ့သဖြင့် အပြင်ပြန်ထွက်၍ ကိုရင်ငယ်များအား ပြန်မေး နေလေ၏။ ထိုစဉ် ဘုန်းတော်ကြီးသည် အိုးစရည်းကြီးအတွင်းမှ အမြန် ပြန် ထွက်၍ လူမြင်ကွင်း၌ ဣန္ဒြေရရ ထိုင်နေလေ၏။ လူအများလည်း ကိုရင် ငယ်များအား မေးပြီးနောက် ကျောင်းအတွင်း နောက်တစ်ကြိမ် ဝင်ကြည့်ကြရာ ဣန္ဒြေရရနှင့် ကြည်ညိုဖွယ် ထိုင်နေသောဘုန်းတော်ကြီးကို မြင်တွေ့ရသော အခါ အံ့သြဘနန်းဖြစ်၍-

"အဲ... အရှင်ဘုရား စောစောက ဘယ်ကြွနေသလဲဘုရား၊ တပည့်တော် တို့ ဝင်ကြည့်တာ မတွေ့ပါလား ဘုရား"ဟု လျှောက်လျှင်-

"ဒီလိုပဲ ဒကာ, ဒကာမတို့ရဲ့၊ ရဟန်းတော်များဟာ ကိုယ်လိုရာအရပ် ကိုယ်လိုသလို ကြွသွားလို့ ရကြပါတယ်"ဟု မိန့်လေရာ လူအများက ရဟန္တာဟု သမုတ်ကြ၍ အလွန်အကြူး ကြည်ညိုကြလေတော့၏။ လှူဖွယ် ဝတ္ထုများ လှူဒါန်းကြလေတော့၏။

## သစ်ကိုင်းကူးရဟန္တာ

ရဟန္တာမဟုတ်သော ရဟန္တာ(ရဟန္တာအတုအယောင်) နောက်တစ်ပါး အကြောင်းကို ဆက်လက်တင်ပြလိုပါသည်။

ဤရဟန္တာသည်လည်း အထူးအဆန်းအံ့ဖွယ်သရဲကို လုပ်ဆောင်တတ် သော ကုဟကရဟန်းပင်ဖြစ်၏။ ၎င်းလုပ်ဆောင်ပုံကား ဤသို့...။

၎င်းသည် တောင်တစ်လုံးပေါ်၌ သစ်ရွက်မိုး တဲကျောင်းကလေး ဆောက်လုပ်ပြီး သီတင်းသုံးနေထိုင်၏။ ကျောင်းနောက်ဖေးရှိ ချောက်ကမ်းပါး ပြတ်အနီး၌ ထောက်ကြံ့ပင်ကြီးတစ်ပင် ပေါက်လျက်ရှိ၏။ ထိုသစ်ပင်ကြီးမှ သစ်ကိုင်းကြီးတစ်ကိုင်းသည် ချောက်ကမ်းပါးပြတ်ကြီးကို ဖြတ်လျက် တစ်ဖက် ကမ်း မြေပြင်ကို သွားရောက်ထိစပ်နေ၏။

တစ်နေ့တွင် လူအချို့သည် ထိုဆရာတော်ကို ဆွမ်းစားလာပင့်ကြ သည်၊ ယိုအခါ ထိုဆရာတော်က ဆွမ်းစားလာပင့်သူများကို-

"ကိုင်း… ဒကာတို့ သွားနှင့်ကြ၊ ဘုန်းကြီး နောက်ကလိုက်ခဲ့မယ်" ဟု ပြော၍ လူများကို အရင်လွှတ်လိုက်လေ၏။ လူများလည်း သွားရိုးလမ်းဖြင့် ပြန်လာကြ၏။

ကုဟကရဟန်းသည် လူများကို လွှတ်လိုက်ပြီး သူကမူ ကျောင်းနောက်ဖေးရှိ ထောက်ကြံ့ပင်ကြီး၏ သစ်ကိုင်းမှတစ်ဆင့် တစ်ဖက်ကမ်းသို့ ကူး သွား၏။ ဆွမ်းစားလာပင့်သူ လူများ၏ အလျင်ဦး၍ ကြွလာသည့် ဆရာတော်ကို ရွာပေါက်၌ တွေ့မြင်ရသောအခါ လွန်စွာ အံ့ဩဘနန်းဖြစ်နေကြလေ၏။

"ဆရာတော်– တပည့်တော်တို့နောက်မှ ကြွလာတဲ့ဥစ္စာ၊ ဘယ်နှယ်လုပ်ပြီး တပည့်တော်တို့အရင် ရောက်နေရပါသလဲဘုရား၊ ဘယ်လမ်းကများ ကြွလာပါသလဲဘုရား" စသည်ဖြင့် လျှောက်ကြလျှင်–

"ဟာ… ဒကာတို့ကလည်း ရဟန်းတော်များ ကြွလာတဲ့လမ်းကို မမေးကောင်းဘူး ဒကာတို့ရ၊ မှတ်ထား၊ ရဟန်းဆိုတာ ဒီလိုပဲ၊ ကိုယ်အလိုရှိတဲ့လမ်းက ကြွလို့ရကြပါတယ်၊"စသည်ဖြင့် သူ့ကိုသူ ရဟန္တာဖြစ်သယောင်ယောင် လေသံမျိုးဖြင့် ပြောဆိုလေ၏။ လူအများကလည်း ရဟန္တာထင်မှတ်၍ ပို၍ ကြည်ညိုသွားကြလေ၏။

သို့ရာတွင် ထိုကုဟကရဟန်းမှာ ကံမကောင်းရှာပေ။ လူအများအနက်မှ ဗဟုသုတ အကြားအမြင် အတော်အတန်ရှိသော လူတစ်ယောက်သည် ထိုရဟန်း၏ လုပ်ဆောင်ချက်ကို မယုံကြည်သဖြင့် ကျောင်းပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု အကဲခတ်သည်။ ထိုရဟန်း ကူးဖြတ်သည့် သစ်ကိုင်းကြီးကို တွေ့သွား၏။ ထိုသူသည် သစ်ကိုင်းကို ဓားဖြင့် ခုတ်ထစ်ထားလိုက်၏။ တိတိပြတ်သွားအောင် မခုတ်ဘဲ ခပ်ဟဲ့တဲ့မျှ ချန်ထားပြီး ရုတ်တရက် မသိသာစေရန် ဖန်တီးထားလိုက်သည်၊ ကုဟကရဟန်းလည်း ခါတိုင်းကဲ့သို့ ထင်မှတ်၍ ဖြတ်ကူးလေ၏။ သစ်ကိုင်းပြတ်ကျ၍ မြေပြင်ကျပြီး ဒဏ်ရာပြင်းထန်စွာ ရရှိသွားလေသည်။ သပိတ်လည်း ကွဲသွားလေ၏။

"ငါ့အကြောင်းတော့ လူတွေ သိကုန်ပြီ၊ ဒီမှာ ဆက်နေလို့ မဟန်တော့ဘူး"ဟူသော အသိဖြင့် ထိုကျောင်းမှ ထွက်ပြေးသွားလေ၏။

## မြန်မာပြည်ဖွား ရဟန္တာ

ကျမ်းဂန်များ၌ လာရှိသော "ရဟန္တာမဟုတ်သော ရဟန္တာများ" အကြောင်းကို တင်ပြပြီးနောက် မြန်မာပြည်ဖွား ရဟန္တာမဟုတ်သော ရဟန္တာ တစ်ပါးအကြောင်းကို ဆက်လက်တင်ပြလိုပါသည်။

လွန်ခဲ့သည် နှစ်ပေါင်း ၃၀-နီးပါးလောက်က ဖြစ်၏။ ကျွန်ုပ်တို့ မြန်မာပြည်အောက်ပိုင်း မြို့တစ်မြို့၌ ရဟန္တာဟု ကျော်ကြားသော ရဟန်း တော်တစ်ပါး ပေါ်ထွန်းခဲ့၏။ ထိုရဟန်းတော်သည် အသက် ၃၈-နှစ်အရွယ် ရောက်မှ ရဟန်းဝတ်ခဲ့ခြင်းဖြစ်သည်ဆို၏။

ရဟန္တာဟု ကျော်ကြားသော ထိုရဟန်းတော်သည် တရားဟောရာ၌ ၎င်း၏ အတိတ်ဘဝအကြောင်းများကိုလည်း ဟော၏။ သူ့မိဘများ မကောင်း ဆိုးရွား ပြိတ္တာများဖြစ်နေကြောင်းကိုလည်း ဟော၏။ မဂ်လေးပါး အစဉ်အတိုင်း ရခဲ့ပုံကိုလည်း ရဲရဲတင်းတင်း ဟော၏။ "ရဟန္တာ"ဟုလည်း သူ့ကိုယ်သူ ဝန်ခံ၏။ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရရှိ ကြောင်းကိုလည်း ဝံခံ၏။ လူ့ဘဝတုန်းက အသက် ၃၈-နှစ်အရွယ်အတွင်း မှာ ထောင် ၃၆-ကြိမ် ကျဖူးသည်ဆို၏။

အဆိုပါ ရဟန်းတော်သည် မန္တလေးမြို့မှ ဒကာတစ်ဦး၏ ပင့်လျှောက် ချက်အရ မန္တလေးမြို့သို့ ကြွရောက်သီတင်းသုံး နေထိုင်ခဲ့ပြီးနောက် (၂၉-၆-၉၆)နေ့တွင် အမရပူရရှိ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် အရှင် ဇနကာဘိဝံသအား ကန်တော့ရန် ရောက်သွား၏။ ဆရာတော်အား ကန်တော့ ပြီးနောက် တရားစကား အနည်းငယ် ဟောပြောဆွေးနွေးကြပြီး ဆရာတော် အား သူ့ရိပ်သာဖွင့်ပွဲသို့ ကြွရောက်ပါရန် ပင့်လျှောက်ပြီး ပြန်ကြွသွားလေ၏။

နောက်တစ်နေ့ နံနက်ခင်းဩဝါဒပေးရာတွင် ဆရာတော်က တပည့် ရှင်ရဟန်းများအား အောက်ပါအတိုင်း ပြန်လည်မိန့်ကြားပါ၏။

"မနေ့တုန်းက ရဟန္တာလို့ ကျော်ကြားတဲ့ ဆရာတော်တစ်ပါး ရောက် လာတယ်၊ သူ့အသိုက်အဝန်းတွေနဲ့ အုံလို့ ဝိုင်းလို့ မြိုင်လို့ပါပဲ၊ ပြီးတော့ သူက လျှောက်တယ်၊ တပည့်တော် ဆရာတော့် ကန်တော့ရန် လာခဲ့ပါတယ် ဘုရားတဲ့။"

"ဒီတော့ ဘုန်းကြီးက ကောင်းပါ၏၊ ကောင်းပါ၏၊ ဒါလောက်ပဲ ပြောပြီး ရပ်နေတယ်၊ သူက "ရဟန္တာ"လို့ ကျော်ကြားနေတာမို့ ဘာမှ မပြောလိုပါဘူး၊ ဝေလည်း မဝေဖန်လိုပါဘူး၊ အရိယူပဝါဒကံ ထိုက်နေတတ်တယ်၊ တရားတော်ကို ရိုသေသောအားဖြင့် သူ့ကို ဘယ့်နှယ်ဘယ်သို့ မမေးပါဘူး၊ ဘယ်လို အခြေအနေဆိုတာလည်း မစုံစမ်းပါဘူး။"

အဲဒီနောက် သူက "ဒီ အမရပူရမြို့၊ စပါးတောရပ်ကွက်က စပါးတောတိုက်ထဲမှာ ရိပ်သာဖွင့်မလို့ပါဘုရား"လို့ လျှောက်တယ်၊ ဖွင့်ပွဲကိုလည်း ကြွပါလို့ ပင့်တယ်။"

"ဘုန်းကြီးက ရိပ်သာကို ဖြည်းဖြည်းဖွင့်ဖို့ကောင်းတယ်၊ လူတွေက တာရှည်ပါရင် ကောင်းပါရဲ့၊ နို့မို့ရင် ကိုယ်နဲ့ ဆိုင်းဘုတ်ပဲ ကျန်ရစ်တတ်တယ်လို့ ပြောလိုက်ရတယ်၊ ဖွင့်ပွဲကိုလည်း ဘုန်းကြီးမှာ အလုပ်တွေများလွန်းလို့ မကြွပါရစေနဲ့လို့ ပယ်လိုက်တယ်"

"စဉ်းစားကြရမှာက ရှေးက ရဟန္တာလို့ ကျော်ကြားတဲ့ မထေရ်မြတ်တွေဟာ ဆိတ်ငြိမ်မှုကို အလွန် လိုလားတော်မူကြတယ်၊ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ဘုရားတို့ဆိုရင် တဖြည်းဖြည်း လူတွေများလာပြီး ရှုပ်ထွေးလာတော့ ဂူတောင်အောင်းတော့တာပဲ၊ စာထဲမှာလည်း ဇေတဝန်ကျောင်းတိုက်တို့၊ ဝေဠုဝန်ကျောင်းတိုက်တို့ တည်တော့မယ်ဆိုတော့ တိတ်ဆိတ်ငြိမ်သက်တဲ့နေရာတွေကို ရွေးခဲ့ကြတာပဲ၊ ဒီလိုတွေ စဉ်းစားကြရမယ်"

"တိတ်ဆိတ်ငြိမ်သက်မှု မရှိဘဲနဲ့ သမာဓိတည်တယ်၊ တရားရတယ်ဆိုတာ မလွယ်လှပါဘူး၊ လူတွေဟာ ခေမာထေရီတို့လို အိမ်ကစိတ်တွေ ကျောင်းရောက်တော့ ပြောင်းသွားတယ်ဆိုရင်တော့ ကောင်းပါရဲ့။"

ဤသို့ ရဟန္တာဟု ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့သော အဆိုပါ ရဟန်းတော်သည်ကား သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်လာသော နောက်ပိုင်းတွင် ပရိသုဒ္ဓ အပြုခံရ(လူထွက်ခံရ) ရှာလေသတည်း။

လူ့လောကကြီးအတွင်းရှိ လူအများစုသည်ကား ဆင်ခြင်တွေးခေါ်ဉာဏ် နည်းပါးကြဟန်တူ၏။ ဘယ်ပုဂ္ဂိုလ်က ဘာစွမ်း၊ ဘာလုပ်ပေးနိုင်သည်၊ ဘယ်လိုပုဂ္ဂိုလ်ဖြစ်သည် စသည်ဖြင့် လူပြောသူပြောများ၍ ထင်ပေါ်ကျော်

ကြား လာပြီဆိုလျှင် ထိုပုဂ္ဂိုလ်ထံသို့ တရန်းရန်းနှင့် သွားရောက်ဖူးမြော်ကြ၏၊ ပူဇော်ကန်တော့ကြ၏။ မန်းမှုတ်ခိုင်းကြ၏။ သိဒ္ဓိ တင်ခိုင်းကြ၏။ ထို ထင်ပေါ် ကျော်ကြားမှု၏ နောက်ကွယ်၌ အထူးအဆန်း အံ့ဩဖွယ်ရာ၏ နောက်ကွယ်၌ ဘာရှိနေသည်၊ ဘာဖန်တီးထားသည် စသည်ကို ဆင်ခြင် စဉ်းစားလေ့ မရှိကြပေ။

ထိုပုဂ္ဂိုလ်များအား သတိပေးလိုသည်မှာ "သစ်ကိုင်းကူးရဟန္တာ အတ္ထုပ္ပတ္တိ၌ ပါရှိသော ယောက်ျားကဲ့သို့ ဆင်ခြင်စဉ်းစားဉာဏ် ရှိဖို့လိုပါကြောင်း၊ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ဩဝါဒစကားတော်ကို အလေးအနက် ဆင်ခြင်စဉ်းစားစေလိုပါကြောင်း"ဟူ၍ ဖြစ်ပါသတည်း။

ဓမ္မရံသီမဂ္ဂဇင်း၊ (၁၉၉၄-ခုနှစ်၊ နိုဝင်ဘာလ)

# ကိုးကွယ်ရာမှ ဘေးဖြစ်ရခြင်း

ကျွန်ုပ်တို့ ရရှိထားသည့် လူ့ဘဝကြီးသည်ကား ချမ်းသာဆင်းရဲ နှစ်မျိုး ရောပြွမ်းနေရာ ဘုံဌာနကြီး ဖြစ်လေသည်။ ထိုနှစ်မျိုးကို ထိုက်သည့် အား လျော်စွာ ခံစားစံစား နေကြရသည့်ဘုံဌာနကြီး ဖြစ်လေသည်။

လူတို့၏ ပင်ကိုယ်ဘဝမှာလည်း ချမ်းသာကိုသာ ခံစားလိုကြသည်၊ ဆင်းရဲကိုမူ မခံစားလိုကြပေ။ ကြားလည်း မကြားလိုကြပေ၊ သို့အတွက် မိမိ တို့ဘဝအတွက် ချမ်းသာသုခ ပေးစွမ်းနိုင်မည့်, ဆင်းရဲဒုက္ခ ကာကွယ်ပေး နိုင်မည် ထင်ရသည့် ပုဂ္ဂိုလ်များကို ရှာမှီးနေတတ်ကြပေသည်၊ ထိုပုဂ္ဂိုလ်မျိုး ကို ကိုးကွယ်နေတတ်ကြပေသည်။

ယင်းသို့ အကိုးကွယ်ခံ ပုဂ္ဂိုလ်ရှာမှီးကြရာ၌ အားကိုးလောက်သည့် ပုဂ္ဂိုလ်, ဆရာကောင်း သမားကောင်းဖြစ်သည့် ပုဂ္ဂိုလ်တို့ကို ရွေးချယ်တတ်ဖို့ လိုပေသည်၊ သို့မဟုတ်ပါက "**ဇာတံ သရဏတော ဘယံ**= ကိုးကွယ်ရာမှ ဘေးဖြစ်တတ်သည်"ဟူသော စကားတော်နှင့်အညီ မလိုလားအပ်သည့် အပါယ် ဒုဂ္ဂတိသို့ကျရောက်ခြင်း၊ အရှက်တကွဲဖြစ်ရခြင်း၊ စိတ်ဆင်းရဲခြင်းဖြစ်ရခြင်း စသည့်ဆိုးကျိုးများ ခံစားရတတ်ပေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ကိုးကွယ်မှုပိုင်းဆိုင်ရာကို လေ့လာကြည့်ပါက အချို့ပုဂ္ဂိုလ်များသည် ရဟန်းတော်တစ်ပါးပါးကို ကြည်ညို ကိုးကွယ်ရာ၌ ထိုပုဂ္ဂိုလ်၏ အနေအထိုင်, အကျင့်သီလ, သမာဓိ, ပညာကို မလေ့လာ မစူးစမ်းဘဲ နာမည်ကျော်ကြားမှု, ဥပမိကောင်းမှု, အသံကောင်းမှု,

အဟောအပြောကောင်းမှုတို့လောက်ကိုသာ လေ့လာအကဲခတ်၍ ကြည်ညို ကိုးကွယ်နေတတ်ကြပေသည်။ နောင်အခါ ထိုပုဂ္ဂိုလ်၏ မကောင်းသတင်း ထွက်မှု၊ လူထွက်သွားမှု စသည့်အကြောင်းတစ်ပါးပါး ဖြစ်ခဲ့သော် အကြီး အကျယ် ဒေါသဖြစ်တတ်ကြလေသည်။ အခြား ရဟန်းကောင်းများကိုလည်း အထင်သေး အမြင်သေး ဖြစ်တတ်ကြလေသည်။ အယူ ဖောက်ပြန်တတ်ကြ လေသည်။

ကိုးကွယ်ရာမှ ဘေးဖြစ်တတ်ပုံကို သာဓကများစွာရှိသည့်အနက် စာရေး သူ ကြားဖူးသည့် ပုံပြင်လေးတစ်ပုဒ်ကို ရှေးဦးစွာ တင်ပြလိုပါသည်။

## အရူးကိုးကွယ်မိသူ

ရှေးအခါက ရွာတစ်ရွာ၌ လွန်စွာ ချစ်ခင်ရင်းနှီးကြသည့် သူငယ်ချင်း နှစ်ယောက် ရှိကြသည်။ တစ်နေ့တွင် ၎င်းတို့နှစ်ယောက်သည် တောသို့ ထင်းခုတ်သွားကြ၏။ တောတွင်းတစ်နေရာအရောက်တွင် သစ်ပင်တစ်ပင် အောက်၌ ဣန္ဒြေရရ ထိုင်နေသည့် ရသေ့တစ်ပါးကို တွေ့မြင်ကြရာ သူတော် စင် ထင်မှတ်၍ တစ်ယောက်က "လာဟေ့ သူငယ်ချင်း... ငါတို့ ဒီကနေ့ ကံထူးတဲ့နေ့ပဲ၊ သူတော်စင်ပုဂ္ဂိုလ် ဖူးတွေ့ရတယ်၊ မင်္ဂလာရှိတဲ့နေ့ပဲ"ဟု ပြောဆို၍ နှစ်ယောက်သား ရသေ့ထံ သွားရောက်၍ ရှိခိုးဦးချ ဆည်းကပ်ခစား နေကြလေ၏။

ရသေ့သည် အတန်ကြာ ငြိမ်သက်စွာ ထိုင်နေရာမှ လက်ယာလက်ကို မြှောက်လိုက်ကာ လက်ညှိုးကလေးကို ကွေးလိုက်ပြီး နှုတ်မှ "တုပ်"ဟု ဆို လိုက်သည်။ သူငယ်ချင်းနှစ်ယောက်လည်း သူတို့ကို ဒူးတုပ်ခိုင်းသည် ထင် မှတ်၍ ကျုံ့ကျုံ့ယုံ့ယုံ့ ဒူးတုပ်လျက် ထိုင်နေကြ၏။ နောက်အတန်ကြာသော အခါ လက်ဝဲလက်ကို မြှောက်လိုက်ပြန်ကာ လက်ညှိုးကလေးကို ကွေးလိုက် ပြန်၍ ရှေးနည်းအတိုင်း "တုပ်"ဟု ဆိုလိုက်ပြန်၏။ သူငယ်ချင်းနှစ်ယောက် လည်း ရှေးကထက်ပို၍ ရှိသေတုပ်ဝပ်နေကြပြန်၏။ အတန်ကြာသောအခါ ရသေ့သည် ဘာမပြော ညာမပြောနှင့် "တုတ်တုပ်ဂျိမ်း တုပ်တုပ်ဂျိမ်း"ဟု ဆို ကာ ထ၍ ကပါလေတော့၏။ ထိုအခါကျမှ သူငယ်ချင်းနှစ်ယောက်လည်း "ငါတို့က သူတော်ကောင်းမှတ်လို့ ဆည်းကပ်ခစားနေကြတာ၊ လက်စသတ်

တော့ အရှုံးဟ”ဟု ဆိုကာ ထပြေးကြပါလေတော့သည်။ ကိုးကွယ်ဆည်းကပ်မှုများ၍ အရှက်ရခြင်း ဖြစ်သည်။

## ခမ္မကထိက လူထွက်များ

(၂၇-၂-၉၄)နေ့က မိတ်ဆွေ ဦးဇင်းတစ်ပါး ရွာတစ်ရွာ၌ တရားဟောပြီး ပြန်ကြွလာ၏။ ၎င်းက ထိုဒေသ၌ သူ ကြားခဲ့ရသည့် သတင်းတပုဒ်ကို ပြောပြပါ၏။

ထိုဒေသရှိ ရွာတစ်ရွာ၌ ဦးဇင်းငယ်တစ်ပါး ကျောင်းထိုင်လျက်ရှိ၏။ ထိုဦးဇင်းသည် မန္တလေးမြို့ရှိ စာသင်တိုက်ကြီးတစ်တိုက်၌ စာသင်ခဲ့ဖူး၏။ အဟောအပြော ကောင်း၏။ ဆရာတော်ဦးဉာဏိဿရ၏ တရားတိတ်ခွေများ နားထောင်လေ့ရှိ၏။ တရားဟောရာ၌ အသံကောင်း၏။ ဆရာတော်ဦးဉာဏိဿရနှင့် ခပ်ဆင်ဆင် တူသည်ဟု ဆိုသည်။

ထိုသို့ အဟောအပြောကောင်းမှုကြောင့် ၎င်းမှာ ထိုဒေသ၌ ထင်ပေါ်ကျော်ကြားလျက်ရှိ၏။ သာမှုနာမှုများ၌ ၎င်းမပါလျှင် မပြီးသလောက်ဖြစ်နေ၏။ ၎င်းချည်း ဒိုင်ခံဟောပြောနေရသည်ဆို၏။ ယင်းသို့ အဟောအပြောကောင်းမှု, ထင်ပေါ်ကျော်ကြားမှုတို့ကြောင့် ထိုရွာမှ ဒကာတစ်ဦးက သိမ်ထပ်ပေး၏။ သိမ်ထပ်ပွဲ၌ ၎င်းအတွက် တစ်သောင်းဖိုးမျှ မှန်းထားသော်လည်း ၎င်းက အဖိုးတန်ပစ္စည်းချည်း ဝယ်လိုက်သဖြင့် သုံးသောင်းခန့် ကုန်ကျသွားလေတော့သည်။

ထို့နောက် ဦးဇင်းငယ်မှာ ရပ်ရွာမှ မာတုဂါမများနှင့် ရင်းရင်းနှီးနှီး အရောတဝင် ဖြစ်လာသည်။ မကြာပါချေ။ သိမ်ထပ်ပွဲပြီး၍ တစ်လခန့်ကြာသောအခါ မာတုဂါမတစ်ယောက်နှင့် ထွက်ပြေးပါလေတော့သည်။ **သိမ်ထပ်ပွဲတုန်းက လှူလိုက်သည့် ပစ္စည်းများမှာ မင်္ဂလာဆောင်လက်ဖွဲ့ရသည့်နှယ် ဖြစ်သွားလေသည်။**

သိမ်ထပ်ပေးလိုက်သည့် ဒကာမှာ သူ့မျက်နှာ အိုးမည်းသုတ်သွားရကောင်းလားဟု အကြီးအကျယ် ဒေါပွလျက်ရှိ၏။ အခြားရဟန်းတော်များကိုလည်း “ဒီပုတ်ထဲက ဒီပဲနေကြမှာပဲ၊ ဒီဘုန်းကြီးတွေ လှူနေလည်း အလကားပဲ၊ သားစာ မယားစာ ဖြစ်ကုန်ကြမှာ၊ မလှူတာပဲ ကောင်းပါတယ်”စသည်

ဖြင့် ပြောမိဆိုမိတော့၏။ ကိုးကွယ်ဆည်းကပ်မှုများ၍ စိတ်ဆင်းရဲဖြစ်ရခြင်းနှင့် အယူဖောက်ပြန်မှု ဖြစ်ရခြင်းပါတည်း။

လွန်ခဲ့သည့် ၁၀-နှစ်ကျော်ကာလကလည်း ထိုဦးဇင်းနှင့်အလားတူ ဦးဇင်းတစ်ပါးဖြစ်ခဲ့ဖူး၏။ အသက်သုံးဆယ်ဝန်းကျင်အရွယ်တွင် တရားပွဲပေါင်းများစွာ လိုက်နေရ၍ တိုင်းသိပြည်ကျော် ထင်ရှားလျက်ရှိသည်။ ၎င်းအား ဒကာတစ်ဦးက ကြည်ညိုလွန်းလှသဖြင့် ကားတစ်စီးဝယ်လှူလိုက်သည်။ ၎င်းလည်း မကြာပါချေ။ လူထွက်သွားပြန်လေ၏။ ထိုအခါ ကားလှူထားသည့် ဒကာက သူ့ကားကို ပြန်တောင်းရာ မရသဖြင့် ရုံးရောက်, ဂတ်ရောက် ဒုက္ခရောက်ကြရလေ၏။

ဗုဒ္ဓဘာသာမြန်မာလူမျိုး ဒကာ,ဒကာမများအား အသိပေးလိုသည်မှာ ယခုခေတ် ရဟန်းတော်အများစုမှာ ပုထုဇဉ်အဆင့်မျှသာ ရှိကြပါသေးသည်။ အရိယာအဆင့် မရောက်ကြသေးပါ။ ပုထုဇဉ်ဟူသည်မှာလည်း အရိယာပုဂ္ဂိုလ်တို့ကဲ့သို့ သဒ္ဓါတရား မခိုင်မြဲကြသေးပါ။ ရတနာသုံးပါးတို့၌ အသက်စွန့်လွှတ်၍ မကြည်ညိုနိုင်ကြသေးပါ။ သို့အတွက် ဘုရားရှင်သာသနာတော်မှာ တစ်သက်လုံး သင်္ကန်းဝတ်ဘဝနှင့် အရိုးထုတ်သွားပါမည်ဟု မည်သူမျှ အာမခံချက် မပေးနိုင်ကြသေးပါ။

"ပစ္စည်း, မာတု၊ ဤနှစ်ခု၊ ဘိက္ခုသေမင်း၊ ဓားနှစ်စင်း"ဟူသော ဆောင်ပုဒ်နှင့်အညီ ပစ္စည်းဥစ္စာ, မာတုဂါမ ဤအာရုံနှစ်မျိုး၏ ဒဏ်ကို ကြံ့ကြံ့ခံနိုင်စဉ်၌ သာသနာတော်၌ မြဲနေပါလိမ့်မည်။ ထိုအာရုံနှစ်မျိုးဒဏ်ကို မခံနိုင်သည့် တစ်နေ့၌ သာသနာတော်မှ ဈာန်လျှောသွားတတ်ကြပေသည်။ ထိုအခါ သဘောထားကြီးကြီးဖြင့် ခွင့်လွှတ်တတ်ကြရပေမည်။

ထို့ပြင် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းရာ၌ ရဟန်းတော်များကို ကြည်ညိုကိုးကွယ်ရာ၌ သာသနာတော်ကို လှူဒါန်းသည်ဟု အာရုံပြု၍သာ ထောက်ပံ့လှူဒါန်းသင့်ကြပေသည်။ သံဃာတော်ကို အာရုံပြု၍သာ ထောက်ပံ့လှူဒါန်းသင့်ကြပေသည်။ ကြည်ညိုကိုးကွယ်သင့်ကြပေသည်။ ထိုသို့မဟုတ်ဘဲ ပုဂ္ဂိုလ်စွဲဖြင့် ကြည်ညို ကိုးကွယ်ကြပါက ဖော်ပြခဲ့ပါ ပုဂ္ဂိုလ်တို့ကဲ့သို့ မိမိကြည်ညိုသည့်ပုဂ္ဂိုလ်က လူထွက်သွားခြင်းစသော ဂုဏ်သိက္ခာကျစရာအကြောင်း

တစ်ပါးပါးဖြစ်ခဲ့သော် ကုသိုလ်ရမဲ့ အကုသိုလ်သာ များတတ်ပေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ်၌ လာရှိသော ပုဂ္ဂိုလ်ဖွဲ့ ကြည်ညိုခြင်းအပြစ်များကို တင်ပြလိုပါသည်။

ပုဂ္ဂိုလ်တစ်ဦးသည် ရဟန်းတော်တစ်ပါးကို လွန်စွာ ကြည်ညိုလျက် ရှိ၏။ ထိုရဟန်းတော်ကို အခြားရဟန်းတော်များက နှင်ထုတ်ထိုက်သည့် အာပတ်သင့်မှုကြောင့် နှင်ထုတ်လိုက်၏။ သို့မဟုတ် နိမ့်ကျသည့်နေရာ၌ နေစေ၏။ သို့မဟုတ် ထိုရဟန်းတော်ကိုယ်တိုင် အရပ်တစ်ပါး ပြောင်းရွှေ့သွား၏။ လူထွက်သွား၏။ ပျံလွန်တော်မူသွား၏။ ထိုအခါ ယင်းရဟန်းတော်ကို ကြည်ညိုရင်းစွဲရှိသော ပုဂ္ဂိုလ်ကား “ငါကား ဒီရဟန်းတော်ကို ကြည်ညို၏၊ ချစ်မြတ်နိုး၏၊ ငါကြည်ညိုသည့် ရဟန်းတော်ကို ဒီကိုယ်တော်တွေက အဂတိလိုက်ပြီး နှင်ထုတ်ကြတယ်”စသည်ဖြင့် အထင်ရောက် စိတ်ခု၍ အခြားရဟန်းတော်များကို မကြည်ညိုတော့ပေ။ သို့အတွက် ထိုရဟန်းတော်များထံ မဆည်းကပ် မကိုးကွယ်တော့ပေ။

ထိုအခါ သူတော်ကောင်းတရားကို မနာယူရတော့ပေ။ ယင်းသို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်မှာ သူတော်ကောင်းတရားတို့မှ ဆုတ်ယုတ်ရပေတော့မည်။ ကောင်းကျိုး ချမ်းသာများမှ ဆုတ်ယုတ်ရပေတော့မည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အနေဖြင့် ပုဂ္ဂိုလ်တစ်ပါးပါးကို ကြည်ညိုကိုးကွယ်ကြရာ၌ ကိုးကွယ်ရာမှ ဘေးဖြစ်တတ်ကြောင်းကို သတိပြု၍ စူးစမ်းဆင်ခြင်ပြီးမှ ကိုးကွယ်သင့်ကြပါကြောင်း သတိပေးအပ်ပါသတည်း။

**ဓမ္မရံသီမဂ္ဂဇင်း(၁၉၉၅-ခုနှစ်၊ နိုဝင်ဘာလ)**

## ရထားပေါ်ဝယ်

**(တက္ကသိုလ်သောတစ္စနေ)၊ ဓမ္မရံသီ**

ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ရာတွင် စိတ်ထားပုံ, ရည်ရွယ်ချက်ထားပုံများ မှန်ကန် မြင့်မားရေးအတွက် စေတနာမွန်ဖြင့် တင်ပြထားသော ဆောင်းပါးကောင်းတစ်ပုဒ် ဖြစ်ပါသည်။

**မင်းနန့်(မော်ကျွန်း)၊**
ရွှေအောင်လံမဂ္ဂဇင်း
၁၉၉၆–ခုနှစ်၊ မေလ

# ရထားပေါ်ဝယ်

မန္တလေးမှ ရန်ကုန်သို့သွားမည့် အမြန်ရထားကြီးသည် ညနေ ၃–နာရီ၊ ၁၅–မိနစ်အချိန်တွင် အချက်ပေးသံချောင်း ဆုံးသည်နှင့် တစ်ပြိုင်နက် ဥသြသံရှည်ရှည်ကြီး ဆွဲကာ တဖြည်းဖြည်းနှင့် ထွက်ခွါလာခဲ့ပါပြီ။

ရထားထွက်၍ မကြာမီပင် ခရီးသည်များအနက် အချို့က စကားပြောလာကြသည်။ အချို့က ဘေးပတ်ဝန်းကျင်ရှိ သဘာဝအလှကို ကြည့်ရှုခံစားရင်း လိုက်ပါလာကြသည်။ ကျွန်ုပ်သည်ကား စာအုပ်တစ်အုပ်ကို ဖတ်ရှုရင်း လိုက်ပါခဲ့၏။

တဂျုံးဂျုံး တဂျက်ဂျက်ဖြင့် အချိန်မှန်မှန် ခုတ်မောင်းလာသော အမြန်ရထားကြီးသည်ကား ညနေ ၆–နာရီခန့်တွင် သာစည်ဘူတာသို့ ဆိုက်ရောက်ပါသည်။ ထိုဘူတာ၌ ခေတ္တရပ်နားရာ ခရီးသည်များသည် ညနေစာ ထမင်းစားကြသည်။ အချို့လည်း မုန့်ပဲသွားရည်စာများ စားကြသည်။ ကျွန်ုပ်ကား ဖတ်လက်စ စာအုပ်ကိုပင် ဖတ်မြဲဖတ်နေပါသည်။ ထိုစဉ် အနီးမှ ဒကာကြီးတစ်ဦးက ကျွန်ုပ်အား စပါကလင် ဘိလပ်ရည်တစ်ပုလင်း လာကပ်ပါသည်။ ထို့နောက် ဘိလပ်ရည်သောက်ရင်း မိတ်ဆက်စကားပြောကြပါသည်။

"အရှင်ဘုရား၊ ဘယ်ကြွမှာပါလဲ ဘုရား"

"ရန်ကုန်ပါပဲ"

"ဒကာကြီးကော ရန်ကုန်ပဲလား"

"မှန်ပါ၊ ရန်ကုန်ပါပဲ၊ အရှင်ဘုရား ကြည့်ရတာ စာဖတ်ဝါသနာပါပုံ ပေါ်တယ်"

"ဆိုပါတော့"

"ဒါနဲ့ အရှင်ဘုရား၊ ပရိယတ္တိစာပေများ သင်ယူဖူးပါသလား၊ စာမေးပွဲများကော ဖြေဆိုဖူးပါသလား"

"သင်ယူဖူးပါတယ်၊ စာမေးပွဲလည်း ဖြေဆိုဖူးပါတယ်"

"တပည့်တော် မသိတာလေးတွေ မေးလျှောက်ချင်လို့ပါ"

"မေးပါ၊ သိတာဆိုလည်း ဖြေရတာပေါ့၊ ဦးဇင်းက ပိဋကတ်သုံးပုံဆောင် မဟုတ်လေတော့ ကြိုက်ရာမေးစမ်းလို့တော့ စိန်မခေါ်ဝံ့ပါဘူး"

"အဲဒီလောက်ထိတော့ မမေးပါဘူး"

"ကိုင်း ဘာများ မေးမှာလဲ"

"အခု တပည့်တော်တို့ မြန်မာပြည်မှာ လူဖြစ်ရတာ ကံကောင်းတယ်လို့ ဆိုရမလား"

"ဘာပြုလို့လဲ"

"ရတနာသုံးပါး ထွန်းကားတဲ့ ပဋိရူပဒေသအရပ်မှာ လူဖြစ်ရလို့ပါ"

"ဒါဆို မြန်မာပြည်မှာရှိတဲ့ အခြားဘာသာဝင်တွေကျ ဘယ်လိုဆိုရမလဲ၊ ဒါထက် အရှင်ဒေဝဒတ်တို့၊ စိဉ္စမာနတို့ကျတော့ ရတနာသုံးပါး ထွန်းကားတဲ့ အရပ်မှာ လူဖြစ်ရုံတွင်မကဘူး၊ သက်တော်ထင်ရှား ဘုရားရှင်ကိုတောင် ဖူးတွေ့ခဲ့ရတယ် မဟုတ်လား၊ ဒီလူတွေ ကံကောင်းကြရဲ့လား"

"ဒါလည်း စဉ်းစားစရာပဲ"

"အမှန်စင်စစ်မှာတော့ မြန်မာပြည်မှာ လူလာဖြစ်ရရုံနဲ့ ကံကောင်းပြီလို့ ရာနှုန်းပြည့် မဆိုနိုင်ပါဘူး၊ သို့ပေမယ့် ရတနာသုံးပါးနဲ့ တွေ့ဖို့ အလွန်တရာ နီးစပ်တာမို့ ရာခိုင်နှုန်းထက်ဝက်ကျော်ကျော်တော့ ကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်၊ အဓိကအရေးကြီးတာက နှလုံးသွင်းမှန်ကန်မှု-ယောနိသောမနသိကာရနဲ့ ရတနာသုံးပါးတို့ရဲ့ ဂုဏ်တော်တို့ကို ယုံကြည်မှုသဒ္ဓါတရားဓာတ်ခံရှိဖို့ လိုပါတယ်၊ ဒီနှစ်ပါးသာ ရှိရင်တော့ ရတနာသုံးပါး(ဗုဒ္ဓဘာသာ) မထွန်းကားတဲ့အရပ်မှာ လူဖြစ်ရပေမယ့် ကံကောင်းတဲ့လူလို့ ဆိုနိုင်ပါတယ်။"

"ဟုတ်တယ်၊ ဘုရားရှင်လက်ထက်ကဆိုရင် မဟာကပ္ပိနမင်းကြီးဟာ ရတနာသုံးပါး မထွန်းကားတဲ့ ပစ္စန္တ ရစ်အရပ်မှာ လူဖြစ်ရတဲ့သူပါ၊ ဒါပေမယ့် သဒ္ဓါတရား ဓာတ်ခံပါလာသူဆိုတော့ ရတနာသုံးပါးကို မတွေ့တွေ့အောင် ရှာခဲ့လို့ ဘုရားရှင်နဲ့တွေ့ရပြီး တရားထူးရခဲ့တယ် မဟုတ်လား၊ အခုခေတ်မှာလည်း ဟို အမေရိကန်, အင်္ဂလန်စတဲ့ အနောက်နိုင်ငံအချို့က လူအချို့ဟာ မြန်မာပြည်ကို လာရောက်ပြီး တရားအားထုတ်နေကြတယ် မဟုတ်လား၊ အဲဒီလို နိုင်ငံခြားသားအချို့ဟာ ကြာပန်းဝတ်ရည်ကို အဝေးက လာစုပ်ယူကြတဲ့ ပျားပိတုံးတွေလိုပဲ မြန်မာပြည်လာရောက်ပြီး ဝိပဿနာပန်းဝတ်ရည်တွေကို စုပ်ယူနေကြတယ်၊ ဒါပေမယ့် ဦးဇင်းတို့ မြန်မာလူမျိုးအများစုကတော့ ကြာပင်အောက်က ဖားတွေလိုပဲ၊ ဝိပဿနာကို အားမထုတ်ကြလေတော့ ဝိပဿနာပန်းဝတ်ရည်ကို မစားသုံးရဘူးပေါ့၊ ဝိပဿနာအားထုတ်ဖို့ နေနေသာသာ ကိုယ်ကိုးကွယ်နေတဲ့ ရတနာသုံးပါးအကြောင်းကိုတောင် မသိတဲ့ လူတွေ ဒုနဲ့ဒေး ရှိနေတယ် မဟုတ်လား၊ ဒါကြောင့် ရတနာသုံးပါး ထွန်းကားတဲ့ မြန်မာပြည်မှာ လူလာဖြစ်ရရုံနဲ့ ကံကောင်းပြီလို့ မဆိုနိုင်သေးပါဘူး၊ အဓိကအရေးကြီးတာကတော့ စောစောက ဦးဇင်းပြောခဲ့တဲ့ ယောနိသောမနသိကာရနဲ့ သဒ္ဓါတရား၊ ဒိတရားနှစ်ပါး လက်ကိုင်ထားပြီး ရှေးဘဝကုသိုလ်ကံကောင်းလို့ တွေ့ကြုံနေရလို့ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ် ကိုးကွယ်တတ်ဖို့ လိုပါတယ်။"

"ယုံကြည် ဆည်းကပ် ကိုးကွယ်တတ်ဖို့ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို ရှင်းပြပါဦးဘုရား"

"အခု ဦးဇင်းတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ ကိုးကွယ်မှုအပိုင်းဆိုင်ရာကို လေ့လာကြည့်မယ်ဆိုရင် ရတနာသုံးပါးကို ကိုးကွယ်တဲ့နေရာမှာ စိတ်ထားပုံ, ရည်ရွယ်ချက်ထားပုံ မှားနေတဲ့အချက်တွေ တွေ့မြင် ကြားသိနေရတယ်"

"ဘယ်လိုဟာပါလဲဘုရား"

"ရတနာသုံးပါး ကိုးကွယ်တဲ့နေရာမှာ ကြောက်လို့ကိုးကွယ်တာလည်း ရှိတယ်၊ ဆွေမျိုးတော်စပ်လို့၊ တစ်စုံတစ်ရာ ကျေးဇူးပြုဖူးလို့၊ စီးပွားဥစ္စာ

ချမ်းသာချင်လို့ ကိုးကွယ်နေကြတာလည်း တွေ့ရတယ်၊ အမှန်က ဒီလို မကိုးကွယ်သင့်ဘူး”

“ဘာကြောင့်ပါလဲဘုရား”

“အခုပြောခဲ့တဲ့ စိတ်ထားမျိုး ရည်ရွယ်ချက်မျိုးနဲ့ ကိုးကွယ်တာဟာ ကံ,ကံရဲ့အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ကိုးကွယ်တာမျိုးမဟုတ်ဘဲ ကြောက်စိတ်, သံယောဇဉ်စိတ်, လောဘစိတ်တို့နဲ့ ကိုးကွယ်ခြင်းမျိုးဖြစ်တော့ စစ်မှန်တဲ့ ကိုးကွယ်မှု မဟုတ်ဘူး၊ ဒါကြောင့် အကျိုးအရ နည်းတတ်တယ်”

“အခုခေတ်မှာ တချို့ဆရာတော်တွေဟာ စီးပွားဥစ္စာတက်တဲ့ ဂါထာ, မန္တန်တွေ ပေးတယ်၊ တချို့က စိပ်ပုတီးကို သိဒ္ဓိတင်ပေးတယ်၊ တချို့က မန်းမှုတ်ပေးတယ်လို့ ကြားသိရပါတယ်၊ အဲဒါ ဘယ်လို သဘောရပါသလဲ ဘုရား”

“ပြောရမှာတော့ ခက်တယ် ဒကာကြီး၊ လူတိုင်း ကြီးပွားချမ်းသာ ချင်ကြတာကိုတော့ အပြစ်မဆိုသာပါဘူး၊ ဆိုစရာလည်း မဟုတ်ပါဘူး၊ သို့ပေမယ့် ကြီးပွားချမ်းသာချင်ရင်ဖြင့် ကိုယ့်အားကိုယ်ကိုးပြီး အလုပ်လုပ်ဖို့ လိုပါတယ်၊ ဦးဇင်းတို့ ဗုဒ္ဓစာပေမှာ လောကီစီးပွားဥစ္စာ ကြီးပွားချမ်းသာနိုင်တဲ့ နည်းလမ်းတွေကို “ဥဋ္ဌာနသမ္ပဒါ”စသည်ဖြင့် ဘုရားရှင် ဟောတော်မူထားပါတယ်၊ အဲဒီနည်းလမ်းတွေကို လိုက်နာပြီး လက်တွေ့ကျင့်သုံးရင်ဖြင့် ကြီးပွားချမ်းသာနိုင်ပါတယ်၊ အခုတော့ အလွယ်လမ်းလိုက်ပြီး အချောင်ကြီးပွားချမ်းသာနေချင်ကြတာ၊ ဒီလို အချောင်မကြီးပွားချင်ပါနဲ့လို့ ဆိုချင်ပါတယ်”

“တစ်ခါ ရဟန်းတော်များဘက်က ကြည့်ပြန်ရင်လည်း လူဒကာ, ဒကာမတွေကို စီးပွားဥစ္စာ ကြီးပွားချမ်းသာအောင်ဟဲ့ဆိုပြီး ဂါထာ,မန္တန်တွေ ပေးတာ, သိဒ္ဓိတင်ပေးတာ, မန်းမှုတ်ပေးတာတွေဟာ သာသနာတော်နဲ့ မအပ်စပ်ဘူးလို့ ထင်ပါတယ်”

“ရဟန်းတော်များအနေနဲ့ မိမိဒကာ, ဒကာမတွေကို ကြီးပွားချမ်းသာစေချင်ရင်ဖြင့် သီလသိက္ခာနဲ့ ပြည့်စုံအောင်နေ၊ မေတ္တာဘာဝနာ ပွားများပြီး ချီးမြှောက်သင့်ပါတယ်၊ ဟုတ်တယ်၊ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်တွေဟာ ဒကာ, ဒကာမတွေ ကြီးပွားချမ်းသာအောင်ဆိုတဲ့ ရည်ရွယ်ချက်

နဲ့ ဂါထာ မန္တန်ပေးတာတွေ မရှိခဲ့ပါဘူး၊ အရှင်မဟာကဿပကြီးဆိုရင် ဆင်းရဲသားတွေကို ချီးမြှောက်တော့မယ်ဆိုရင် ရှေးဦးစွာ ဖလသမာပတ် ဝင်စားပြီးမှ ထိုပုဂ္ဂိုလ်ထံ ဆွမ်းခံဝင်လေ့ရှိပါတယ်၊ အရှင်သုဘူတိမထေရ်ဟာ လည်း မေတ္တာဘာဝနာ ပွားများပြီး ဆွမ်းခံဝင်လေ့ရှိပါတယ်လို့ ကျမ်းဂန်မှာ လာပါတယ်၊ အဲဒီမထေရ်ကြီးများလောက် မတတ်နိုင်တောင် မိမိစွမ်းနိုင်သမျှ တော့ ကျင့်ကြံရပါမယ်၊ ဆိုလိုတာကတော့ အပြစ်ကင်းပြီး အထက်တန်းကျ တဲ့နည်းမျိုးနဲ့သာ ချီးမြှောက်သင့်တယ်လို့ ဆိုချင်ပါတယ်၊ ဒါနဲ့စပ်လို့ မြန်မာ ရာဇဝင်ကလာတဲ့ အတ္ထုပ္ပတ္တိလေး ပြောရဦးမယ်"

"ပြောပါဘုရား၊ ဗဟုသုတ ရတာပေါ့"

"တစ်ခါတော့ ဘုရင်ကြီးတစ်ပါးဟာ လူသတ်သမားတွေနောက်က လိုက်လုပ်ကြံတာနဲ့ ဆရာတော်တစ်ပါးထံဝင်ပြီး ခိုလှုံခွင့်တောင်းတယ်၊ သူ့ ဝှက်ထားဖို့ လျှောက်ပါတယ်၊ အဲဒီအခါ ဆရာတော်က "တို့ရဟန်း ဘုရား ဝိနည်းနဲ့ မအပ်စပ်ဘူး"လို့ ပြောလိုက်ပါတယ်၊ ဒါနဲ့ နောက်တစ်ပါးဆီပြေး ပြီး ခိုလှုံခွင့်တောင်းပြန်တယ်၊ နောက်ဆရာတော်ကတော့ ဝှက်ထားလိုက်ပါ တယ်၊ ဒါနဲ့ မင်းကြီး အသက်ချမ်းသာရာ ရရှိသွားပါတယ်၊ အရေးအခင်း ပြီးသွားတဲ့အခါကျ မင်းကြီးက ပထမဆရာတော်ဟာ သံသရာဆရာဖြစ်ပါ ပေတယ်၊ ဒုတိယဆရာတော်ကတော့ ပစ္စုပ္ပန်ဆရာ ဖြစ်ပါပေတယ်လို့ ဆိုပြီး သမီးတော်ရဲ့ လက်ထပ်ပွဲမှာ ပထမဆရာတော်ကိုပဲ ပင့်ပါတယ်၊ ဒုတိယဆရာ တော်ဟာ အသက်သာ ကယ်ဆယ်ပေးလိုက်ရတယ်၊ ဆွမ်းစားတောင် အပင့်မခံ ရဘူးလို့ ဆိုပါတယ်၊ ဒုတိယဆရာတော်အတွက်ကတော့ ဝမ်းနည်းစရာပေါ့"

"ဒါနဲ့ ဒကာကြီးကို မေးရဦးမယ်၊ ဒကာကြီး ကိုယ်တိုင် ဒီလို အဖြစ် အပျက်မျိုးနဲ့ကြုံလို့ အသက်ချမ်းသာရာ ရခဲ့ရင် ဘယ်ဆရာတော်ကို ဆွမ်းစား ပင့်မလဲ"

"တပည့်တော်အနေနဲ့ မှန်ရာကို လျှောက်ရရင် ကိုယ့်အသက် ကယ် ဆယ်ခဲ့တဲ့ ဒုတိယဆရာတော်ကိုပဲ ပင့်မှာပေါ့ဘုရား"

"ဟုတ်ပါတယ်၊ လောလောဆယ် အခြေအနေကို ကြည့်ရင်တော့ ဒုတိယဆရာတော်ကိုပဲ ပင့်သင့်ပါတယ်၊ ဒကာကြီးမှ မဟုတ်ပါဘူး၊ ဘယ်သူ့

မေးကြည့်ကြည့် ကိုယ့်အသက် ကယ်ဆယ်ခဲ့တဲ့ ဒုတိယဆရာတော်ကိုပဲ ပင့်ကြလိမ့်မယ် ထင်ပါတယ်’

“ဒါပေမယ့် **မင်းကြီးကတော့ ပထမဆရာတော်ရဲ့ သီလဂုဏ်ကို အာရုံပြုပြီး အခုလို ပင့်ရခြင်း ဖြစ်ပါတယ်၊ သီလဂုဏ်အနေနဲ့ ပထမဆရာတော်က ဒုတိယဆရာတော်ထက် သာလွန်ပါတယ်၊** ဒါကြောင့် ဒကာ,ဒကာမတွေ အနေနဲ့ ရဟန်းတော်တစ်ပါးပါးကို ဆည်းကပ်ကိုးကွယ်တဲ့နေရာမှာ ထိုရဟန်းတော်ရဲ့ သီလ,သမာဓိ,ပညာဂုဏ်တို့ကိုသာ အာရုံပြုပြီး ဆည်းကပ်ကိုးကွယ်သင့်ကြပါတယ်၊ တခြား စီးပွားဥစ္စာ ကြီးပွားတိုးတက်မှု စသည်ကို မျှော်လင့်တောင့်တပြီး မဆည်းကပ် မကိုးကွယ်သင့်ကြပါဘူး။

“တစ်နည်းအားဖြင့် လူတို့အနေနဲ့ဆိုခဲ့တဲ့ ဂါထာပေးတဲ့ရဟန်း၊ သိဒ္ဓိတင်ပေးတဲ့ရဟန်း၊ အထူးအဆန်းတွေ လုပ်ဆောင်ပြနိုင်တဲ့ ရဟန်းတွေကို ရွေးချယ်ပြီး ကိုးကွယ်နေကြတာဟာ သာသနာတော် ဆုတ်ယုတ်ကြောင်းလို့ပဲ ဦးဇင်း ထင်မိပါတယ်”

“ဘာကြောင့်ပါလဲဘုရား”

“ဒကာကြီးပဲ စဉ်းစားကြည့်ပေါ့၊ လူအများစုက အဲဒီလို အထူးအဆန်းတွေ လုပ်ဆောင်ပြနိုင်တဲ့ ရဟန်းကိုမှ အုတ်အော်သောင်းတင်း သွားရောက်ကြပြီး ပုံအောတိုက် လှူဒါန်းပူဇော်နေကြလေတော့ ဘာမှ မလုပ်ဆောင်ပြနိုင်ရှာကြတဲ့ ဘုရားရှင်သာသနာ အရှည်တည်တံ့ရေးအတွက် သက်စွန့်ကြိုးပမ်းပရိယတ္တိသာသနာ့တာဝန် ထမ်းဆောင်နေကြတဲ့ ရဟန်းတော်များမှာ ပစ္စည်းလေးပါး အခက်မတွေ့နိုင်ပေဘူးလား”

“ဘုရားရှင် သာသနာတော် အစွန့်ရှည်တည်တံ့ရေးမှာ ‘ပရိယတ္တိသာသနာသည် အဓိကကျသည်’ ဆိုတဲ့စကား ဒကာကြီး ကြားဖူးမှာပေါ့၊ ဟုတ်တယ် ဒကာကြီး၊ စာသင်တိုက်ကြီးတွေ ရောက်ဖူးသလား၊ တချို့ဆရာတော်တွေဆို တစ်နေ့ စာဝါလေးဝါ ငါးဝါ ပို့ချနေကြတယ်၊ တစ်ဘက်ကလည်း တပည့်ပရိသတ်ကို ထိန်းသိမ်းစောင့်ရှောက်ရသေးတယ်”

“အခုခေတ်မှာ တပည့် ပရိသတ် မွေးရတာလည်း သိပ်မလွယ်လှဘူး၊ ထိန်းရသိမ်းရ တော်တော် ဒုက္ခရောက်တယ်၊ ဒကာကြီးတို့မှာ သားသမီး

လေးငါးယောက်လေးကို ထိန်းရသိမ်းရ ဘယ်နှယ် ဒုက္ခရောက်မနေဘူးလား၊ ဦးဇင်းတို့ သာသနာလောကမှာဆို တချို့ဆရာတော်တွေဆို စာသင်သား ရှစ်ဆယ် ကိုးဆယ်အထိ ရှိတတ်ကြပါတယ်၊ အဲဒါတွေကို တစ်ပါးတည်း အုပ်ချုပ်ကြပါတယ်၊ ဒကာကြီးတို့ ကိုယ်ပိုင်သားသမီး လေးငါးယောက်တောင်မှ နိုင်အောင် မအုပ်ချုပ်နိုင်ဘူးဆိုရင် ကိုယ်ပိုင်သားသမီးမဟုတ်တဲ့ စာသင်သား ရှစ်ဆယ်,ကိုးဆယ်ကို အုပ်ချုပ်ဖို့ ဘယ်လောက်ခက်မယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့"

"ပြောချင်တာက အဲဒီလို စာသင်သားတပည့် ပရိသတ်တွေ မွေးပြီး အပင်ပန်းခံ စာပေတွေ ပို့ချနေကြပေမယ့် စားဝတ်နေရေးအတွက် မပြည့်စုံကြတော့ဘူးဆိုရင် ဘယ်လိုဖြစ်လာနိုင်မလဲ၊ အင်း... စာသင်သား မွေးပြီး စာချပေးနေပေမယ့် ပစ္စည်းလေးပါးက မပြည့်စုံ၊ စာသင်သားတွေ မွေးရတာလည်း ဆုံးမရခက်သနဲ့၊ ဆင်းရဲတာပဲ အဖတ်တင်ပါတယ်၊ လူတွေကလည်း လောလောဆယ် သူတို့ စီးပွားချမ်းသာအောင် လုပ်ပေးနိုင်တဲ့ ဘုန်းကြီးမှ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေတော့ ဒီအတိုင်း လုပ်နေလို့ကတော့ မဖြစ်ပါဘူး၊ ပစ္စည်းလေးပါး ပေါများအောင်တော့ နည်းသစ် လမ်းသစ်လေးတွေ ရှာဦးမှပဲလို့ စိတ်ကူးပြီး မအပ်မရာတဲ့ နည်းလမ်းတွေနဲ့ ပစ္စည်းလေးပါး ရှာမှီးလာနိုင်ပါတယ်၊ အချို့ လူအထင်ကြီးဖွယ် အကျင့်တွေ ကျင့်ပြီး ရှာနိုင်ပါတယ်၊ အချို့ လူမှုရေးလုပ်ငန်းတွေ ကူညီ လုပ်ကိုင်ပေးပြီး ရှာနိုင်ပါတယ်၊ အချို့ ဗေဒင်,လက္ခဏာဟောပြီး ရှာနိုင်ပါတယ်။"

"အဲဒီ အသက်မွေးနည်းများဟာ ဘုရားရှင်မကြိုက်တဲ့ မိစ္ဆာဇီဝအသက်မွေးနည်းများဖြစ်ပါတယ်၊ အဲဒီလို အသက်မွေးကုန်ကြပြီဆိုကတည်းက ဝိနည်းသိက္ခာပုဒ်တွေနဲ့ ဆန့်ကျင်နေတဲ့အတွက် သာသနာ ဆုတ်ယုတ်နေတော့တာပါပဲ၊ ဟုတ်တယ်၊ ဝိနည်းဟာ သာသနာရဲ့အသက်လို့ဆိုတယ်၊ ဝိနည်း သာသနာတည်မှ သာသနာတည်တံ့မယ်လို့ ကျမ်းဂန်များမှာ ဆိုပါတယ်၊ အဲဒီလို မစင်ကြယ်တဲ့ နည်းတွေနဲ့ အသက်မမွေးချင်ကြတဲ့ အချို့ရဟန်းတော်တွေဟာလည်း ဘုရားသာသနာတော်မှာ နေရတာ စင်ကြယ်တဲ့အသက်မွေးနည်းနဲ့ဆိုရင် ရပ်တည်နေနိုင်ဖို့ မလွယ်ကူလှပါဘူး၊ မစင်ကြယ်တဲ့ အသက်မွေးနည်းနဲ့လည်း ရပ်တည်မနေချင်ပါဘူး၊ လူ့ဘဝ ကူးပြောင်းပြီး လုပ်စားတာမှ

ကိုယ့်လုပ်စာ ကိုယ်စားတာဆိုတော့ စင်ကြယ်ပါသေးတယ်’စသည်ဖြင့် စိတ်ကူးကြပြီး လှူထွက်ကုန်ပါတယ်၊ ဒါကြောင့် ဒကာ,ဒကာမတွေ စီးပွားဥစ္စာ ချမ်းသာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဂါထာမန္တန်ပေးခြင်း၊ သိဒ္ဓိတင်ပေးခြင်း စတဲ့ အပြုအမူများဟာ သာသနာ ဆုတ်ယုတ်ကြောင်းလို့ ဦးဇင်း ထင်မိပါတယ်၊ ဟုတ်,မဟုတ်တော့ ဒကာကြီး ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ့်ဘာသာ ဆုံးဖြတ်ပေတော့”

“ဒါလည်း ဖြစ်နိုင်လောက်ပါတယ်ဘုရား”

“ကိုင်း... ဘာမေးဦးမလဲ၊ ဒကာကြီးက တော်တော် မေးနိုင်တဲ့လူပဲ၊ ရှေ့နေများလား”

“မဟုတ်ရပါဘူးဘုရား၊ ဒါလောက်ဆို ကျေနပ်ပါပြီ၊ အခုလို ပြောပြတာကို များစွာ ဝမ်းသာလှပါတယ်ဘုရား”

“ကိုင်း... ဒီလိုဆို ဦးဇင်းတို့ရဲ့ ဓမ္မသာကစ္ဆာ တရားဆွေးနွေးပွဲကို ဒီမှာပဲ ရပ်နားကြပါစို့၊ ည ဆယ်နာရီလည်း ထိုးပြီးပြီ”

“မှန်ပါဘုရား၊ မှန်ပါဘုရား”

**ဓမ္မရံသီမဂ္ဂဇင်း(၁၉၉၆-ခုနှစ်၊ [illegible]တ်လ)**

# မဟာစည်ဆရာတော်နှင့် သိဒ္ဓိတင်ခြင်းအမှု

(၁၄-၁၁-၉၆)နေ့က မုံရွာမြို့ စန်းမြသိတာရိပ်သာဆရာတော် ဘဒ္ဒန္တ နိပုဏထံရောက်စဉ် ဆရာတော်က မဟာစည်ဆရာတော်ဘုရားကြီးအကြောင်းကို ပြောပြပါ၏။

မဟာစည်ဆရာတော်ဘုရားကြီး လားရှိုးမြို့၊ သုဓောဓာရုံရိပ်သာ ဖွင့်ပွဲ ကြွရောက်စဉ်က ဖြစ်၏။ ဒကာတစ်ဦးက ဆရာတော်ဘုရားကြီးအား ၎င်း၏ လက်ကိုင်ပဝါကို သိဒ္ဓိတင်သည့်သဘောဖြင့် ထိကိုင်ပေးပါရန် လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားကြီးက "ဒကာကြီး... ဘုန်းကြီးက လက်ကိုင်ပဝါ ကိုင်ပေးရုံမျှဖြင့် ဒီလက်ကိုင်ပဝါဟာ တန်ခိုးကြွဒ္ဓိပါဒ်တွေ ရှိလာပြီး ဘေးအန္တရာယ်တွေ ကင်းသွားမှာ မဟုတ်ပါဘူး၊ ဘေးရန်ကင်းဖို့ကတော့ သရဏဂုံ ဆောက်တည်၊ သီလလုံခြုံအောင် စောင့်ထိန်း၊ မေတ္တာဘာဝနာ ပွားများ၊ ဒီထက်တတ်နိုင်ရင် သတိပဋ္ဌာန်အလုပ် အားထုတ်ပါ၊ စိတ်စွမ်းအားတွေ ထက်မြက်လာပြီးတော့ ဘေးအန္တရာယ်တွေမှ ကင်းဝေးလာနိုင်ပါတယ်၊ ကြောက်လန့်မှုတွေလည်း သက်သာသွားနိုင်ပါတယ်"ဟု မိန့်တော်မူ၍ လက်ဖြင့် ထိကိုင်ပေးတော် မမူပေ။ သိဒ္ဓိ တင်မပေးပေ။

သို့သော် ထိုဒကာလည်း ဆရာတော်ဘုရားကြီး လားရှိုးမှ နန်းခမ်းသို့ ကြွတော်မူရာတွင် လိုက်သွား၍ ၎င်းလက်ကိုင်ပဝါကို ထိကိုင်ပေးဖို့ လျှောက်ထားပြန်ပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက "ဒကာကြီး... သူများအားမကိုးချင်စမ်းပါနဲ့၊ ကိုယ့်ကိုယ်ကို အားကိုးစမ်းပါ၊ ဘုရားရှင်က '**အတ္တာဟိ**

**အတ္တာနော နာထော၊ ကော ဟိ နာထော ပရော သိယာ–** မိမိသည်ပင်လျှင် မိမိ၏ အားကိုးရာတည်း၊ အဘယ်သူသည် မိမိ၏ အားကိုးရာ ဖြစ်နိုင်ပါအံ့နည်း'လို့ ဟောတော်မူထားပါတယ်၊ ဒါကြောင့် ကိုယ့်ကိုယ်ကို အားကိုးစမ်းပါ"ဟု မိန့်တော်မူ၍ လက်နှင့် ထိကိုင်ပေးတော် မမူပေ။

သို့သော် ထိုဒကာလည်း စိတ်မပျက် အားမလျော့ဘဲ ဆရာတော်ဘုရားကြီး နန်းခမ်းမှ မူဆယ်သို့ ကြွသွားရာတွင်လည်း လိုက်ပါသွား၍ ထုံးစံအတိုင်း လျှောက်ထားပြန်သည်။ ထိုအခါ ဆရာတော်ဘုရားကြီးက "ဒကာကြီး၊ ဘုန်းကြီးလက်မှာ အညစ်အကြေးတွေရှိရင် ဒကာကြီးရဲ့ လက်ကိုင်ပဝါလေးဟာ ဖြူဖွေးနေရာက မည်းညစ်သွားပြီးတော့ မသန့်ရှင်းရုံဘဲ ရှိမှာပေါ့၊ ဘာမှ အကျိုးထူး မသက်ရောက်ပါဘူး၊ လက်တွေ့ အကျိုးထူး သက်ရောက်ချင်ရင် လက်တွေ့ သိမြင်နိုင်တဲ့ တရားတွေ ရှိပါတယ်၊ အဲဒီတရားတွေကိုသာ အားထုတ်ပါ၊ လက်တွေ့ သိမြင်နိုင်တဲ့တရားတွေကို အားမထုတ်လို့ကတော့ အချိန်တွေ ဖြုန်းရာရောက်ပြီး အလိုရှိအပ်တဲ့ အကျိုးစီးပွားတွေ ရရှိလာလိမ့်မယ် မဟုတ်ပါဘူး"ဟု မိန့်တော်မူ၍ ထိကိုင်ပေးဖို့နေနေသာသာ လှည့်၍ပင် မကြည့်တော့ဟု ဆိုသည်။

ထိုဒကာမှာ မဟာစည်ဆရာတော်ဘုရားကြီးကို လွန်စွာ ယုံကြည်လျက် ရှိပေသည်။ ဆရာတော်ကြီး ထိကိုင်ပေးသည့် လက်ကိုင်ပဝါကို ဆောင်ထားလျှင် စီးပွားတက်မည်၊ အန္တရာယ်ကင်းမည်ဟု ယုံကြည်နေပေသည်။ အကယ်၍ ၎င်း၏ ကံဉာဏ်ဝီရိယကြောင့် စီးပွားတက်လာလျှင်သော်မှ ဆရာတော်ဘုရားကြီး သိဒ္ဓိတင်ပေးသည့် လက်ကိုင်ပဝါကို ဆောင်ထားသောကြောင့် တက်လာသည်ဟု ယုံကြည်ပေလိမ့်မည်။

သို့ရာတွင် ဆရာတော်ဘုရားကြီးကမူ ထိုသို့ ပြုလုပ်ပေးလိုက်လျှင်...

၁။ ထိုဒကာမှာ စီးပွားတက်ခြင်း၊ အန္တရာယ်ကင်းခြင်း စသည်တို့မှာ ဆရာတော်ဘုရားကြီး သိဒ္ဓိတင်ပေးလိုက်သည့် လက်ကိုင်ပဝါကို ဆောင်ထားသောကြောင့်ဟု ယုံကြည်သွား၍ ကံ,ကံ၏အကျိုးပေးအပေါ် ယုံကြည်မှု အားနည်းသွားဖွယ်ရှိခြင်း၊ ထိုအခါ ယုံကြည်မှု လွဲမှားသွားနိုင်ခြင်း။

၂။ မိမိ၏ ဉာဏ်စွမ်း, ဝီရိယစွမ်းများကို အားမကိုးချင်တော့ဘဲ (ကိုယ့်အား ကိုယ်ကိုးလိုစိတ်များ မရှိတော့ဘဲ) နေရာတကာ သူများကိုသာ မှီခိုအားကိုးလိုစိတ်များ တိုးပွားသွားဖွယ်ရှိခြင်း။

၃။ ထိုအခါ လူ့စွမ်းလူစ တုံးသွား၍ စိတ်နေစိတ်ထား အောက်ကျ သွားဖွယ်ရှိခြင်း၊

၄။ ဆရာတော်ဘုရားကြီးအပေါ် ကြည်ညိုရာတွင် သာသနာ့ဝန်ထမ်း ရဟန်းကောင်းတစ်ပါးအနေဖြင့် ကြည်ညိုမှုမျိုး မဖြစ်နိုင်တော့ဘဲ သိဒ္ဓိတင်ပေးသည့် ရဟန်းတော်အနေ၊ တန်ခိုးအစွမ်းထက်သော ရဟန်းတော်အနေမျိုးဖြင့်သာ ကြည်ညိုသွားဖွယ်ရှိခြင်း၊

၅။ နောင်လာနောက်သား ရှင်ရဟန်းအချို့က "သိဒ္ဓိတင်ပေးခြင်း အမှုကို မဟာစည်ဆရာတော်တောင် လုပ်ပေးခဲ့သေးတာပဲ၊ တို့လည်း လုပ်ပေးမှပဲ"ဟု အတုလိုက်၍ လုပ်နိုင်ဖွယ်ရှိခြင်း၊

၆။ သာသနာစိတ်ရှိသော ရှင်ရဟန်းအချို့ကမူ "မဟာစည်ဆရာတော် ဟာ ဝိပဿနာတရားသာ ပြနေတာ၊ ဂိုဏ်းဆရာ, ပျောက်စေ ဆရာတို့သာ ပြုလုပ်ပေးဖွယ်ရှိတဲ့ သိဒ္ဓိတင်ခြင်းအမှုကို လုပ်ပေး တယ်ဆိုပါကလား"ဟု ကဲ့ရဲ့ပြစ်တင်ဖွယ်ရာရှိခြင်း၊

ဤသို့သော အကြောင်းများကြောင့် ထိုသိဒ္ဓိတင်ပေးမှုကို ရှောင်ကြဉ် ရခြင်း ဖြစ်တန်ရာပေသည်။

## သိဒ္ဓိတင်ပေးသည့်ဆရာတော်များ

သိဒ္ဓိတင်ပေးမှုနှင့် စကားစပ်၍ စာရေးသူ တွေ့မြင်ခဲ့ရသော သိဒ္ဓိ တင်ပေးသော ဆရာတော်များအကြောင်းကို တင်ပြပါရစေ။

စာရေးသူ၏ ပစ္စည်းလေးပါး ဒကာ,ဒကာမများဖြစ်ကြသော ဦးသန်း ဇော်+ဒေါ်မြင့်မြင့်ဌေး (ငြိမ်းချမ်းရပ်မြင်သံကြား ပြုပြင်ရေး)တို့က ပင့်ဆောင် သဖြင့် (၂၃-၁၁-၉၆)နေ့က ဘုရားဖူးခရီးထွက်ခဲ့ပါသည်၊ ယင်းခရီးစဉ်၌ သိဒ္ဓိတင်ပေးသည့် ဆရာတော်နှစ်ပါးကို ဖူးတွေ့ခဲ့ရပါသည်။

ပထမဆရာတော်မှာ စာရေးသူကျောင်းပေါ်ရောက်သွားချိန်တွင် ဖူးမြော် လာသူ ကျောင်းအပြည့်ရှိပါသည်။ ထိုသူများအား မည်သည့် တရားချီးမြှင့်

လိုက်သည်ကို မသိရပါ။ စာရေးသူ ထိုကျောင်းပေါ်၌ ဆွမ်းဘုဉ်းပေးနေချိန်တွင် ရောက်လာသော ပရိသတ်နှစ်ဖွဲ့စလုံးအားမှ ရှေးဦးစွာ အင်္ဂလိမာလသုတ်ကို ရွတ်ဆိုချီးမြှင့်ပါသည်။ ထို့နောက် ကုသိုလ်အဖို့ကို အမျှပေးဝေပါသည်။ ဖူးမြော်လာသည့် ပရိသတ်တိုင်းအား ဤသုတ်ကိုချည်း ချီးမြှင့်သည်ဟု စုံစမ်းသိရှိရပါသည်။ ဆရာတော် ပရိတ်ချီးမြှင့်ပေးပြီးသည်နှင့် တစ်ပြိုင်နက် ဖူးမြော်လာသည့် ပရိသတ်ကြီးမှာ ထုံးစံအတိုင်း မိမိတို့တွင် ပါရှိလာသော စိပ်ပုတီးများ၊ ရေပုလင်းများ၊ ငွေစက္ကူများကို ဆရာတော်ထံ သိဒ္ဓိတင်ခိုင်းကြပါတော့သည်။ ဆရာတော့်အနီးတွင် ဝိုင်းအုံလျက် ဆူညံနေပါတော့သည်။

ဒုတိယဆရာတော်မှာ ထိုဆရာတော်ကို ဖူးမြော်ရန်အတွက် လူအများမှာ နံနက် ငါးနာရီကျော်ကျော်ကတည်းက ဆရာတော် ဖူးမြော်ခံရာ ကျောင်းဆောင်ထဲတွင် ရောက်ရှိနေကြပါသည်။ အချိန်မကျသေးသဖြင့် ဆရာတော်ကို စောင့်ဆိုင်းနေကြရပါသည်။ ဆရာတော်ကို စောင့်ဆိုင်းနေကြသည့်အချိန်အတွင်းတွင် တပည့်ရဟန်းများနှင့် လူဒကာများထံ အလှူငွေများ လှူဒါန်းနေကြပါသည်။ ဆရာတော်ကြီးကို ကံထပ်ပေးလိုပါက အလှူငွေ လေးထောင်ကျပ် လှူရပါသည်။ ဆွမ်းကျွေးလိုပါက သုံးထောင်ကျပ် လှူရပါသည်။

နံနက်ခြောက်နာရီခွဲခန့်တွင် ဆရာတော်ကြီး ကြွရောက်၍ အဖူးမြော်ခံပါသည်။ ရှေးဦးစွာ သင်္ကန်းကပ်လှူလိုသည့် စေတနာရှင်များအား နှစ်ဦးတစ်တွဲပြိုင်တူ ကပ်ခိုင်းပါသည်။ ထို့နောက် ကံထပ်ပေးလိုသည့် စေတနာရှင်များအား ပရိက္ခရာရှစ်ပါး ပြင်ဆင်ပေး၍ ကပ်ခိုင်းပါသည်။ ထိုစေတနာရှင်များအား ဆရာတော်ကြီးက ဆုများ ပေးသနားပါသည်။ ထိုကိစ္စများပြီးဆုံးသွားသောအခါ စိပ်ပုတီးများ၊ ရေပုလင်းများ၊ ဖယောင်းတိုင်များ၊ အမွှေးတိုင်ထုပ်များ၊ ဓာတ်ပုံများကို လင်ပန်းတွင်ထည့်ပြီး ဆရာတော်ကြီးရှေ့မှောက်၌ တန်းစီချထားပေးပါသည်။ ဆရာတော်ကြီးက ထိုလင်ပန်းအားလုံးကို လိုက်လံ ကြည့်ရှု၍ သိဒ္ဓိတင်ပေးသည်ဆိုကာ တိုးတိုးရွတ်ဆိုနေပါသည်။ ဂါထာနှစ်ဂါထာစာလောက်ရှိမည် ထင်ပါသည်။ သိဒ္ဓိတင်ခြင်းကိစ္စ ပြီးဆုံးလျှင် ကိုယ့်ပစ္စည်းကိုယ် ယူသွားကြပါသည်။ ထို့နောက် တပည့်ရဟန်းတစ်ပါးက သီလပေး ရေစက်ချ အမျှပေးဝေပါသည်။

စာရေးသူ စောင့်ဆိုင်းနေရသော တစ်နာရီခွဲခန့်အချိန်အတွင်းတွင် အလှူငွေ ခြောက်သောင်းကျော်, ခုနစ်သောင်းမျှ ရရှိလိမ့်မည် ထင်ပါသည်။ စာပေပို့ချနေသည့် ဆရာတော်တစ်ပါးကို စာပေပို့ချပေးနေသည့် တစ်နာရီ အတွင်းတွင် ကြည်ညိုသဒ္ဓါပေါက်၍ ထိုမျှလောက် လာရောက်လှူဒါန်းသူ ရှိကြပါသလား။

## ကားပေါ်မှ အတွေးများ

ထိုမှအပြန် ကားပေါ်တွင် စာရေးသူသည် အတွေးနယ်ချဲ့နေမိပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံ၌ ထင်ပေါ်ကျော်ကြား၍ လူအများ တကူးတက သွားရောက်ဖူးမြော်နေကြသည့် ဆရာတော်ကြီးများ ရှိပေသည်။ ယင်းဆရာတော်ကြီးများသည် မိမိထံမှောက် ဖူးမြော်ရောက်လာကြသည့် ဒကာ,ဒကာမများအား ဩဝါဒစကား များများ မပေးနိုင်လျှင်သော်မှ "မှန်ကန်တဲ့ သမ္မာအာဇီဝနည်းလမ်းနဲ့ အသက်မွေးကြ၊ မမှန်ကန်တဲ့ မိစ္ဆာဇီဝနည်းလမ်းနဲ့ အသက် မမွေးကြနဲ့နော်၊ စီးပွားရှာတဲ့နေရာမှာ ကိုယ်ချင်းစာတရား ထားကြနော်"ဟူသော ဩဝါဒစကားလေး တစ်ခွန်းလောက်မျှ ချီးမြှင့်လိုက်ကြပါမှ ကောင်းလေစွဟု တောင့်တမိပေသည်။ ဆရာတော်ကြီးများအပေါ် ဆရာလုပ်သည်ဟု မထင်မှတ်ကြစေလိုပါ။ မိမိဖြစ်စေလိုသည့် အလိုဆန္ဒကိုသာ ဖော်ထုတ်တင်ပြရခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးကို ကံထပ်ပေးသည်ဆိုရာ၌လည်း အလှူငွေလေးထောင် လှူလိုက်ရ၊ ပရိက္ခရာရှစ်ပါး ပြင်ဆင်ပေး၊ ဆရာတော်ကြီးအား ကပ်လှူ၊ ဆရာတော်ကြီးက ဆုပေး၊ ပြီးလျှင် ရေစက်ချ, အမျှဝေ ဤမျှသာ ဖြစ်သည်။ သိမ်ဝင်ခြင်း၊ ကမ္မဝါစာဖတ်ခြင်း မရှိပေ။ ဤမျှလောက်ဖြင့် ထိုအလှူရှင်များမှာ ၎င်းတို့သည် ထိုဆရာတော်၏ ရဟန်းဒကာ, ဒကာမများ ဖြစ်သွားကြပြီဟု ထင်မှတ်သွားကြဟန် တူပေသည်။

သိဒ္ဓိတင်ပေးမှုနှင့် ပတ်သက်၍လည်း လူအများမှာ ထိုဆရာတော် သိဒ္ဓိတင်ပေးလိုက်သည့် အရာများကို ဆောင်ထားလျှင်ပင် စီးပွားတက်တော့မည်၊ အန္တရာယ်ကင်းတော့မည်ဟု ယုံကြည်သွားကြဟန်တူပေသည်။ သို့ရာတွင် ပေးကမ်းစွန့်ကြဲမှု, မိမိစိတ်ဓာတ် ဖြူစင်မြင့်မြတ်အောင် ကျင့်ကြံမှု

စသည် မပြုလုပ်ဘဲ ထိုအရာဝတ္ထုများဆောင်ထားရုံနှင့်ကား စီးပွားတက်ခြင်း စသည် ဖြစ်လာမည် မထင်ပေ။ ဖြစ်လာသည်ဆိုစေ မိမိ၏ ဉာဏ်စွမ်း, ဝီရိယ စွမ်းများ လျော့နည်းသွားဖွယ်ရာ ရှိခြင်း၊ ကံ,ကံ၏အကျိုးပေးအပေါ် ယုံကြည်မှု လျော့နည်းသွားဖွယ်ရာရှိခြင်း စသည်တို့ ဖြစ်သွားဖွယ် ရှိလေသည်။ ဤအကြောင်းနှင့် ပတ်သက်၍ သြစတြေးလျ ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိကက-

"လူတွေဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နားလည်သဘောကျတာနဲ့ တစ်ပြိုင်နက်(အင်းချထားတဲ့) စက္ကူစလေးများထက်, သတ္တုပြားစလေးများထက်, ရွတ်ဆိုမန်းမှုတ်ထားတဲ့ စကားလုံးအနည်းငယ်ထက် ဖြူစင်တဲ့စိတ်နှလုံးက သူတို့ကို ပိုပြီး အကာအကွယ်ပေးနိုင်ကြောင်း သေသေချာချာ သိလာကြတဲ့အခါမှာ အဲဒီလိုဟာတွေကို သူတို့ အားမကိုးကြတော့ပါဘူး၊ ဗုဒ္ဓတရားတော်အရ ရိုးသားဖြောင့်မတ်ခြင်း၊ သနားကြင်နာခြင်း၊ သိနားလည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ရက်ရောခြင်း၊ သစ္စာရှိခြင်းနှင့် တခြားကောင်းတဲ့ အရည်အသွေးတွေက သင့်ကို ကာကွယ်စောင့်ရှောက်ပါတယ်၊ ကြီးပွားတိုးတက်စေပါတယ်"ဟု မိန့်ဆိုထားပေသည်။

**(ချမ်းမြေ့ရိပ်သာဆရာတော်၊ နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏ ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ)**

သိဒ္ဓိတင်ပေးခြင်းအမှုနှင့် စပ်လျဉ်း၍ မဟာစည်ဆရာတော်ဘုရားကြီး၏ သဘောထားကို သိနိုင်ကြစေရန် ဤဆောင်းပါးကို ရေးသားတင်ပြရခြင်း ဖြစ်ပါသတည်း။

# ကမ္မဝါဒ

ဗုဒ္ဓသာသနာဆိုင်ရာ ကမ္မဝါဒမှာ ရိုးရိုးရှင်းရှင်းပင် ဖြစ်သည်။ "ကောင်းမှုကံသည် ကောင်းကျိုးကို ပေး၍ မကောင်းမှုကံသည် မကောင်းကျိုးကို ပေးသည်" ဤကား ကမ္မဝါဒ၏ ယေဘုယျအခြေခံဖြစ်၏။

ချိုသော မျိုးစေ့သည် ချိုသောအသီးအပွင့်ကို သီးပွင့်စေ၍ ခါးသော မျိုးစေ့သည် ခါးသော အသီးအပွင့်ကို သီးပွင့်စေသည်။ ဤကား မျိုးစေ့တို့၏ သဘာဝဖြစ်၏။ ယင်းသဘာဝကို "**ဗီဇနိယာမ**"ဟု ဗုဒ္ဓဒဿနပညာရှင်တို့ ခေါ်ဆိုကြသည်၊ ကောင်းသောကံသည် ကောင်းကျိုးကို ဖန်တီး၍ မကောင်းသောကံသည် မကောင်းကျိုးကို ဖန်တီးသည်၊ ဤကား ကမ္မသဘာဝဖြစ်၏။ ယင်းသဘာဝကို "**ကမ္မနိယာမ**"ဟုခေါ်သည်။ ကောင်း,မကောင်းသောအကျိုးကို ဖော်ဆောင်ရာ၌ မျိုးစေ့နှင့်ကံတို့သည် သဘောအားဖြင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် အကြင်သို့သဘောရှိသော မျိုးစေ့ကို စိုက်ပျိုးပါက ထိုသို့သဘောရှိသော အသီးကို ရရှိသကဲ့သို့ ကောင်းမှုပြုသူသည် ကောင်းကျိုးကို ရရှိ၍ မကောင်းမှုပြုသူသည် မကောင်းကျိုးကို ရရှိသည်"ဟု ဗုဒ္ဓမြတ်စွာ ဟောညွှန်ထားခြင်း ဖြစ်ပေသည်။

"ကမ္မ"ဟူသော ဝေါဟာရသည် သာမန်အားဖြင့် အလုပ်အကိုင် အပြုအမူဟူသောအနက်ကို ဆောင်သည်။ ကမ္မဝါဒ, ကမ္မနိယာမကုသိုလ်ကံဟု ဆိုရာ၌မူ အလုပ်အကိုင် အပြုအမူဖြစ်ပေါ်လာအောင် တိုက်တွန်းလှုံ့ဆော်သည့်

စေတနာကို ကမ္မ=ကံဟု ဆိုလိုပေသည်။ ပစ္စည်းဥစ္စာ ပေးလှူခြင်း၊ သီလ စောင့်ထိန်းခြင်း၊ သူတစ်ပါး၏ ကောင်းကျိုးကို ဆောင်ရွက်ခြင်းစသည့် ကောင်းသော အပြုအမူဖြစ်ပေါ်လာအောင် လှုံ့ဆော်တိုက်တွန်းသော စေတနာကို ကောင်းမှုကံ(သို့မဟုတ်) ကုသိုလ်ကံဟု ခေါ်သည်။

အလားတူပင် သူတစ်ပါးကို နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးနှောင့်ယှက်ခြင်း စသည့် မကောင်းသော အမူအကျင့်တို့၌ မကောင်းသော စေတနာပါရှိသည်။ ထိုမကောင်းသော စေတနာက မကောင်းသော အပြုအမူဖြစ်ပေါ်လာအောင် လှုံ့ဆော်တိုက်တွန်းသည်။ ထိုသို့သော စေတနာဆိုးကို မကောင်းမှုကံ(သို့မဟုတ်) အကုသိုလ်ကံဟု ခေါ်သည်။ ဤသို့လျှင် ကုသိုလ်ကံက ကောင်းသောအကျိုးကို ပေး၍ အကုသိုလ်ကံက မကောင်းသောအကျိုးကို ပေးသည်။

သို့ဖြစ်၍ သတ္တဝါတိုင်းသည် မိမိ၏ ကောင်းကျိုးဆိုးပြစ်ကို မိမိကိုယ်တိုင်သာ ဖန်တီးနေခြင်း ဖြစ်သည်။ အခြားသူတစ်ဦးက ဖန်တီးပေးနေခြင်း မဟုတ်ပေ။ ထို့ကြောင့် "သတ္တဝါများကိုလည်းကောင်း၊ ယင်းသတ္တဝါများ၏ ကောင်းကျိုးဆိုးပြစ်ကိုလည်းကောင်း၊ ဗြဟ္မာကြီးက ဖန်ဆင်းသည်"စသည့် ဖန်ဆင်းရှင်ဝါဒ(ဣဿရနိမ္မာနဝါဒ)ကို ဗုဒ္ဓဒဿနက လက်မခံပေ။ ထို့ကြောင့်ပင် သတ္တဝါတိုင်းသည် မိမိဘဝကို ဖန်တီးသူဖြစ်သည်။ မိမိကိုယ်ကိုသာ အားထားရာ ဖြစ်သည်ဟူသော အဓိပ္ပာယ်ရသည့် "**အတ္တာဟိ အတ္တနောနာထော**"စသော ဒေသနာတော်ကို ဟောတော်မူခဲ့ခြင်း ဖြစ်လေသည်။

ထိုကမ္မဝါဒသည် ဗုဒ္ဓဒဿနအခြေခံနှင့် ဆက်စပ်နေပါသည်။ ယေဘုယျအားဖြင့် သတ္တဝါတို့သည် အာရုံငါးပါးကို ခုံမင်ကြသည်။ ကောင်းသော ဘဝ၌ ကောင်းသောအခြေအနေကို တောင့်တ၍ ကောင်းသောစည်းစိမ်ကို ခံစားလိုကြသည်။ ပို၍ ပို၍ ကောင်းသောအာရုံကို မြင်ရကြားရတိုင်း ထိုအာရုံကို ရယူလိုကြသည်။ ယင်းရယူလိုမှုသဘောသည် တဏှာပင်ဖြစ်လေသည်။ ယင်းတဏှာသည် ကောင်းမှုကံ, မကောင်းမှုကံကို ပြုလုပ်ဆည်းပူးခြင်း၏ အကြောင်းရင်းဖြစ်လေသည်။

အချို့သောသတ္တဝါတို့သည် မိမိဝမ်းစာအတွက် အခြားသတ္တဝါကို သတ်ဖြတ်စားသောက်တတ်ကြသည်။ အချို့သောသတ္တဝါတို့သည်ကား မိမိ၏ လိုအင်ဆန္ဒ ပြည့်ဝရေးကိုသာ ရှေးရှု၍ သူတစ်ပါးပစ္စည်းကို ခိုးဝှက်တတ်ကြသည်။ တိုက်ခိုက်လုယူတတ်ကြသည်။ မိမိ၏ ကာမဆန္ဒ ပြည့်ဝရေးအတွက် သူတစ်ပါး၏ သားမယားကို ကျူးလွန်ပြစ်မှားတတ်ကြသည်။ မိမိထက် သာလွန်သည်ကို မရှုစိမ့်နိုင်သဖြင့် သူတစ်ပါးကို လုပ်ကြံ သတ်ဖြတ်တတ်ကြသည်။ ဤသို့ဖြင့် ခံမင်တပ်မက်သော တဏှာကို အရင်းခံ၍ မကောင်းမှု အကုသိုလ်ကို ပြုလုပ်ဆည်းပူးကြလေသည်။

အချို့သော သူတို့သည်ကား ကောင်းသောဘဝ ကောင်းသောစည်းစိမ်ကို လိုလားတောင့်တ၍ သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲလှူဒါန်းသည်။ ကိုယ်နှုတ်ကို စောင့်ထိန်းသည်။ အများအကျိုးကို ဆောင်ရွက်သည်။ ဤနည်းအားဖြင့် ကောင်းမှုကို ပြုလုပ်၍ ကုသိုလ်ကံကို ပြုလုပ်ဆည်းပူးကြသည်။ ယင်းသို့ တပ်မက်သော တဏှာကို အရင်းခံ၍ ပြုလုပ်သော ကုသိုလ်ကံ,အကုသိုလ်ကံအလျောက် ကောင်းသောဘဝ, မကောင်းသောဘဝ၌ ပဋိသန္ဓေနေ၍ ယင်းမှတစ်ဆင့် အိုနာသေစသော ဘဝဒုက္ခများ၌ သံသရာစက်ရဟတ်ပမာ တပြောင်းပြန်ပြန် ကျင်လည်နေကြရပေသည်။ ထို့ကြောင့် ကမ္မဝါဒသည် ဗုဒ္ဓဒဿနအခြေခံနှင့် ဆက်စပ်နေကြောင်း သိသာပေသည်။

ယင်းသို့ သတ္တဝါအသီးသီးသည် မိမိ၏ ကုသိုလ်ကံ, အကုသိုလ်ကံ အလျောက် ကောင်းကျိုး,မကောင်းကျိုးကို ခံရစံရနေသည် ဖြစ်သောကြောင့် ညီအစ်ကို မောင်နှမတစ်စုသည် မိဘတစ်ဦးတည်းမှ ပေါက်ဖွားလာကြသော်လည်း တစ်ဦးနှင့်တစ်ဦး ရုပ်ဆင်းသဏ္ဍာန်, ဉာဏ်ပညာ စသည်ဖြင့် ကွဲပြားခြားနားနေရခြင်း ဖြစ်လေသည်။

အခါတစ်ပါး၌ သုဘလုလင်က ဘုရားရှင်အား လူလူချင်းတူပါလျက် အသက်ရှည်တို ကွဲပြားရခြင်း၊ အနာရောဂါထူခြင်း,ကင်းခြင်းစသည်တို့၏ အကြောင်းကို မေးလျှောက်၏။ ထိုအခါ ဘုရားရှင်က “သတ္တဝါအားလုံးသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်၊ အသက်ရှည်ခြင်း, တိုခြင်း စသည်အားဖြင့် ကွဲပြားခြားနားမှုကို ကံကသာ စိမံဖန်တီးသည်”ဟု အကျဉ်းအားဖြင့် ဖြေကြားတော်မူပါသည်။

ထို့နောက် ပါဏာတိပါတကံကို ကျူးလွန်သူသည် ဖြစ်လေရာရာဘဝ တိုင်း၌ အသက်တိုတတ်၍ ရှောင်ကြဉ်သူအား အသက်ရှည်တတ်သည်။ သူ တစ်ပါးထိခိုက်နာကျင်အောင် တုတ်ဓားစသော လက်နက်ဖြင့် နှိပ်စက်တတ် သူသည် အနာရောဂါ ထူပြော့တတ်၍ ရှောင်ကြဉ်သူသည်ကား အနာရောဂါ ကင်းရှင်းသည်။ အမျက်ဒေါသ ကြီးမားသူသည် အရုပ်ဆိုးတတ်၍ မေတ္တာ တရား ထားရှိသူသည်ကား ရုပ်ရည်အဆင်း လှပ တင့်တယ်သည်။ မနာလို မှု ဣဿာတရားအားကြီးသူသည် ဘုန်းကံနည်းပါး၍ ၎င်းတရား ကင်းရှင်း သူသည် ဘုန်းကံကြီးမားတတ်လေသည် စသည်ဖြင့် စူဠကမ္မဝိဘင်္ဂသုတ်၌ အကျယ်ဟောကြားတော်မူလေသည်။

ဤသို့ ကောင်းကျိုးဆိုးပြစ်ကို ကံကသာ ဖန်တီးသည်ဆိုရာ၌ အတိတ် ကံတစ်ခုတည်းကိုသာ ဆိုလိုသည် မဟုတ်ပေ။ အတိတ်ပစ္စုပ္ပန်ကံနှစ်မျိုးစလုံး ကိုပင် ဆိုလိုပေသည်။ ထိုကံနှစ်မျိုးအနက် အတိတ်ကံဟူသည်မှာ လွန်ခဲ့သည့် အတိတ်ဘဝများစွာတို့၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံဖြစ်၍ ပစ္စုပ္ပန်ကံဟူသည်မှာ ပစ္စက္ခမျက်မှောက်ဘဝ၌ ပြုလုပ်ခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံများ ဖြစ်လေသည်။ ထိုကံနှစ်မျိုးစလုံးသည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးဟူ၍ အကျိုးနှစ်မျိုးကို ပေးစွမ်းနိုင်သည်။ သို့ရာတွင် အတိတ်ကံ သည်သာ မျက်မှောက်ဘဝ၏ ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်၍ ဖြစ်လတ္တံ့ သော အနာဂတ်ဘဝ၏ ပဋိသန္ဓေအကျိုးကိုမူ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတစ်ပါး ပါးက ပေးစွမ်းနိုင်ပေသည်။ ပဝတ္တိအကျိုးကိုလည်း အတိတ်ကံ, ပစ္စုပ္ပန်ကံ, နှစ်ပါးလုံးကပင် ပေးစွမ်းနိုင်ပေသည်။

သို့ဖြစ်၍ ဤမျက်မှောက်ဘဝတွင် ဆင်းရဲသော မိဘ(သို့မဟုတ်) ချမ်းသာသော မိဘမျိုးရိုး၌ မွေးဖွားခြင်း၊ ရုပ်ဆင်းလှခြင်း,မလှခြင်း စသည့် ပဋိသန္ဓေပါ အကျိုးသည် အတိတ်ကံသက်သက် အကျိုးဖြစ်၍ မွေးဖွားပြီးနောက် သေဆုံးသည် တိုင်အောင်သော တစ်ဘဝတာအတွင်း တွေ့ကြုံခံစားရသည့် ကောင်းကျိုး,မကောင်းကျိုးတို့မှာမူ အတိတ်ကံတစ်ခုတည်းကြောင့်သာ မဟုတ် တော့ပေ။ ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်သော ကံ,ဉာဏ်,ဝီရိယကြောင့်လည်း ဖြစ်ပေ သည်။ လက်ရှိဘဝတွင် ကံ,ဉာဏ်,ဝီရိယတို့၏ အထောက်အကူ လုံးဝမပါ

ဘဲ ကောင်းကျိုးဆိုးကျိုးဖြစ်မှုသည်ကား အတိတ်ကံ၏ စီမံဖန်တီးမှုကြောင့်သာ ဖြစ်လေသည်။

သို့သော် အတိတ်ကံတစ်ခုတည်းကိုသာ အားကိုးတကြီး ပြုမူမှုကို ဗုဒ္ဓဝါဒက လက်ခံ အားပေးခြင်း မရှိပေ။ ယင်းအတိတ်ကံတစ်ခုတည်းကိုသာ စွဲကိုင်ထားသူများကို မြတ်ဗုဒ္ဓက "ပုဗ္ဗေကတဟေတုဒိဋ္ဌိ"အယူရှိသူများဟု ပြစ်တင်ရှုတ်ချထားပေသည်။ ပုဗ္ဗေကတဟေတုဒိဋ္ဌိဟူသည် သတ္တဝါတို့၏ ကောင်းကျိုး, မကောင်းကျိုးသည် ရှေးအတိတ်ကံကြောင့်သာ ဖြစ်သည်ဟု လွဲမှားစွာ ယူသောအယူဖြစ်လေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများ၏ ဆိုရိုးစကားများတွင် "ကျားရဲရာ ကြမ္မာမရိုးသာ"၊ "ကံကိုယုံ ဆူးပုံမနင်းရာ" ဟူသော ဆိုရိုးစကားများရှိပေသည်။ ယင်းဆိုရိုးစကားများမှာ အတိတ်ကံတစ်ခုတည်းကိုသာ အားကိုးမနေသင့်ကြောင်း သတိပေးထားသည့် ဆိုရိုးစကားများ ဖြစ်လေသည်။

အလားတူပင် အတိတ်ကံကောင်းလျှင် ချမ်းသာရမည်ဟူသော အားကိုးဖြင့် အလုပ်မလုပ်ဘဲနေပါက မည်သို့မျှ ကြီးပွားချမ်းသာမည်မဟုတ်ပေ။ ချမ်းသာကြွယ်ဝသော မိဘမျိုးရိုး၌ မွေးဖွားလာသည်အထိ အတိတ်ကုသိုလ်ကံထက်သန်အားကောင်းခဲ့ပါလျက် မိမိလက်ထက်တွင် ပစ္စည်းဥစ္စာ နွမ်းပါး၍ ဆင်းရဲမွဲတေသူများ များစွာရှိသကဲ့သို့ ပဋိသန္ဓေအကျိုး ညံ့ဖျင်းသော်လည်း ပစ္စုပ္ပန် ကံ, ဉာဏ်, ဝီရိယတို့ဖြင့် ကြိုးပမ်းအားထုတ်မှုကြောင့် ကြီးပွားချမ်းသာလာသူများလည်း များစွာရှိပေသည်။ သို့ဖြစ်၍ အတိတ်ကုသိုလ်ကံ အားကောင်းစေကာမူ ပစ္စုပ္ပန်ဘဝ၌ ကံ,ဉာဏ်,ဝီရိယတို့ဖြင့် ကြိုးပမ်းအားထုတ်ပေးမှသာ ကောင်းကျိုးချမ်းသာကို ဖန်တီးပေးနိုင်ကြောင်း မှတ်ယူရပေမည်။ .သို့

ဘုရားရှင်လက်ထက်တော်က မဟာဓနေ သူဌေးသားသည် မိဘဂင်များ ထက်၌ ပစ္စည်းဥစ္စာ များစွာချမ်းသာကြွယ်ဝခဲ့သော်လည်း ပညာမသင် မလုပ်ဘဲ ပျော်ပါး သောက်စား မူးရူးလျက်သာ နေခဲ့သဖြင့် နောက်ဆုံးကြပါလျှင် နှင့်အတူ တောင်းရမ်းစားသောက်ရသည့်ဘဝ ရောက်သွားရပေ-စားကြတယ်ဆို၍ မျက်မှောက်ဘဝ၌ ပညာတတ်ခြင်း,မတတ်ခြင်း၊ စားဝတ်ပြောင်လှောင်စရာခြင်း, မပြည့်စုံခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း, ယုံးက သာသနာတော်

ကောင်းကျိုး, မကောင်းကျိုးတို့သည် ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်အားထုတ်မှုနှင့်များစွာ သက်ဆိုင်နေကြောင်း သိနိုင်လေသည်။

ဝသလသုတ်နှင့် ဝါသေဋ္ဌသုတ်တို့၌ **“ကမ္မုနာ ဝသလော ဟောတိ၊ ကမ္မုနာ ဟောတိ ဗြာဟ္မဏော= ကံကြောင့် ယုတ်မာသောသူ ဖြစ်ရ၏။ ကံကြောင့် စင်ကြယ်သူဖြစ်ရ၏**”ဟု ဟောတော်မူထားပေသည်။ ယင်းပါဠိတော်၌ “ကံ”ဆိုသည်မှာ ဤပစ္စုပ္ပန်ကံကိုပင် ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဗုဒ္ဓဒဿနဆိုင်ရာ ကမ္မဝါဒသည် အတိတ်ကံသာ အကြောင်းဟု လက်ခံသော ပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒကို ပယ်ရှား၍ အတိတ်ကံ,ပစ္စုပ္ပန်ကံ၊ ထိုကံနှစ်မျိုး၏ ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးကို လက်ခံသောဝါဒဖြစ်ကြောင်း မှတ်သားသင့်ပါသတည်း။

(အကြောင်းအရာ အချက်အလက်များ ဟောပြော ပို့ချပေးသော မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အဘိဓမ္မာ မဟာဌာန တွဲဖက်နာယကဆရာကြီး ဦးဘဆန်းအား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။)

ဓမ္မရံသီမဂ္ဂဇင်း (၁၉၉၆-ရနှစ်၊ ဇူလိုင်လ)

# သာသနာတော် သန့်ရှင်းစင်ကြယ်ရေး

မဂ္ဂဇင်းတစ်စောင်တွင် ပုဂ္ဂိုလ်ဆန်းတစ်ပါးအကြောင်း ဖတ်လိုက်ရ၏။ သဲဆွမ်းစားသည့် ကိုယ်တော်လေးအကြောင်းဖြစ်၏။ ယင်း သဲဆွမ်း စားသည်ဆိုသော အရှင်သည် လူ့ဝတ်ကြောင်ဘဝနှင့် စားပါက သဲစားစား, ဘာစားစား အထူး မပြောလိုပါ။ ယခုမူ ရဟန်းဘဝနှင့် စားသည်ဆိုသဖြင့် သာသနာတော်အတွက် အထိနာရပေသည်။ ဘာသာရေးအသိဉာဏ်နည်းသူတို့ အသိအမြင်မှားသွားနိုင်ပေသည်။

ရှင်းပါဦးမည်။ ထိုအရှင်မြတ်က သဲဆွမ်းစားသည်ဆိုသဖြင့် ဘာသာရေးအသိဉာဏ် နည်းသူတို့အနေဖြင့် ဗုဒ္ဓသာသနာကျင့်စဉ်များတွင် သဲဆွမ်းစားကျင့်စဉ်သည် ကျင့်စဉ်တစ်မျိုးအဖြစ် ပါဝင်နေရော့သလားဟု ထင်မြင်ယူဆသွားစရာ ရှိပေသည်။ သဲဆွမ်းစားသည့် အကျင့်သည် သီလ, သမာဓိ, ပညာရကြောင်း အကျင့်ကောင်းဟု ထင်မြင်စရာ ဖြစ်သွားနိုင်ပေသည်။ ယင်းသို့ ထင်မြင်ယူဆ သွားပြီဆိုကတည်းက ထိုသူတို့သန္တာန်မှာ အသိအမြင်များမှားကုန်တော့သည်။

ထို့ပြင် ဤအကြောင်းကို ဘာသာခြားပုဂ္ဂိုလ်များ သိသွားကြပါလျှင် "ဗုဒ္ဓဘာသာဘုန်းကြီးတွေဟာ စားစရာမဟုတ်တဲ့ သဲလည်း စားကြတယ်ဆိုပါကလား၊ စိတ်မှ ကောင်းကြပါရဲ့လား"စသည်ဖြင့် ကဲ့ရဲ့ပြောင်လှောင်စရာ ဖြစ်ပေလိမ့်မည်။ ယင်းသို့ ပြောင်လှောင်ခံရပြီဆိုကတည်းက သာသနာတော် အသရေပျက်ရတော့သည်။

ထို့ပြင် လူအများစုမှာ ခေါင်းခေါင်းပါးပါး ကျင့်သူဆိုလျှင် အမှား အမှန် ခွဲခြားမနေဘဲ ကြည်ညိုတတ်ကြပေသည်။ ခေါင်းပါးသည့် အကျင့်ကို အကြောင်းပြုပြီး ကြည်ညိုသူမှာ လူအားလုံး၏ ၉၀-ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ အရှင်ဒေဝဒတ်သည်ပင် ခေါင်းပါးသည့်အကျင့်ကို ဗန်းပြ၍ လူထုကို ဆွယ်ခဲ့သည် မဟုတ်ပါလော။

ယခုလည်း လူအများစုက ယင်းကဲ့သို့ ခေါင်းခေါင်းပါးပါး ကျင့်သူကိုမှ ပုံအောပြီး လှူဒါန်းနေကြသဖြင့် ပရိယတ္တိစာပေ သင်ယူနေကြသည့် အရှင်မြတ်များ စိတ်ထားပြောင်းကုန်နိုင်သည်။ ပရိယတ္တိစာပေသင်ယူနေကြသည်မှာ သဒ္ဓါတရားသက်သက်ဖြင့် သင်ယူနေကြခြင်း ဖြစ်ပေသည်။ ပစ္စည်းလာဘ်လာဘဆို၍ ပြောလောက်အောင် ပြည့်စုံကြသည် မဟုတ်ပေ။

ယင်းသို့ မပြည့်စုံကြသောအခါ အပင်ပန်းခံ စာသင်မနေကြတော့ဘဲ အလွယ်နှင့် ပစ္စည်းလေးပါး ရနိုင်သည့် လမ်းသို့ လိုက်ကုန်နိုင်သည်။ ထိုအခါ စာပေသင်ယူကြမည့် ရဟန်းသံဃာများ မရှိတော့သဖြင့် ပရိယတ္တိစာပေများ တဖြည်းဖြည်း ပျောက်ကွယ်နိုင်သည်။ သို့အတွက် ယင်းကဲ့သို့ သဲဆွမ်းစားသည်ဆိုသော အကျင့်သည် ဗုဒ္ဓသာသနာတော် အားနည်းပျောက်ကွယ်သွားစေနိုင်သော အကျင့်ဖြစ်ပေသည်။

ယင်းသဲဆွမ်းစားသည်ဆိုသော အကျင့်သည် အကျင့်စစ် အကျင့်မှန် ဟုတ်,မဟုတ် ကျမ်းဂန်နှင့် တိုက်ဆိုင် ညှိနှိုင်းကြည့်ဖို့ လိုပေသည်။

မူလပဏ္ဏာသပါဠိတော်၊ မဟာသီဟနာဒသုတ်၌ ဘုရားရှင်အလောင်းတော်ဘဝတုန်းက ကျင့်ခဲ့သည့် ခေါင်းပါးသည့်အကျင့်များကို ဟောတော်မူထားပါသည်။ အလောင်းတော်သည် ခေါင်းပါးသည့်အကျင့်များကို ကျင့်သည့်အနေဖြင့် အဝတ်မဝတ်ဘဲနေ၏။ ဝတ်ပြန်တော့လည်း သစ်ခေါက်အဝတ်, သမန်း မြက်အဝတ် စသည့် အဝတ်မျိုးကိုသာ ဝတ်၏။ စားသည်မှာလည်း မြက်, သားရေဖတ် အစအနများ, မှော်, ဖွဲနု, နွားချေး စသည်တို့ကိုသာ စား၏။ တစ်ခါတရံ မိမိ၏ ကျင်ကြီးကိုပင် စားခဲ့သည်ဆို၏။ အိပ်ပြန်တော့လည်း ဆူးပုံပေါ်မှာ အိပ်၏။ ထိုအကျင့်များမှာ ကိုယ်ခန္ဓာကို လွန်စွာ ပူပန်စေတတ်သည့် အကျင့်များဖြစ်သည်ဟု ဆိုသည်။ ယခုခေတ် နားလည်သည့် စကားနှင့် ပြောရလျှင် အတ္တကိလမထအကျင့်များဟု ဆိုရမည်ဖြစ်သည်။

အလောင်းတော်သည် ယင်းကဲ့သို့ ခက်ခဲဆင်းရဲသည့်အကျင့်များကို ပြင်းထန်စွာ ကျင့်ပါသော်လည်း အရိယာဖြစ်အောင် စွမ်းဆောင်နိုင်သည့် ဉာဏ်အမြင်ထူးကို မရခဲ့ပေ။ ယင်းသို့ မရရခြင်းမှာလည်း အကျင့်ကိုက မှားယွင်းနေသည့် အကျင့်ဖြစ်နေသောကြောင့် ဖြစ်ပေသည်။

လောမဟံသဇာတ်တော်၌ကား အလောင်းတော် ထိုခက်ခဲဆင်းရဲသည့် အကျင့်ကို ကျင့်ခြင်းမှာ လွန်ခဲ့သည့် ကိုးဆယ့်တစ်ကမ္ဘာထက် ပါရမီနုစဉ်က ဟုဆိုသည်။ ထိုကျင့်စဉ်ကို ကျင့်လာရာ သေခါနီးကာလ၌ ငရဲနိမိတ်တွေ ထင်လာသဖြင့် ကြောက်လန့်ပြီး ထိုမှားယွင်းသည့် အကျင့်များကို စွန့်လွှတ်လိုက်ကာ မှန်ကန်သည့်အယူကို ယူသွားသည်ဟု ဆိုပါသည်။

ယခုလည်း ထိုကိုယ်တော်လေး သဲဆွမ်း စားသည်ဆိုသောအကျင့်မှာ စာထဲ တိုက်ရိုက်မပါသော်လည်း ဒေသနာတော်အားလျော်သည့်နည်း (အန္ဝယ၊ အနုလောမနည်း)ဖြင့် ထည့်သွင်းလိုက်လျှင် ကိုယ်ခန္ဓာဆင်းရဲစေသည့် အတ္တကိလမထအကျင့်ထဲ ထည့်သွင်းရမည် ဖြစ်ပေသည်။ ထို့ကြောင့် ယင်းအကျင့်မှာ သာသနာတော်၏ အနှစ်သာရဖြစ်သည့် သီလ, သမာဓိ, ပညာ ရကြောင်းအကျင့်ကောင်းလည်း မဟုတ်ပါချေ။ နိဗ္ဗာန် မဂ် ဖိုလ်ကို ရစေနိုင်သည့် အကျင့်မဟုတ်ကြောင်းကိုမူကား ဆိုဖွယ်ပင် မလိုတော့ပါချေ။

သို့ရာတွင် ခက်သည်ကား လူအများသည် ထိုကဲ့သို့ ဆန်းဆန်းပြားပြား အကျင့်တွေကိုမှ အကျင့်စစ်, အကျင့်မှန်ဟု ထင်မှတ်နေကြပေသည်။ ထိုအကျင့် ကျင့်သူကိုမှ တကယ့်သူတော်ကောင်းကြီး ထင်မှတ်ပြီး ကိုးကွယ်ချင်ကြပေသည်။ ထိုပုဂ္ဂိုလ်၏စကားကို ကျမ်းဂန်တတ်ဆရာတော်ကြီးများ၏ စကားထက် အလေးထား နာယူမှတ်သားနေတတ်ကြပေသည်။ ယင်းသို့ ဖြစ်နေကြခြင်းသည် သာသနာတော် ဆုတ်ယုတ်ခြင်း၏ အကြောင်းတစ်ပါးပင် မဟုတ်ပါလော။

ယခုအချိန်တွင် ကျွန်ုပ်တို့ ဗုဒ္ဓသာသနာတော်တွင်းသို့ ဂိုဏ်းအမျိုးမျိုးကလည်း ဝင်ရောက်ပူးသတ်နေပါသည်။ သာသနာတော်တွင်း၌လည်း ရဟန္တာ ဆိုသူက ဆို၊ ဘာ ဆွမ်းစားကိုယ်တော်, ညာဆွမ်းစားကိုယ်တော်ဟု ကြေညာသူက ကြေညာ၊ ကျောမခင်းဘူး ဆိုသူက ဆို၊ အစာ မစားဘူး ပြောသူက

ပြော၊ ဤသို့ သာသနာတော်၏ကျင့်စဉ်များနှင့် မလျော်ကန်သည့် အကျင့်ဆန်း အကျင့်သရမ်းများဖြင့် ဗုဒ္ဓဘာသာဝင်လူအများ အသိအမြင် မှားစေရန် ဖန်တီးနေကြပါသည်။ ၎င်းပုဂ္ဂိုလ်များ ယခုကဲ့သို့ သာသနာတော်တွင်း ဝင်ရောက် မွှေနှောက်နေကြခြင်းသည်-

**ကမ္မာပရာဓသတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။**

**အနယော နယရူပေန၊ ဗုဒ္ဓိမာ(ကမျ(မာဂမ္မ) တိဋ္ဌတိ။**

သတ္တဝါတို့ တစ်ဦးတစ်ယောက် ကံကြမ္မာ ညှိုးမှိန်လာပြီး ပျက်စီးချိန် ရောက်လာသည့်အခါ နည်းလမ်းမဟုတ်သည်ကိုပင် နည်းမှန်လမ်းမှန်ဟု ထို သူ့ဉာဏ်၌ ထင်လာတတ်၏။ ထိုသူ၏ ထင်မြင်ချက်များမှာ ပျက်စီးခြင်းသို့ ရှေးရှုဦးတည်နေလေတော့၏။

ဟူသော လယ်တီပဏ္ဍိတ၏ သုတ္တန္တနိတိကျမ်းလာ ဂါထာနှင့်အညီ ကျွန်ုပ်တို့ ဗုဒ္ဓသာသနာတော်ကြီး မှေးမှိန်ပျောက်ကွယ်သွားစေရန် ချောက် ကမ်းပါးအတွင်းသို့ ရှေးရှုတွန်းပို့ပေးနေကြသည်နှင့် တူပေသည်။ ထိုပုဂ္ဂိုလ် များအား လှူဒါန်းထောက်ပံ့၍ အားပေးအားမြှောက် ပြုနေကြသူများသည် လည်း ဗုဒ္ဓသာသနာတော်ကြီး အားနည်း မှေးမှိန်ပျောက်ကွယ်သွားစေရန် ဖိအားပေးနေသည်နှင့် တူပေသည်။

ဂိုဏ်းဆရာအမျိုးမျိုးနှင့် သာသနာတော်နှင့် မလျော်သည့်အကျင့် ကျင့် နေသူများ၏ အမှောင့်ပယောဂကြောင့် အားနည်းမှေးမှိန်၍ ပျောက်ကွယ်ခြင်း သို့ ရှေးရှုနေသော ဗုဒ္ဓသာသနာတော်ကြီးကို ကျမ်းဂန်တတ်ဆရာတော်ကြီး များ၊ တတ်သိနားလည်သည့် စာပေပညာရှင်ကြီးများ၊ လူကြီးသူမများက တာဝန်သိစွာဖြင့် ဝိုင်းဝန်းကူညီ စောင့်ရှောက်သွားကြဖို့ နိုးဆော်တိုက်တွန်း လိုက်ရပါသတည်း။

ဓမ္မရံသီမဂ္ဂဇင်း(၁၉၉၆-ခုနှစ်၊ အောက်တိုဘာလ)

# ဗုဒ္ဓသာသနာ ကာကွယ်စောင့်ရှောက်ရေး

**"အတ္တာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ=** နတ်လူဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွား ချမ်းသာခြင်းအလို့ငှာ ဘုရားရှင်သည် လောကသုံးပါး၌ ပွင့်ထွန်းပေါ်ပေါက်တော်မူရခြင်း ဖြစ်၏" ဟူသော စကားတော်နှင့်အညီ လောကသုံးပါး၌ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာရခြင်း၏ ရည်ရွယ်ချက်မှာ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ချမ်းသာရန်အတွက် ဖြစ်ပါသည်။ သတ္တဝါများ မဂ်ဖိုလ်တရားတွေ ရရှိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြလျက် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေနိုင်ရန် ဖြစ်ပါသည်။

ဘုရားရှင်သည် မူလရည်ရွယ်ခဲ့သည့် အားလျော်စွာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရဟန်းပရိသတ်, လူဝတ်ကြောင်ပရိသတ်, နတ်ဗြဟ္မာ ပရိသတ်တို့အား သူ့အချိန်အားလျော်စွာ တရားဓမ္မများ ဟောကြားချီးမြှင့်တော်မူ၏။ ၄၅-ဝါ ကာလပတ်လုံး မနေမနား သာသနာပြုတော်မူခဲ့၏။ သို့အတွက် မရေမတွက်နိုင်လောက်သော သတ္တဝါဝေနေယျများ အမှန်တရားကို ထိုးထွင်းသိကြပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သွားကြရပါပြီ။

ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက်မှာလည်း ကျွတ်ထိုက်သသူ များဖိုလ်လူတို့အတွက် ဓာတ်တော်မွေတော်များ၊ ပိဋကတ်များ ထားတော်မူခဲ့ပါသည်။ ဘုရားရှင်၏ ဓာတ်တော်မွေတော်များကို ဖူးတွေ့ရသည့် လူနတ်ဗြဟ္မာသတ္တဝါများမှာ နတ်ရွာသုဂတိ ဘုံဘဝရောက်ကြပြီး စည်းစိမ်ချမ်းသာများ ခံစားကြရပါသည်။ ဘုရားရှင်၏ အဆုံးအမ တရားတော်များကို လက်တွေ့လိုက်နာကျင့်ကြံအားထုတ်သူများမှာလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သူများ ပြုသွားကြပါပြီ။ သုဂတိဘုံဘဝ ရောက်သူ ရောက်ကြရပါပြီ။

သို့သော်လည်း ခက်သည်ကား လူဆိုသည်မှာ စရိုက်အထွေထွေ အကြိုက် အမျိုးမျိုးရှိနေရကား **မြတ်စွာဘုရားရှင် လောကသားတို့အတွက် ကောင်းကျိုးဘယ်လောက်ပဲ ဆောင်ရွက်ဆောင်ရွက် ကန့်လန့်တိုက်သူ၊ နှောင့်ယှက်ဖျက်ဆီးသူများကား ရှိနေသည်ပင်။** ထိုအနှောင့်အယှက်များကို ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဆိုလျှင် ကိုယ်တော်တိုင် သန့်ရှင်းတော်မူခဲ့ပါသည်။ တစ်ခါတရံ မင်းအကူအညီဖြင့် ဖြေရှင်းခဲ့ရသည်လည်း ရှိပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက်တွင် ပေါ်ပေါက်လာသည့် သုဘဒ္ဒပရိဗိုဇ်၊ ဝဇ္ဇီတိုင်းသား ရဟန်းများ၊ အညတိတ္ထိယပုဂ္ဂိုလ်များလို သာသနာရန်စွယ်ပုဂ္ဂိုလ်များကိုမူကား အရှင်မဟာကဿပ၊ အရှင်ယသ၊ အရှင်မောဂ္ဂလိတိဿ စသည့် အရှင်မြတ်ကြီးများသည် ဘုရင်အဇာတသတ်၊ ကာလာသောကမင်း၊ အသောကမင်း စသော သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ်များ၏ အကူအညီဖြင့် နှိမ်နင်းသုတ်သင် ရှင်းလင်းခဲ့ရပေသည်။

## အိန္ဒိယပြည်၏ သာသနာရေးအခြေအနေ

အိန္ဒိယပြည်၏ ဗုဒ္ဓသာသနာသမိုင်းတွင် အသောကမင်းကြီးလက်ထက်သည် သာသနာ အထွန်းပြောင်ဆုံး၊ အရှိန်အဝါ အကောင်းဆုံးဟု ဆိုရမည်ထင်ပါသည်။ သိကြပြီးသည့်အတိုင်း အသောကမင်းကြီးသည် ဗုဒ္ဓသာသနာတော်ကို ယုံကြည်သက်ဝင်လာပြီးသည့်နောက်ပိုင်း သံဃာတော်များ ပစ္စည်းလေးပါး လိုလေသေးမရှိအောင် ထောက်ပံ့လှူဒါန်းခဲ့သည်။ တတိယသင်္ဂါယနာတင်ပွဲကြီး အောင်မြင်ထမြောက်စေရန်အတွက်လည်း အဖက်ဖက်မှ လိုလေသေးမရှိအောင် ကူညီထောက်ပံ့ခဲ့ပါသည်။ ၂၄၉-ဘီစီတွင် ဘုရားဖူးထွက်တော်မူပြီး ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် အထွဋ်အမြတ်နေရာတို့၌ ကျောက်တိုင်များ စိုက်ထူခဲ့သည်။ "မိဘတို့၏ စကားကို နားထောင်ကြစေ၊ မှန်ကန်သောစကားကို ပြောဆိုကြစေ"စသည့် ဆုံးမစာများကို ရေးထိုးထားသည့် ကျောက်စာများ နေရာအနှံ့ စိုက်ထူ နိုးဆော်ခဲ့ပေသည်။

အသောကမင်းကြီးသည် ၂၄၄-ဘီစီတွင် တတိယသင်္ဂါယနာတင်ပြီးသည့်နောက် ငါးပါးတစ်ဖွဲ့ ဖွဲ့ပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခဲ့ပါသည်။ မင်းကြီး စေလွှတ်ခဲ့သည့် တိုင်းပြည်နိုင်ငံများမှာ ယခုခေတ်အနေ

ဖြင့် ပြောရလျှင် အာဖဂန်နစ္စတန်၊ တရုတ်၊ နီပေါ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ မြန်မာ၊ တူရကီ၊ ကက်ရှ်မီးယား၊ ယိုးဒယား(ထိုင်း)၊ လာအိုစသည့် နိုင်ငံများပင် ဖြစ်ပါသည်။ ထို့ပြင် ဂရိတ်ဘုရင်များ အုပ်စိုးသည့် ဆီးရီးယား၊ အီဂျစ်၊ မက်ဆိုဒိုနီးယား စသည့်နိုင်ငံများသို့လည်း သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့ပါသည်။ ထို့ကြောင့် အသောကမင်းကြီးလက်ထက်တွင် ဗုဒ္ဓသာသနာတော်မှာ အာရှ, အာဖရိက, ဥရောပဆိုသည့် တိုက်ကြီးသုံးတိုက်တိုင်အောင် ပျံ့နှံ့သွားခဲ့ပေသည်။ (အိန္ဒိယမြန်မာဗုဒ္ဓဘာသာ၊ ၂၀၁-၂၀၃)

အသောကမင်းကြီး၏ ကြိုးပမ်းမှုကြောင့် အိန္ဒိယပြည်၌ လျှမ်းလျှမ်းတောက်ခဲ့သည့် ဗုဒ္ဓသာသနာတော်ကြီးမှာ မောရိယမင်းဆက်ကို ဖြတ်ပြီး ဆုန်ဂမင်းဆက်ကို စတင်တည်ထောင်ခဲ့သည့် ပုသျှမိတြလက်ထက်တွင်မှု တစ်ဖန်ညှိုးနွမ်းခဲ့ရပြန်သည်။ ပုသျှမိတြသည် အသောကမင်းကြီး တားမြစ်ခဲ့သည့် ယဇ်ပူဇော်မှု ပြန်လည်ထွန်းကားလာအောင် အားပေးရုံသာမက ဗုဒ္ဓဘာသာဝင်များကို ရက်ရက်စက်စက် ညှဉ်းပမ်းနှိပ်စက်သည်။ မဂဓတိုင်းမှ ပန်ဂျပ်ပြည် ဂျလန္ဒာတိုင်အောင် ဘုန်းကြီးကျောင်းများကို မီးရှို့ဖျက်ဆီးသည်။ ရဟန်းတော်များကို သတ်ဖြတ်သည်။ သို့အတွက် ရဟန်းတော်များ တိုင်းတစ်ပါး ထွက်ပြေးကြရလေသည်။

## သီဟိုဠ်(သီရိလင်္ကာ)သာသနာရေးအခြေအနေ

ဗုဒ္ဓသာသနာအကြောင်း သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံဘက် ကူးပြောင်းပြီး ကြည့်လိုက်မည်ဆိုလျှင် သီရိလင်္ကာ ပထမဦးဆုံး သာသနာပြုဆရာတော် အရှင်မဟိန္ဒနှင့် လက်တွဲသာသနာပြုခဲ့သည့် ဒေဝါနံပိယတိဿမင်းကြီးလက်ထက်တွင် ဗုဒ္ဓသာသနာတော်သည် စတင် စည်ပင်ပြန့်ပွားထွန်းကားလာခဲ့သည်။ ထို့နောက် သာသနာသက္ကရာဇ် ၃၇၇-တွင် နန်းတက်သည့် ဒုဋ္ဌဂါမဏိ လက်ထက်တွင်မှုကား အထွန်းပြောင်ဆုံးဟု ဆိုရပေမည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ကြီးကျယ်ခန်းပြား ခန်းနားသည့် လောဟ ပါသာဒ မည်သည့်ပြာသာဒ်ကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ မရိစိဝဋ္ဋစေတီကြီးနှင့် မရိစိဝဋ္ဋကျောင်းတော်ကြီး၊ မဟာစေတီကြီး စသည့် သာသနိက အဆောက်အအုံများကို တည်ထား ဆောက်လုပ်လှူဒါန်းခဲ့သည်။

သိဟိုဠ်ကျွန်း၌ သံဃာ ဤမွေ့ညှဉ်မျှ ရှိပါသည်ဟု ပြောမရနိုင်လောက်အောင် လွန်စွာ များပြားလှသည် ဆိုပါသည်။

ခေါက်ရှာငှက် ပျံသလို မြင့်ချီ နိမ့်ချီ ပျံသန်းလာသည့် ဗုဒ္ဓသာသနာ ခေါက်ရှာငှက်သည် သာသနာသက္ကရာဇ် ၄၃၀–ရောက်သည့်အခါ ဝဋ္ဋဂါမဏိ မင်းကြီး နန်းတက်၍ ငါးလရှိသည့်အချိန်တွင် စဏ္ဍာလတိဿ(ဗြဟ္မဏတိဿ) သူပုန်ကြီးထကြွသောင်းကျန်းသဖြင့် အနိမ့်ပိုင်းရောက်သွားရပြန်၏။ ထိုအချိန် တွင် မိုးခေါင်ရေရှားဖြစ်သဖြင့် ငတ်မွတ်ခေါင်းပါး ရှာကြပါသည်။

ထိုအချိန်တွင် သိကြားမင်း လူ့ပြည်ဆင်းလာပြီး ဒုက္ခရောက်နေ့ရှာကြ သည့် ရဟန်းတော်များကို ဘေးကင်းရာ၊ အစာရေစာ ပေါများရာ ဇမ္ဗူဒိပ် ကျွန်းသို့ ပို့ဆောင်ပေးမည့်အကြောင်း၊ ကြွလိုပါက ကြွနိုင်ပါကြောင်းလျှောက် ထားပါသည်။ ရဟန်းတော်ခြောက်ကျိပ်မှတစ်ပါး ကျန်ရဟန်းတော်များ ဇမ္ဗူ ဒိပ်ကျွန်းဘက်သို့ ကူးပြောင်းသွားကြပါသည်။ ကျန်ရဟန်းတော်ခြောက်ကျိပ် ကမူ ရတတ်သမျှ သစ်ဥသစ်ဖုလေးများနှင့် မျှတတော်မူကြပြီး ပရိယတ္တိစာပေ များ မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။ ထိုဘေးရန် မှာ ၁၂–နှစ်ကြာမှ အေးငြိမ်းသွားပါသည်။

ဤနေရာ၌ စာရေးသူ စဉ်းစားမိသည့်အချက် ကြားညှပ်၍ တင်ပြပါ ရစေ။ သိကြားမင်းသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်နှင့် ဆန့်ကျင်ဘက် သစ္စကပရိဗိုဇ်၊ အမ္ဗဋ္ဌလုလင်တို့ကို ဘီလူးယောင်ဆောင်ကာ ခြိမ်းခြောက်ပြီး မြတ်စွာဘုရားထံမှာ ဝန်ချစေရန် ကူညီဆောင်ရွက်ပေးခဲ့ပါ သည်။ ယခု သိဟိုဠ်ကျွန်း၌ သူပုန်ကြီးထသည့်အခါ၌ ထိုသူပုန်ဘေးရန်ကိုမူ ငြိမ်းအေးရန် မကူညီဘဲ ဇမ္ဗူဒိပ်ကျွန်းသို့ ကူးပြောင်းပေးဖို့လောက်သာ တာဝန်ယူခဲ့ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဘာကြောင့်ပါလဲဆိုသည့်အချက် ပင် ဖြစ်လေသည်။

## မြန်မာနိုင်ငံ သာသနာရေးအခြေအနေ

မြန်မာနိုင်ငံ၏ သာသနာရေး အခြေအနေဘက် တစ်ခါကူးပြောင်း ကြည့်မည်ဆိုလျှင်လည်း ရှင်အရဟံကြွရောက် သာသနာပြုစအချိန် ပုဂံမှာ ဗုဒ္ဓသာသနာတော် မည်မျှစည်ပင်ထွန်းကားသည်ဆိုသည်ကို အထူးပြောစရာ

မလိုတော့ချေ။ ဘုရားတွေ တည်၊ ကျောင်းတွေဆောက်၊ ပိဋကတ်စာပေတွေ သင်ကြားသည်မှာ အမျိုးသမီးများပင် ပါဠိစာပေတတ်မြောက်ကြပြီး ရက်ကန်း ရက်ရာ ရေခပ်ရာတို့၌ပင် စာစကား ပေစကား ပြောလေ့ရှိကြသည် ဆိုပါ သည်။

သို့သော် သက္ကရာဇ် ၈၈၈–ခုနှစ်အရောက်တွင်မူ"ဂငယ်သုံးခု ဥသျှစ် ထု"ကိန်းသို့ ရောက်ရှိပြီး မြန်မာပြည်၏ သာသနာတော်မှာ ကံဆိုးမိုးမှောင် ကျခဲ့ရပါသည်။ မိုးညှင်း စလုံသား သိုဟန်ဘွား အင်းဝ၌ နန်းတက်ပါသည်။ ၎င်းနန်းတက်၍ မကြာမီပင် ရဟန်းတော်များက ၎င်းကို တော်လှန်ပုန်ကန် လိမ့်မည်အထင်နှင့် အင်းဝ တောင်ပလူအရပ်မှာ မဏ္ဍပ်ကြီးဆောက်ပြီး ရဟန်းတော်များကို ဆွမ်းစားပင့်ဟန်ပြု၍ ဗိုလ်ခြေများနှင့် ဝိုင်းရံသတ်ဖြတ် ကြပါသည်။ ရဟန်းတော်ပေါင်း ၁၃၀၀–ကျော် သေဆုံးသွားပါသည်။ ထို အထဲတွင် ကျမ်းဂန်တတ်ဆရာတော် ၃–ကျိပ်ပါဝင်သွားသည်ဟု ဆိုပါသည်။

**မှတ်ချက်။** စစ်ကိုင်းတောင်ရိုး၊ ပရက္ကမချောင်မှ ရရှိသော ပေမူကို ကြည့်၍ ရေးသောဆရာကြီး မဟာဆွေ၏ "စစ်ထွက်သူ"ဝတ္ထု၌ကား ရဟန်း တော်ပေါင်း သုံးထောင်ကျော် သတ်ခံရသည် ဆိုပါသည်။) ထိုမျှမက စေတီ ပုထိုး၊ ကျောင်းကန် တန်ဆောင်း၊ ပိဋကတ်စာပေများကို မီးရှို့ဖျက်ဆီးပစ် ကြပါသည်။ ကြွင်းကျန်သော ရဟန်းတော်များမှာ တောင်ငူတချို့ ပြည်တချို့ ထွက်ပြေးကြရပါသည်။

ဟံသာဝတီခေတ် သာသနာရေးအခြေအနေကို ကြည့်ပြန်လျှင်လည်း ဓမ္မစေတီမင်းနှင့် ဥပရာဇာမင်းတို့လက်ထက်မှာ ဗုဒ္ဓသာသနာတော်သည် စည်ပင်ထွန်းကားခဲ့သော်လည်း ရခိုင်ဘုရင်နှင့် တောင်ငူဘုရင်တို့ တိုင်ပင်ပြီး တိုင်းတစ်ပါးသား ပေါ်တူဂီဇေင်ကာကို သန်လျင်မြို့စား ခန့်အပ်လိုက်ရာ ရှင်လူအများ ဒုက္ခအကြီးအကျယ်ရောက်ကြရပါသည်။ ဇေင်ကာ သန်လျင်၌ အုပ်ချုပ်စဉ် ၁၂–နှစ်ကျော် ကာလအတွင်းတွင် ဘုရားပုထိုးတွေ ဖျက်ဆီး၊ ရွှေဆင်းတုများကို ယူ၍ ထုရိုက်ချိုး အရည်ကျိုကာ တိုင်းတစ်ပါးသို့ ထုတ် ဆောင် ရောင်းစားပစ်ပါသည်။

ထို့ပြင် ရဟန်းကောင်းများ ထင်ထင်ပေါ်ပေါ် မနေရဲရှာကြချေ။ ဒကာ, ဒကာမများမှာလည်း ထင်ထင်ရှားရှား မလှူဝံ့ကြချေ။ အလဇ္ဇီရဟန်းများမှာ

မှုကား ဇေင်ကာကို အတုလိုက်ပြီး အရက်သောက်ခြင်း စသည့် ဒုစရိုက်မျိုးစုံ ကျူးလွန်နေကြပါသည်။ နောက်သော် အနောက်ဘက်လွှမ်းမင်းတရားကြီး သန်လျင်ချိတက်ပြီး ဇေင်ကာကို လက်ရဖမ်းကာ သုတ်သင်ပစ်လိုက်သည်တွင်မှ သာသနာ့ရန်စွယ် ဆူးငြောင့်ခလုတ်ကြီး ကင်းရှင်းသွားပါတော့သည်။

တင်ပြခဲ့သည့် သာသနာရေးဆိုင်ရာ သမိုင်းကောက်နုတ်ချက် စကားရပ်များကို ကြည့်ခြင်းအားဖြင့် စာရေးသူတို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များ ဘာလုပ်ကြရမည်ဆိုခြင်းကို သမိုင်းက မီးမောင်းထိုးပြနေပါသည်။

ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားမှု၊ နိမ့်ကျညှိုးနွမ်းမှုသည် တိုင်းပြည်အုပ်ချုပ်သူအပေါ်၌လည်း မူတည်နေပါသည်။ တိုင်းပြည်အုပ်ချုပ်သူက ချီးမြှင့်မြှောက်စားလျှင် စည်ပင်ထွန်းကား၍ နှိပ်ကွပ်ဖျက်ဆီးလျှင်တော့ နိမ့်ကျညှိုးနွမ်းရပါသည်။ ထို့ကြောင့် စာရေးသူတို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ အမြဲစည်ပင် ထွန်းကားနေပြီး ဗုဒ္ဓဘာသာနိုင်ငံအဖြစ် ရပ်တည်နေနိုင်ရန်-

(၁) တိုင်းပြည်အုပ်ချုပ်သူသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဩဇာအာဏာ ရှိဖို့ လိုအပ်ပါသည်။

(၂) ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများ ပညာတတ်မြောက်ကြရပါမည်။

(၃) သားစဉ်မြေးဆက် ဘာသာသွေးအမြဲ ပူနွေးစေရန် ရဟန်းတော်များ၊ မိဘများနှင့် တတ်သိနားလည်သူများက နှိုးဆော်ပေးနေရပါမည်။

(၄) ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များ စီးပွားရေး အဆင်ပြေစေရန် အလုပ်လုပ်ကြရပါမည်။

ဖော်ပြပါ အကြံပြုချက်များကို လက်တွေ့လုပ်ဆောင်ကြပြီး ဗုဒ္ဓသာသနာတော်ကြီး မြန်မာနိုင်ငံ၌ အမြဲ ထာဝရတည်တံ့ပြန့်ပွားနေစေရန် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသတည်း။

***ကျမ်းကိုး။*** သာသနာလင်္ကာရစာတမ်း၊
အိန္ဒိယမြန်မာဗုဒ္ဓဘာသာ၊
သာသနဗဟုသုတပကာသနီ၊

ဓမ္မရံသီမဂ္ဂဇင်း (၁၉၉၆-ခုနှစ်၊ ဒီဇင်ဘာလ)

# သာသနာဖျက်သူ ပြုသူ

"သောတုဇနကြီး… ဘာတွေလုပ်နေသလဲ"

"ဟော ဘိက္ခုကောသလ္လကြီးပါလား၊ ကြွ…ကြွ၊ ဒီလိုပဲ ရတဲ့အချိန်လေး အချည်းနှီး မဖြစ်ရအောင် စာအုပ်လေး ဘာလေး ဖတ်ပြီး ဗဟုသုတ ရှာမှီးနေရတာပေါ့"

"ဘာစာအုပ်တွေများ ဖတ်နေရတာလဲ"

"ဆရာကြီး စလေဦးပုညရဲ့ ပြန်ပေးမေတ္တာစာပါ"

"မှတ်စရာ သားစရာပါရင် ပြောစမ်းပါဦး၊ ဗဟုသုတရအောင်ပေါ့"

"ဆရာကြီးဦးပုညဟာ ဟာသဉာဏ်ရွှင်သူပီပီ သူ့စာတွေဖတ်ရင် ဟာသရသခံစားရမှာတော့ ဧကန်ပဲ။ ဒီပြန်ပေးမေတ္တာစာမှာလည်း ဟာသရသခံစားရတဲ့ အပြင် ဘုန်းကြီးလူထွက် ဦးဆန်းက သူ့ကို မဟုတ်မတရား ရေးထားလို့ ဒေါသူပုန်ထပြီး ပြန်လှန်ချေပထားတာများ တော်တော်ထိထိမိမိ ရှိလှတယ်။"

"ဥပမာ… ဗေဒင်ကျမ်းတွေ တတ်ကျွမ်းပုံကို ဖော်ကျူးတဲ့နေရာမှာ 'ကျမ်းတကာက၊ ဆရာရွေးနှုတ်၊ သည်းခြေကို ထုတ်ပြီးလျှင်၊ ဖုတ်၍ပင် စားနိုင်လောက်ခဲ့သည်' ဆိုတာမျိုး၊ ပြီးတော့ ဓာတ်၊ရာသီ၊ဂြိုဟ်ဆိုင်ရာကျမ်းတွေ သူ့ဗိုက်ထဲ ဘယ်လောက်အထိ ရောက်နေသလဲဆိုရင် 'ဝမ်းလေပင် စန်သော်လည်း၊ သုဥ်ဒသမည်လောက်သည်' လေလည်တာတောင် ဗေဒင်စကား 'သုဥ်ဒသ' မည်လောက်တယ်တဲ့။ ကြဲကြဲတဲ့ဖန်ဖန် ရေးထားတယ်၊ ဒါတင်မက

သိုက်အကြောင်း နားလည်လိုက်ပုံလည်း 'ထုတေမမွ်၊ သိုက်ပြာချ၍၊ လောကီ စီးပွား၊ သိုက်လျက်ဆားလည်း၊ စား၍အတန်ကုန်ခဲ့ပြီ'လို့ ဝင့်ကြွားဂုဏ်ယူခဲ့သေးတယ်။"

"ဒါကတော့ ဆရာကြီးဦးပုညရဲ့ စကားလုံးပြောင်မြောက်ပုံတွေပဲ၊ စကားစပ်လို့သာ ဗဟုသုတရအောင် ပြောလိုက်တာပါ၊ သိပ်အရေးမကြီးလှပါဘူး။ အရေးကြီးတာက သိုက်အကြောင်းပြောတဲ့နေရာမှာ 'ဗားမဲ့အကျော်'ဆိုတဲ့ စကားနဲ့ 'ရေနံနတ်စက်ရောင်'ဆိုတဲ့ စကားနှစ်ခွန်းပါတယ်၊ အဲဒီထဲက ဗားမဲ့ အကျော်ဆိုတာ ဗေဒင်,အင်းအိုင်,လက်ဖွဲ့တွေမှာ နာမည်ကြီးလှတဲ့ မွန်ဘုန်းကြီး ပေါ့။ ရေနံနတ်စက်ရောင်ကတော့ ရေနံမြို့သား နတ်စက်ရောင်ကျောင်း ဘုန်းကြီးပေါ့။ သူလည်း ထိုနည်းငှင်း ဗေဒင်ဟော, ဆေးကု, အခါပေးတဲ့ ဘုန်းကြီးပဲ။"

"ဪ... သိပြီ၊ သိပြီ၊ တပည့်တော်တို့ သာသနတက္ကသိုလဓမ္မာစရိယတန်း တက်ရောက်ခဲ့စဉ် သာသနာလင်္ကာရစာတမ်း သင်ယူခဲ့စဉ်က ကြားဖူးခဲ့တယ်"

"ကိုင်း သိရင်လည်း အရှင်ဘုရားပဲ ပြောပြစမ်းပါဦး၊ တပည့်တော် တစ်လှည့် နားထောင်ရအောင်"

"ဗားမဲ့ဘုန်းကြီးဆိုတာ သက္ကရာဇ် ၉၆၇-ခုနှစ်၊ အနောက်ဘက်လွန်မင်း တရားကြီးလက်ထက်က ဟံသာဝတီ ငါးဆူဒါယကာ တောင်ငူရောက်မင်းတရား ကြီးက နိဿရည်းအင်္ဂါရပ်များ မေးတာ မရတာနဲ့ နှင်ထုတ်လိုက်လို့ အင်းဝ ရောက်လာတဲ့ ဘုန်းကြီးပါ။ အဲဒီဘုန်းကြီးဟာ သင်္ကန်းသာ ဝတ်ထားတာ လုပ်နေတာက လူမှုရေးလုပ်ငန်းတွေ။ ဗေဒင်ဟော, ဆေးကု, အင်း အိုင်, ယတြာစီမံပေး၊ ဒီလောကီလုပ်ငန်းတွေပဲ လုပ်တယ်၊ ရဟန်းတော်များ အလုပ် ဖြစ်တဲ့ ပရိယတ်,ပဋိပတ်အလုပ်ကျ ယောင်လို့တောင် လှည့်မကြည့်ဘူး၊ အဲဒီ ဘုန်းကြီးကို လယ်ကြီးအရပ်မှာ ပြာသာဒ်သုံးဆောင်ပေါက်တဲ့ ကျောင်းတော် ကြီး ဆောက်လုပ်လှူဒါန်းတယ်လို့ ဆိုတယ်၊ ကောင်းရော၊ ဟိုဟံသာဝတီ မင်းတရားက ဝိနည်းနားမလည်လို့ နှင်ထုတ်လိုက်တဲ့ ဘုန်းကြီးကို အင်းဝ အနောက်ဘက်လွန်မင်းကြီးက ကိုးကွယ်သတဲ့လေ။ သူကိုးကွယ်တာကလည်း

ဒ္ဓါတရားနဲ့ မဟုတ်ပါဘူး။ လောကီ လူမှုရေးလုပ်ငန်းတွေမှာ အားကိုးအားထားပြုရအောင်ဆိုတဲ့ သဘောတဲ့။ သာသနာ့ဘောင်နေပြီး သာသနာ့ဝန်တော့ မထမ်းဘဲ လူမှုရေးလုပ်ငန်းတွေ လိုက်လုပ်ပေးနေတဲ့ ဘုန်းကြီးကိုတော့ 'လူမှုဝန်ထမ်းကောင်း'ဘွဲ့တံဆိပ်ပေးလိုက်ချင်တော့တယ်၊ ဒါကြောင့်လည်း ရာမညတိုင်း သာသနာဆက်ခုနစ်ပါး စာရင်းမှာ မထည့်သွင်းဘဲ ထားခဲ့တယ်လို့ ဆိုပါတယ်။"

"ဟုတ်သားပဲ၊ ဘာပြုလို့ ထည့်ရမှာလဲ၊ သာသနာ့အလုပ်မှ မလုပ်တာ၊ အလကား ဘုရားသာသနာ ဖျက်ဆီးနေတာ၊ ဆိုစမ်းပါဦး၊ ရေနံနတ်စက်ရောင် ဘုန်းကြီးအကြောင်း"

"ရေနံနတ်စက်ရောင်ဘုန်းကြီးကတော့ သက္ကရာဇ် ၁၀၃၄–ခုနှစ်မှာ နန်းတတ်တဲ့ ဝမ်းဘဲအင်းစံမင်းလက်ထက်မှာ ထင်ရှားကျော်ကြားတဲ့ မင်းကိုးကွယ်ခံ မင်းတိုင်ပင်ခံ ဘုန်းကြီးပေါ့။ အဲဒီ ဘုန်းကြီး အင်းဝရောက်စကူတော်သစ်ပဌာန်းဇရပ်မှာ သီတင်းသုံးစဉ် မင်းတရားကြီးရဲ့ ဇာတာကိုကြည့်ပြီး ၁၀၃၄–ခုနှစ်မှာ မုချမင်းဖြစ်လိမ့်မည်လို့ဟောကိန်းထုတ်ခဲ့ဖူးတယ်၊ ဟောတဲ့အတိုင်း မှန်တဲ့အတွက် မင်းကြီးက ကြည်ညိုပြီး ရွှေစည်းခုံဘုရားအနီးအရှေ့မြောက်အရပ်မှာ မုခ်,မှန်ကင်းတွေ တပ်ဆင်ထားတဲ့ ယွန်းကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းတယ်။"

"အင်း... ဗေဒင်တို့ဘုန်း၊ မိုးသို့ချုန်းလို့ ဆိုရမလောက်ပါဘဲ။ ဗေဒင်ဟော, ဆေးကု, အင်း, အိုင်, လက်ဖွဲ့ပေးတဲ့ ဘုန်းကြီးများကျ ဆွမ်းမရှားကျောင်းမရှား လှူချင်သူတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ ဗေဒင်ဘုန်းကြီး, ဆေးဘုန်းကြီး,လူမှုရေးဘုန်းကြီးတွေ ဘုန်းကံကြီးမား လာဘ်လာဘပြည့်လျှံနေတာကြားရတော့ သိကြားမင်းသေလို့ စည်တီးတဲ့ ဆရာတော်ဦးခေမာစာရတို့ ဆရာတပည့် သတိရမိပါတော့တယ်။"

"ဆိုစမ်းပါဦး၊ အရှင်ဘုရားရဲ့ ဦးခေမာစာရအကြောင်း"

"အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက်ကပေါ့။ ဦးခေမာစာရဆိုတဲ့ ဆရာတော်တစ်ပါးရှိတယ်။ ကျမ်းဂန်လည်း တတ်တယ်၊ ဝိနည်းသိက္ခာပုဒ်တွေကိုလည်း လေးစားတယ်၊ တပည့်များကိုလည်း စာပေတွေ ပို့ချပေးနေတယ်၊

သာသနာတော်အတွက် တကယ်အလုပ်လုပ်နေတဲ့ ဆရာတော်ပါ။ ဒါပေမယ့် မင်းကြီးက လှည့်မကြည့်ဘူး။ ပစ္စည်းလေးပါး မထောက်ပံ့ဘဲ ပစ်ထားတယ်။ ဆရာတပည့်တွေခမျာ ပစ္စည်းလေးပါး ရှားပါးကြဟန်တူပါတယ်။"

"ဒါနဲ့ တစ်ညတော့ ညဥ့်နက်သန်းခေါင်ယံအချိန်မှာ ဘုရားရှေ့ ဆွဲထားတဲ့ စည်ကြီးကို တပည့်တွေကို အချက်ပေါင်းများစွာ တီးခိုင်းပါတယ်။ စည်တီးသံကြားတော့ မင်းကြီးက ဘုန်းကြီးပျံလွန်တော် မူတယ်ထင်တာနဲ့ သွားမေးခိုင်းတယ်။ အဲဒီအခါ ဆရာတော်က ဘုန်းကြီး ပျံလွန်တော်မူလို့ တီးရတာမဟုတ်၊ သိကြားမင်း သေလို့ တီးရခြင်းဖြစ်ကြောင်း မိန့်လိုက်ပါတယ်။ မင်းချင်းတို့လည်း အဲဒီအကြောင်း မင်းကြီးထံသွား သံတော်ဦးတင်တဲ့အခါ မင်းကြီးက သိကြားမင်း သေတာသိရပုံကို မေးခိုင်းလို့ ပြန်မေးလျှောက်တဲ့အခါ ဆရာတော်က 'သိကြားမင်းဟာ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံခါနီးတုန်းက အရှင်ဘုရားရဲ့ သာသနာတော်ကို စောင့်ရှောက်ပါမည်လို့ ဝန်ခံကတိပြုထားပါလျက်နဲ့ အခု ဗုဒ္ဓသာသနာတော်ကို မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ငါတို့ကို ပစ်ထားတယ်။ ဘာတစ်ခုမျှ ကူညီစောင့်ရှောက်ဖော် မရ။ ဒါကိုထောက်ဆပြီး သိကြားမင်း သေပြီးဖြစ်ရမည်လို့ သိရကြောင်း မိန့်လိုက်ပါတယ်။' အဲဒီအခါကျမှ ဝမ်းဘဲအင်းမြောက် ဒန့်တောအရပ်မှာ ကျောင်းဆောက် လှူဒါန်းသတဲ့။"

"ကိုင်း... ဘိက္ခုကြီးရေ၊ ခုလည်း စည်တီးရကိန်း ဆိုက်နေပြီနဲ့တူတယ်"

"လောလောဆယ်မှာတော့ မတီးရသေးပါဘူး၊ တပည့်တော်တို့ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာတော်အကြောင်း ခြေခြေမြစ်မြစ်သိထားတဲ့သူတွေ ရှိကြပါသေးတယ်။ သူတို့က ပရိယတ္တိသာသနာတော်အတွက် တကယ်တမ်းအလုပ်လုပ်နေကြတဲ့ ရဟန်းသံဃာတော်တွေကို ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေကြပါသေးတယ်။ နောင်တစ်ချိန်မှာတော့ စီးပွားရေးအခြေအနေအရ ဗေဒင်၊ လက်ဖွဲ့၊ အင်းအိုင်တွေ အားကိုးကြပြီး အဲဒီဘုန်းကြီးတွေကိုသာ လှူဒါန်းထောက်ပံ့ကြတော့မယ်ဆိုရင်တော့ ပရိယတ္တိ စာချ၊စာသင် သံဃာတွေလည်း ဗားမဲ့ဘုန်းကြီးလိုင်း၊ ရေနံနတ်စက်ရောင်ဘုန်းကြီးလိုင်း လိုက်ကုန်နိုင်ပါတယ်။

အဲဒီအခါ 'စာချသူရှား၊ လာဘ်များအောင်ကြံ'ဆိုတဲ့ စကားအရ ဘုရားရှင်ရဲ့ သာသနာတော်ကြီး ကွယ်ပျောက်သွားနိုင်ပါတယ်။"

"ဒီတော့ ဘာလုပ်ရရင် ကောင်းမလဲ"

"ဗုဒ္ဓဘာသာဝင် ဒကာ,ဒကာမတွေ သာသနာဖျက်သူနဲ့ သာသနာပြုသူ ကွဲကွဲပြားပြား သိထားရအောင် ခွဲခြားပြရရင် ကောင်းပါလိမ့်မယ်"

"ဘာနဲ့ခွဲခြားပြမလဲ"

"မိုးကုတ်မြို့၊ ခါတော်မှိကျောင်းဆရာတော် ဦးပညိန္ဒာဘိဝံသရဲ့ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ စစ်တမ်းစာအုပ်၊ စာမျက်နှာ ၇၃-မှာ '**ဂါထာမန္တရား၊ အင်းအိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မှော်အတတ်၊ စုန်းအတတ်၊ ပယောဂအတတ်၊ ဝိဇ္ဇာမယိဒ္ဓိအတတ်၊ ဗေဒင်အတတ်၊ ဆေးအတတ်၊ အဂ္ဂိရတ်အတတ်တို့ကို တန္တရဗုဒ္ဓဘာသာလို့ဆိုကြောင်း၊ အဲဒီတန္တရဗုဒ္ဓဘာသာကြောင့် အိန္ဒိယပြည်မှာ စစ်မှန်တဲ့ ဗုဒ္ဓသာသနာ ပျောက်ကွယ်ခဲ့ရခြင်းဖြစ်ကြောင်း**' မိန့်ဆိုထားပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဝင် ဒကာ,ဒကာမများအနေနဲ့ဆိုခဲ့တဲ့ အတတ်ပညာတွေ လေ့လာလိုက်စား ပြောဟောနေတဲ့ပုဂ္ဂိုလ်ကို **သာသနာဖျက်သူ**လို့၊ ပရိယတ္တိ သာသနာတော်အတွက် စာချ,စာသင်နေတဲ့ အရှင်မြတ်တွေ၊ ဝိပဿနာဘာဝနာ ကျင့်ကြံအားထုတ်နေတဲ့ အရှင်မြတ်တွေကိုတော့ **သာသနာပြုနေသူ** တွေလို့ ခွဲခြားမှတ်သားရပါမယ်။"

**ဓမ္မရတနာမဂ္ဂဇင်း၊(၁၉၉၆-ခုနှစ်၊ ဇူလိုင်လ)**

# ကိုးကွယ်မှု မှန်ကန်ရေး

တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသဆိုလျှင် ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မသိသူ မရှိသလောက် ရှားပေသည်။ ဆရာတော်၏ ကျောင်းတိုက်ကြီးမှာ မြန်မာနိုင်ငံတွင် စံပြကျောင်းတိုက်ကြီးအဖြစ် အသိအမှတ် ပြုထားကြပြီး ဘာသာရေးဆိုင်ရာ လေ့လာလိုသည့် နိုင်ငံခြားသားများအား လိုက်လံပြသကြရသော်ည့် ကျောင်းတိုက်ကြီး ဖြစ်လေသည်။

ဆရာတော်သည် ကျောင်းတိုက်ကြီးကို တည်ထောင်ရာတွင် စာသင်သားများအား စိတ်ကောင်းရှိဖို့၊ ဝိနည်းလေးစားဖို့ ပဓာန ရှေ့တန်းတင်၍ တည်ဆောက်ထားခြင်း ဖြစ်လေသည်။ ဝိနည်းလေးစားရုံးသာမက ကျမ်းဂန်တတ်မြောက်သည်မှာလည်း နှစ်ဆယ်ရာစု အရှင်ဗုဒ္ဓဃောသဟု ပြောစမှတ်ပြုလောက်သည့် ဆရာတော်ဖြစ်ပေသည်။ ထို့ပြင် ဆရာတော်သည် တပည့်ရဟန်းသံဃာများ၊ ဒကာ,ဒကာမများ အသိဉာဏ်တိုးပွား၍ ယဉ်ကျေးလိမ္မာစေခြင်းငှာ ရတနာသုံးပါးအား ကြည်ညို ကိုးကွယ်တတ်စေရန်အလို့ငှာ အခါအားလျော်စွာ ဆုံးမဩဝါဒများပေးလေ့ရှိပါသည်။ ယင်းဆုံးမဩဝါဒများအနက် ကိုးကွယ်မှု မှန်ကန်ရေးအတွက် ပေးတော်မူသည့် ဆုံးမဩဝါဒများကို လေ့လာကောက်နှုတ် တင်ပြလိုပါသည်။

## ဂိုဏ်းနှင့်ပတ်သက်သည့် ဩဝါဒ

ဆရာတော်သည် ကျောင်းတိုက်တည်ထောင်သည်မှစ၍ တပည့် ရှင်ရဟန်းများနှင့် အတူလက်တွဲလျက် သာသနာတော်အတွက် အလုပ်လုပ်လျက်ရှိ၏။ အချိန်ကြာညောင်းလာသည်နှင့်အမျှ ဆရာတော့်ကျောင်းတိုက်မှာ ဘိုးတက်အောင်မြင်လာ၏။ နာမည်ကျော်ကြား ထင်ရှားလာ၏။ ထိုအခါ အချို့ပုဂ္ဂိုလ်များက ဆရာတော်အား ဘာဂိုဏ်းညာဂိုဏ်းက ကူညီမစလို့ အောင်မြင်ခြင်းဖြစ်ကြောင်း ပြောဆိုကြ၏။ အချို့ကလည်း ဆရာတော့်ကို ဂိုဏ်းထဲဝင်ဖို့ မဲဆွယ်ကြ၏။ ယင်းဂိုဏ်းနှင့် ပတ်သက်၍ ဆရာတော်က တပည့် ရှင်ရဟန်းများအား အောက်ပါအတိုင်း ဩဝါဒပေးတော်မူပါ၏။

"အချို့က ဘုန်းကြီးကို ဂိုဏ်းထဲဝင်စေချင်တယ်၊ ဘုန်းကြီးက မဝင်ချင်ပါဘူး၊ နာမည်ကြီးဆရာတော် ဂိုဏ်းထဲဝင်တယ်ဆိုတော့ ကြည်ညိုလိုက်ကြမယ့်ဖြစ်ခြင်း၊ ဘာပြောကောင်းမလဲ။ ဘုန်းကြီးဘာသာ အလုပ်တွေ အထမြောက်နေတာကို ဂိုဏ်းက မ,လို့လို့ ထင်နေကြပါဦးမယ်၊ အလုပ်ကောင်းလုပ်နေသူတော့ နတ်ကောင်းတွေက စောင့်ရှောက်ပါလိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်"

"ဘုန်းကြီးရဲ့ အာနုဘော်က မေတ္တာပါပဲ။ ဘာတန်ခိုးမှ မရှိပါဘူး၊ ဘုန်းကြီးမေတ္တာပို့တာ နှစ်ရက်ခွဲပို့ရတယ်"

"ခုတချို့က တင်ပျဉ်ခွေထိုင်ပြီး မျက်စိမှိတ်အဓိဋ္ဌာန်လိုက်ရင် လက်ဝါးထဲ ဆင်းတုတော်တွေ ကျလာသတဲ့၊ ကောင်းတာတွေ လုပ်နေပေမယ့် သာသနာက ဘယ်လိုမှန်း မသိဘူး။ ခုဘုန်းကြီးတွေက ဂိုဏ်းထဲ ဝင်ကုန်ကြပြီ၊ တချို့ကတော့လည်း လူညာမဟုတ်ပါဘူး၊ တချို့ဘုန်းကြီးတွေကလည်း ဘုန်းကြီးဝတ်ပြီး ကန်တော့ပွဲပေး၊ နတ်ကိုးကွယ်နေတာကလည်း ရှိနေသေးတယ်၊ နတ်ဆိုပေမယ့်လို့ တကယ့်အရေးကျ အားမကိုးရပါဘူး၊ တလောဆီက ဒကာတစ်ဦးက နတ်မေးသတဲ့။ သာသနာ ဘယ်တော့လောက် အထမြောက်မလဲလို့ မေးတော့ ဘုန်းကြီးရဲ့ကံနဲ့ အထမြောက်ဖို့ ပြောသတဲ့။ ဘုန်းကြီးက ဘာသာရေးစစ်စစ် လုပ်နေတာပါ။ ဂိုဏ်းထဲဝင်လို့ အထမြောက်တယ်ဆိုတာတော့ မဖြစ်ကြစေနဲ့။ ဘုန်းကြီး ဂိုဏ်းထဲလည်း မဝင်ပါဘူး"

"သာသနာတွင်းမှာက ဆေးဂိုဏ်း၊ အင်္ဂလိပ်ဂိုဏ်း၊ ပယောဂဂိုဏ်း စတဲ့ ဗန်းပြစားပေါက်လုပ်ငန်းတွေက ဝင်ရှုပ်နေတယ်။ ဘုန်းကြီးတွေက ဒါတွေ လုပ်နေတော့ လူဆန်သွားပါတယ်။ ရဟန်းအလုပ်က သီလ, သမာဓိ, ပညာ စတဲ့ ဝိပဿနာအလုပ်သာ ဖြစ်ရမယ်"

"ဟိုတုန်းက မြန်မာပြည်မှာ အရည်းကြီးဂိုဏ်းတွေ အုပ်စိုးခဲ့တယ်။ ရှင်အရဟံရောက်မှ ကွယ်ပျောက်သွားတယ်။ ခု ဘာဂိုဏ်း, ညာဂိုဏ်းတွေက လူတွေရဲ့အပေါ် လွှမ်းလာပြီ။ ရန်ကုန်-မန္တလေးက လူတွေက ဂိုဏ်းဘုန်းကြီး တွေလာရင် ကလေးတွေကို ရှိခိုးခိုင်းကြသတဲ့။ ဘာလုပ်ဖို့လဲဆိုတော့ စာမေးပွဲ အောင်ဖို့ရန်တဲ့။ ခုသာသနာက အစိုးရဘက်က မပါရင် လျော့တော့မှာ။ ဘုန်းကြီးက အစိုးရပါလာရင် သာသနာကို ပြင်ချင်သေးတာ"

## နတ်နှင့်ပတ်သက်သည့် ဩဝါဒ

မြန်မာနိုင်ငံတွင် နှစ်စဉ် ဝါခေါင်လတွင် တောင်ပြုန်းနတ်ပွဲနှင့် ရတနာ့ ဂူနက်ပွဲ ကျင်းပနေပါသည်။ ယင်းနတ်ပွဲများသို့ မြန်မာပြည် အနယ်နယ် အရပ်ရပ်မှ သွားနေကြ၏။ အချို့ မိရိုးဖလာအဖြစ်ဖြင့် သွားကြခြင်းဖြစ်၏။ အချို့စီးပွားတက်သည်ဟု ယုံကြည်ကြ၍, အချို့ပျော်ပါးလို၍ သွားကြခြင်း ဖြစ်သည်။ မိုးကုတ်မြို့၊ ခါတော်မိကျောင်းဆရာတော် ဦးပညိန္ဒာဘိဝံသကမူ ယင်းနတ်ပွဲများကို "မြန်မာပြည်၏ ဘာသာရေးလောကကို အရုပ်ဆိုးအကျည်း တန်စေသော အမည်းကွက်ကြီးများ"ဟု မိန့်ဆိုခဲ့လေသည်။

ယင်းနတ်ပွဲများနှင့် ပတ်သက်၍ ဆရာတော် အရှင်ဇနကာဘိဝံသက တပည့်ရှင်ရဟန်းများအား အောက်ပါအတိုင်း ဩဝါဒပေးခဲ့ပါသည်။

"အခုလူတွေ နတ်ပွဲလာကြတာ ကုသိုလ်ရချင်လို့ ဟုတ်ပါ့မလား။ မဟုတ်ပါဘူး၊ တဏှာယားလို့ လာကြတာပဲ။ ဟုတ်တယ် မဟုတ်လား။ မကောင်းဘူး၊ ကိုရင်တို့ နီးစပ်ရာ ပုဂ္ဂိုလ်တွေကို နတ်ပွဲတွင်း မလာကြနဲ့လို့ ပြောထားကြ။ တော်တော်ကြာ အနှုယားထဲ ပါသွားကြမယ်။ တို့ ဒီက ခုလို တရားစကားနဲ့ ပြောဆိုနေတော့ နတ်ပွဲနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်။ တကယ်တော့ လူတွေဟာ အနှုရှုး ရှုးနေကြတာပဲ"

## တန်ခိုးပြမှုနှင့် ပတ်သက်သည့်ဩဝါဒ

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို အရှင်ပိဏ္ဍောလ တန်ခိုးပြ၍ ယူခဲ့ဖူးသည်။ နာလန္ဒမြို့သား ကေဝဋ္ဋသူဌေးက ရဟန်းတော်များအား တန်ခိုးပြခိုင်းဖို့ တောင်းပန်လျှောက်ထားဖူး၏။ ယင်းတို့ကို ဘုရားရှင်က ကဲ့ရဲ့ရှုတ်ချ၍ တားမြစ်တော်မူခဲ့၏။ ယင်းတန်ခိုးပြမှုနှင့် ပတ်သက်၍ ဆရာတော်က အောက်ပါအတိုင်း ဩဝါဒပေးတော်မူပါသည်။

"ဈာန်ပျံတယ်ဆိုတာ အဘိညာဉ်ရဲ့ အစွမ်းမျှသာ ဖြစ်တယ်။ ဈာန်ပျံ၍ ပြပြနေလျှင် ဂန္ဓာရီဝိဇ္ဇာခိုရ်ပုဂ္ဂိုလ်တို့လောက်သာ အံ့ဖွယ်အဖြစ်နှင့် လေးစားကြလိမ့်မယ်။ အံ့ဩစရာ ကောင်းရုံအဖြစ်သာ ပရိသတ်က ခံယူကြပေလိမ့်မည်"

"သာသနာတော်၏ အနှစ်သာရ သီလ,သမာဓိ,ပညာတို့ကိုပင် ကြည်ညိုလေးစားရကောင်းမှန်း သိတော်မယ် မဟုတ်ဘူး။ ဒါကြောင့် သာသနာတော်ရဲ့ အနှစ်အသားဟာ သီလ,သမာဓိ,ပညာပဲ။ ဒီ သီလ,သမာဓိ,ပညာဆိုတာက ဘုရားသာသနာခေတ်နဲ့ ကြုံမှ တွေ့ရတာ။ ဈာန်အဘိညာဉ် တန်ခိုးတွေက သာသနာပမှာလည်း ရှိတာပဲ။ အနှစ်သာရ မဟုတ်သေးပါဘူး"

"ဒါကြောင့် ဦးပဥ္စင်းတို့၊ ကိုရင်တို့ ကံကောင်းလို့ တွေ့ရခိုက်မှာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဖြည့်လိုက်ကြပါ။ သီလသိက္ခာတွေ ပြည့်အောင် ဖြည့်လိုက်ကြစမ်းပါ"

## ဇမ္ဗုပတိရုပ်ပွားတော်နှင့် ပတ်သက်သည့်ဩဝါဒ

ဆရာတော် သက်တော်ထင်ရှားရှိစဉ်က တစ်နေ့တွင် ဦးအဂ္ဂဝံသအား တောင်သမန်အင်းစောင်းရှိ ကျောက်တော်ကြီးစေတီအား သန့်ရှင်းရေး လုပ်ခိုင်း၏။ ဦးအဂ္ဂလည်း သံဃာ ၃၀-မျှနှင့် သွားရောက် သန့်ရှင်းသည်။ စေတီတော်အတွင်းရှိ ရုပ်ပွားတော်ကြီးမှာ ဇမ္ဗုပတိချွတ်ခန်းပုံ ရုပ်ပွားတော်ကြီး ဖြစ်နေ၍ ဗောင်းတော်အတွင်းရှိ လင်းနို့ချေး စသည့်အညစ်အကြေးများကို သန့်ရှင်းမည် ပြုသောအခါ အခက်တွေ့နေလေသည်။ ထိုအခါ ဆရာတော့်ယံ

သွားရောက်၍ အကျိုးအကြောင်း လျှောက်ထား၏။ ဆရာတော်က ဦးအဂ္ဂဝံသ သံသယကင်းစေရန် အောက်ပါအတိုင်း မိန့်တော်မူပါ၏။

"ဦးအဂ္ဂဝံသ... ဘုရားကို သက်တော်ရှိတဲ့အနေနဲ့ စဉ်းစားလိုက်စမ်းပါ၊ ဘုန်းကြီးတို့က ဘုရားဟာ တောမထွက်ခင်တုန်းက နန်းမ သုံးဆောင်နဲ့၊ မိဖုရား အခြံအရံများစွာနဲ့ စကြာမင်း စည်းစိမ်တမျှ ကျကျနန ချမ်းချမ်းသာသာ ခံစားစံစားလာခဲ့တယ်"

"နောက် ဒါတွေ အပြစ်မြင်လို့ အားလုံးကို စွန့်ပယ်ပြီး တောထွက်ခဲ့တယ်။ ဥရုဝေလတောမှာ ဘုရားဖြစ်ကြောင်း အကျင့်တွေ ကျင့်လို့ ဘုရားဖြစ်လာခဲ့တယ်။ အခုလို သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဖြစ်လာကာမှ ရှင်ဘုရင် ဘဝတုန်းက ဖောင်းတော်၊ မကိုဋ်နဲ့ ဆင်မြန်းခဲ့တဲ့ စလွယ်ကြီးတို့ကို သံယောဇဉ်တွယ် မက်မောနေဦးမလား။ စဉ်းစားစမ်းပါ"

"ပြီးတော့ သက်တော်ထင်ရှား ဘုရားရှင်အား အဲဒီ ဖောင်းတော် မကိုဋ်ကြီးတွေ၊ စလွယ်ကြီးတွေကို သွားပြီး ကပ်လှူကြည့်စမ်းပါ။ သဘောကျစွာ လက်ခံထားမလား။ လက်ခံထားပြီး ဖောင်းတော်ကို ခေါင်းတော်မှာ စွပ်၍ တရားနာ လာကြတဲ့ ပရိသတ်တွေကို (ဦးခေါင်းတော်ကြီး တညိတ်ညိတ်နဲ့) ဒေသနာ ပြောမယ်ထင်သလား။ သဘာဝကို စဉ်းစားစမ်းပါ"

"ဘုန်းကြီးတို့ လူ့လောကမှာ ရှင်ဘုရင် လုပ်ချင်တဲ့သူတွေ ပေါတယ်။ ရှင်ဘုရင်ကိုလည်း အထင်ကြီးတယ်။ မြတ်နိုးတယ်။ အထွတ်အမြတ် ထားတယ်။ ဘုရင်တို့ အထွတ်အမြတ်ထားတော့ သူ့ရဲ့ ပုံပန်း အဆောင်အယောင်ကိုပါ မြတ်နိုး တန်ဖိုးထားလာတော့တာပေါ့။ အဲဒီလူတွေက အထွတ်အမြတ်ထားဖို့အတွက် ရုပ်တုတော် ထုတဲ့အခါ ရှင်ဘုရင်နဲ့ အဆောင်အယောင်တွေပါ တပ်ဆင်ကုန်ကြရော။ ရိုးရိုးသာမန် လူတွေက ဤ ဘုရားကုသိုလ်ကြောင့် ဘဝသံသရာမှာ ရှင်ဘုရင် ဖြစ်ချင်ကြ။ ရှင်ဘုရင်ဖြစ်ပြီး သူတွေကလည်း သူတို့ရဲ့ အထွတ်အမြတ် အဆောင်အယောင်တွေ တပ်ဆင်တာသဘောကျ။ အဲဒီက စ,လာကြဟန် တူပါရဲ့"

"တချို့က ပြောကြပြန်တယ်။ ဇမ္ဗုပတိ ချွတ်ခန်းတဲ့။ ဇမ္ဗုပတိမင်းဟာ မာနကြီးလွန်းလို့ ဘုရားကလည်း သူ့ထက် လှပသာလွန်တဲ့ ရှင်ဘုရင်ပုံ

ဖန်ဆင်းပြပြီး ချွတ်တာတဲ့။ အဲဒီအကြောင်းအရာဟာ ပိဋကသုံးပုံ ဘယ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှာမှ မရှိပါဘူး။ ထေရဝါဒ သာသနာက လက်မခံတဲ့ (ဇင်းမယ်ပဏ္ဏာသပါဠိတော်)ထဲမှာ ပါတယ်လို့ ဆိုကြပြန်တယ်။ ဒါလည်း မိုးကုတ် ခါတော်မှီဆရာတော် အရှင်ပညိန္ဒာဘိဝံသကတော့ 'ဇင်းမယ်ပဏ္ဏာသမှာလည်း မတွေ့ပါဘူး'လို့ ပြောတယ်"

"အမှန်ကတော့ ခေမာမိဖုရားချွတ်ခန်းမှာ မြတ်စွာဘုရားက ခေမာမိဖုရားထက် လှပသာလွန်တဲ့ အမျိုးသမီးကလေး ဖန်ဆင်းပြပြီး ချွတ်တာကို အတုခိုးတာ ထင်ပါရဲ့။ ဒါပေမယ့် ခေမာမိဖုရားကတော့ အခိုင်အမာ ဇာတ်လမ်း မရှိဘူး"

**မှတ်ချက်။** အရှင်ပညိန္ဒာဘိဝံသ ရေးသားသည့် ထေရဝါဒဗုဒ္ဓဘာသာ စစ်တမ်းစာအုပ်၊ စာမျက်နှာ–၁၁၀၊ ၁၁၁–တို့၌ "မကိုဋ်သရဖူ ဆောင်းကာ စလွယ် ဆင်မြန်းထားသည့် ရုပ်ပွားဆင်းတုတော်သည် ဇမ္ဗုပတိမင်းကို ချွတ်တော်မူသည့်အခါ ဖန်ဆင်းတော်မူသည့် မြတ်စွာဘုရား၏ နိမ္မိတရုပ်ပုံတော်ဖြစ်သည်ဟု ဆိုကြ၏။ ၎င်းအကြောင်းအရာ ထေရဝါဒ ပိဋကတ်တော်တွင် မလာရှိ, မပါရှိပေ။

နီပေါနှင့် တိဗက်လူမျိုးတို့ ရှတ်ဆိုကိုးကွယ်ပူဇော်ကြသည့် "အွမ်ဝဇိရပါဏိဟွမ်"ဟူသော ဂါထာမန္တရားအရ သရဖူဆောင်းကာ ဝတ်ရုံကို ဆင်မြန်းလျက် ဝရဇိန်လက်နက်ကို စွဲကိုင်ထားသော ဘုရားအလောင်းတော် အဝလောကိတေသွာရနှင့် "အွမ်မဏိပဒ္မေဟွမ်"ဟူသော ဂါထာမန္တရားအရ ပဒုမာကြာပန်းထဲက ပတ္တမြားရတနာတည်းဟူသော အမိတာဘာဘုရား၏ အသွင်သဏ္ဌာန်ကို အတုယူကာ ဤကဲ့သို့ ဆင်မြန်းထားဟန် တူပေသည်ဟု မိန့်ဆိုထားပေသည်။

ဗုဒ္ဓဘာသာဝင် ဒကာ,ဒကာမများ ကိုးကွယ်မှု မှန်ကန်ရေးအတွက် တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဩဝါဒများကို လေ့လာကောက်နုတ်တင်ပြလိုက်ပါသည်။

ကိုးကွယ်မှု မှန်ကန်ခြင်းလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ကြပါစေ။

**ဓမ္မရတနာမဂ္ဂဇင်း(၁၉၉၆–ခုနှစ်၊ စက်တင်ဘာလ)**

# ကိုးကွယ်မှု မှန်ကန်ရေး
# (မဟာစည်ဆရာတော်၏မိန့်ကြားချက်)

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သီလ, သမာဓိ,ပညာ သုံးသိက္ခာနှင့် ပြည့်စုံသည့် ဆရာတော်ကြီးဖြစ်သည်။ ပရိယတ်, ပဋိပတ် နှစ်ယ်စုံတက်ကျွမ်းသည့် ဆရာတော်ဖြစ်သည်။ အထူးသဖြင့် ပဋိပတ်အရာတွင် ထင်ပေါ် ကျော်ကြားတော်မူသည်။ ဘုရားရှင်၏ သတိပဋ္ဌာန်တရားတော်ကြီး ကို မြန်မာပြည်၌သာမက အမေရိကန်, အင်္ဂလန်စသော အနောက်နိုင်ငံများ သို့တိုင် ရောက်ရှိပျံ့နှံ့အောင် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ဆရာတော် ကြီးသည် သာသနာတော်နှင့် မသင့်တော်သည့် ရေးသားချက်များ၊ ဟောပြော ချက်များကို ကြားသိရပါကလည်း တာဝန်သိသူပီပီ ဓမ္မလမ်းကြောင်းဘက်မှ ရပ်တည်၍ ပြန်လည်ဖြေရှင်းချေပခဲ့သည်။ ဥပမာ- သောတာပန် အရက် သောက်သေးသည်၊ လူသတ်နိုင်သေးသည် စသော ရေးသားချက်မျိုး။

ထို့ပြင် ဆရာတော်ဘုရားကြီးသည် တရားဒေသနာများ ဟောကြား ရာ၌လည်း စပ်မိတိုင်း ကိုးကွယ်မှု မှန်ကန်ရေးအတွက် ဩဝါဒစကားရပ်များ ထည့်သွင်း မိန့်ကြားလေ့ရှိပါသည်။ ယင်းဩဝါဒတော်များအနက် အချို့ကို ကောက်နှုတ်တင်ပြလိုပါသည်။

## ဂိုဏ်းနှင့်ပတ်သက်သည့် ဩဝါဒ

၁၉၇၉-ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မဟာစည်ဆရာတော်ဘုရားကြီး ရိပ်သာအတွင်း၌ ပူဇော်ပွဲကျင်းပ၏။ ဆရာတော်ဘုရားကြီး၏ စံကျောင်းတော်နှင့် ဖန်ယဉ်ဓမ္မာရုံအကြား ဂုံနီကော်ဇောကြီးများ ခင်းပြီး ထိုအပေါ်မှ ပိတ်အစိမ်းများ ထပ်ခင်းပြီး ပန်းများလမ်းလုပ်လျက် ထပ်ခင်းထားပါ၏။ အမျိုးသမီး သုံးလေးယောက်ကမူ အပေါ်ခင်းလှန်ပြီး အောက်က ပန်းတွေ ထည့်ထားလေသည်။ ထိုအပြုအမူကို ဦးပွင့်ကောင်း မြင်၍ မေးကြည့်ရာ "အောက်ထည့်ထားတဲ့ ပန်းတွေကို ဆရာတော်ဘုရားကြီး တည့်တည့်နင်းသွားတာကို အိမ်ကို ယူပြီးတော့ ရေစိမ်ပြီး ပုလင်းနဲ့ ထည့်ကိုးကွယ်ပါတယ်၊ အန္တရာယ်ကင်းတယ်"ဟု ပြန်ပြောကြပါသည်။

ဆရာတော်ဘုရားကြီး မွေးနေ့ပွဲကျင်းပသည့် နေ့တစ်နေ့တွင် ဆွမ်းတော်ကြီး ကပ်လှူသည့် သစ်သီး မုန့်ပဲ သွားရည်စာများကို နံနက် ခုနစ်နာရီ၊ ရှစ်နာရီလောက်တွင် စွန့်၍ သံဃာတော်များအား ကပ်တန်ကပ်၍ ပရိသတ်ကိုလည်း ဝေငှကျွေးမွေးပါသည်။ လူများအား မုန့်ဝေငှသည့်နေရာတွင် လက်ဝတ်လက်စား အပြည့်အစုံ ဝတ်ဆင်ထားသည့် အမျိုးသမီး လေးငါးယောက်က မုန့်များကို အဖိုးတန်စလင်းဘတ်တွေထဲ စက္ကူတွေနှင့် ထုပ်ထည့်နေကြ၏။ ထိုအပြုအမူကို ဦးပွင့်ကောင်း တွေ့မြင်၍ "ဒီမုန့်တွေကို ဘာလုပ်ဖို့ ယူနေသလဲ၊ စလင်းဘတ်တွေထဲ ထည့်ယူတော့ မုန့်တွေ ပြားမကုန်ဘူးလား" ဟု မေးကြည့်ရာ "မုန့်တွေ ပိပြားကုန်ပေမယ့် ကိစ္စမရှိပါဘူး၊ အိမ်က မြေးတွေ၊ သားသမီးတွေကို ဝေခြမ်းပြီးတော့ စားခိုင်းရတယ်၊ အဲဒီတော့မှ သူတို့လည်း အန္တရာယ်ကင်း ဘေးရှင်းဖြစ်သွားပါတယ်၊ မုန့် ပုံပန်းပျက်တာ အရေးမကြီးပါဘူး၊ စားဖြင့်ရင် ပြီးတာပဲ"ဟု ပြန်ပြောကြပါသည်။

ဦးပွင့်ကောင်းက ဆရာတော်ဘုရားကြီးအား ထိုအကြောင်းကို လျှောက်ထားသောအခါ ဆရာတော်ဘုရားကြီးက "အင်း... ဘုန်းကြီးတို့ကို ဂိုဏ်းဘုန်းကြီးတွေလို သဘောထားပြီး ကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အများအပြားရှိတယ်။ သံသရာကိစ္စအတွက်ထက် လောကအန္တရာယ် ကင်းရှင်းဖို့ ကိစ္စတွေ၊ လာဘ်လာဘတွေ ပေါများဖို့ကိစ္စတွေကိုသာ ဦးတည်ပြီး

ကိုးကွယ်ကြတော့ ဗုဒ္ဓသာသနာနဲ့တော့ အတော်လမ်းလွဲရာ ကျနေပါတယ်။ ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန်ကို ကိုးကွယ်တဲ့အခါမှာ အဓိကကိစ္စက သံသရာနဲ့သာ သက်ဆိုင်တယ်ဆိုတာ သူတို့ သဘောမပေါက်ကြဘူး။ အဲဒီ မိရိုးဖလာ ကိုးကွယ်မှုမှာ အဲဒီလို ဗုဒ္ဓဘာသာတွေက သိပ်ပြီး လွှမ်းမိုးနေတော့ ဘုန်းကြီးတို့လည်း သင့်တင့်လျောက်ပတ်အောင် ညွှန်ကြား ဟောပြ ပြုပြင်သွားရမှာပဲ"

ဆရာတော်ဘုရားကြီး တောင်ကြီးမြို့သို့ တရားဟော တရားပြ ကြွရောက်စဉ်ကလည်း ဒကာမကြီးတစ်ဦးက ဆရာတော်ဘုရားကြီး ကြွလာသည့် လမ်းပေါ်၌ တဘက်ပဝါလေး ခင်းထားပြီး "ဆရာတော်ဘုရားကြီး... တပည့်တော်မ အမှတ်တရ ကိုးကွယ်ပူဇော်ရအောင် ဒီတဘက်ပဝါပေါ်မှာ ခြေတော်ရာ ချပေးပါဘုရား"ဟု လျှောက်ထားရာ ဆရာတော်ကြီးက "ဩော်... ဒကာမကြီးကလည်း ဘုန်းကြီးကို ဒီလို မလုပ်နဲ့လေ၊ ဒါက ဂိုဏ်းဆရာတွေ လုပ်တဲ့အလုပ်ပဲ၊ ဘုန်းကြီးက ဒါမျိုးမကြိုက်ဘူး၊ ဘုန်းကြီးကို ကြည်ညိုရင် ဘုန်းကြီးဟောပြတဲ့ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါ"ဟု ပြန်လည်မိန့်ကြားလိုက်လေသည်။

**(၃၃-နှစ်၊ မဟာစည်သာသနာပြုခရီး၊ ဦးပွင့်ကောင်း)**

## ရဟန်းတော်နှင့် နတ်ကန်တော့ပွဲ

ရဟန်းဘဝဟူသည် သိမ်အတွင်းဝယ် ရဟန်းခံစဉ် ပထမအကြိမ် ကမ္မဝါစာပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ဘုရားရှင် ပညတ်တော်မူထားသည့် သိက္ခာပုဒ်တော်များ ကိုယ်ဝယ်တည်လျက် အဓိသီလသိက္ခာနှင့် ပြည့်စုံသွားသည့် မြင့်မြတ်သောဘဝ ဖြစ်ပါ၏။ ယင်း အဓိသီလသိက္ခာနှင့် ပြည့်စုံမှုကြောင့် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ရှိခိုးပူဇော်မှုကို ခံယူထိုက်သောဘဝ ဖြစ်ပါ၏။

သို့ရာတွင် အချို့ရဟန်းတော်များမှာ မိမိ၏ မြင့်မြတ်သည့်ဘဝကို မေ့နေကြဟန်တူပါသည်။ မိမိ၏မြင့်မြတ်သည့်ဘဝကို မေ့နေကြပြီး မိမိလောက် မမြင့်မြတ်သည့်နတ်များကို ကန်တော့ပွဲများ တင်ပြီး ပူဇော်ပသနေကြ, ကိုးကွယ်နေကြပေသည်။ ထိုအကြောင်းကို မဟာစည်ဆရာတော်ဘုရား

ကြီး ကြားသိတော်မူသောအခါ အောက်ပါအတိုင်း ဩဝါဒစကား မိန့်ကြားပါသည်။

"ရဟန်းက နတ်ကို အရိုအသေပြုတယ်ဆိုတာ သင့်တော်ပါ့မလား၊ ဘုရားတပည့်တော်ကတော့ ရှင်သာမဏေဘဝ, ရဟန်းငယ်ဘဝကတည်းက နတ်ကို ရှင်,ရဟန်းက အရိုအသေ မပြုကောင်းဘူး၊ နတ်ကသာ ရှင်,ရဟန်းကို အရိုအသေ ပြုသင့်တယ်လို့ အသိအမှတ်ပြုလာခဲ့ပါတယ်၊ ရဟန်းက နတ်ကို အရိုအသေပြုတယ်, ကန်တော့ပွဲဖြင့် ပူဇော်ကန်တော့တယ်ဆိုတာကတော့ အလွန်မသင့်တော်တဲ့ အမှုပါပဲ၊ လူ့ဒကာ, ဒကာမတွေရဲ့ အလိုသို့လိုက်ပြီး ကန်တော့ပွဲ တင်ထားတာကို လက်ခံထားတာများ ဖြစ်လေမလားတော့ မပြောတတ်ပါဘူး၊ ဘုရားတပည့်တော် အမြင်အားဖြင့်တော့ အဲဒီလို လူ့ဒကာ, ဒကာမတွေကလာပြီး ကျောင်းမှာ တင်ထားတာကို လက်မခံသင့်ဘူးလို့ပဲ မြင်ပါတယ်၊ ဖြစ်နိုင်လို့ရှိရင် အိမ်မှာ ကန်တော့ပွဲ တင်ထားတာကို တောင် တားမြစ်သင့်ပါတယ်လို့ပဲ မြင်ပါတယ်။

"အကြောင်းကတော့ ရှင်,ရဟန်းပြုတယ်ဆိုတာ "**သဗ္ဗဒုက္ခနိဿရဏနိဗ္ဗာနသစ္ဆိကရဏတ္ထာယ**"လို့ ဆိုတဲ့အတိုင်း သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ပဲ၊ သူတစ်ပါးအား ဟောပြောရင်လည်း သဒ္ဓါ,ပညာစသော ကုသိုလ်တရား ဖြစ်ပွားဖို့, သံသရာမှ လွတ်မြောက်ဖို့ ဟောပြောရတာပဲ၊ အဲဒီလို ဟောပြောသင့်, ပြုကျင့်သင့်တဲ့နေရာမှာ ဒကာ, ဒကာမတွေ ကြည်ညိုအောင်, အထင်ကြီးအောင် သူတို့ အလိုလိုက်ပြီး ထွက်ရပ်ဂိုဏ်းယောင်ယောင်, နတ် ဂိုဏ်းယောင်ယောင် လုပ်တာကတော့ မတော်ဘူး၊ တချို့က အဲဒီဂိုဏ်းပုဂ္ဂိုလ် အသုံးပြုတဲ့ 'ပါရမီရှင်' ဆိုတဲ့ အမည်မျိုးကိုလည်း ခံယူမိတတ်တယ်၊ အဲဒီ အမည်မျိုးလည်း မခံယူသင့်ပါဘူး။" **(ဝိနယဝိနိစ္ဆယ)**

## ရဟန်းတော်များနှင့် လောကီမင်္ဂလာ

သာသနာ့ဝန်ထမ်း ရှင်,ရဟန်းဘဝသို့ ရောက်လာကြသူများအဖို့ မလွဲမသွေ ထမ်းဆောင်ကြရမည်မှာ ပရိယတ္တိတာဝန်, ပဋိပတ္တိတာဝန်ပင်ဖြစ်သည်။ ထိုတာဝန်နှစ်မျိုးစလုံး မထမ်းဆောင်နိုင်ပါလျှင် တစ်မျိုးမျိုးကိုတော့ မုချ

ထမ်းဆောင်ကြရပေမည်။ ဗုဒ္ဓဘာသာဝင် ဒကာ,ဒကာမများက ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေကြခြင်းမှာလည်း ယင်းတာဝန်နှစ်မျိုး ထမ်းဆောင်နိုင်စေရန်ဟူသော ရည်သန်ချက်ဖြင့် ထောက်ပံ့လှူဒါန်းနေကြခြင်း ဖြစ်လေသည်။

သို့ရာတွင် အချို့ရှင်,ရဟန်းများမှာ မိမိအလုပ်ကိုတော့ မလုပ်, မိမိအလုပ်မဟုတ်သည့် ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာဟု ဆိုအပ်သော လောကီမင်္ဂလာများကို လေ့လာလိုက်စား ဟောပြောနေကြပေသည်။ ရာထူးတိုးတက်လိုသူ, စီးပွား တိုးတက်လိုသူများကလည်း ထိုရဟန်းတော်များထံ ချဉ်းကပ်နေကြပေသည်။ သို့အတွက် ထိုရဟန်းတော်များမှာ ဘုန်းတန်ခိုးကြီးနေကြပေသည်။ ထိုအကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း မိန့်ထားတော်မူပေသည်။

"ဗုဒ္ဓသာသနာဝင် ရဟန်းအဖြစ် ဝန်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ လောကီမင်္ဂလာ(ဒိဋ္ဌ, သုတ, မုတမင်္ဂလာ)နဲ့ စပ်ပြီး ပယ်သာပယ်ဖို့ သင့်ပါတယ်၊ အဲဒီလောကီမင်္ဂလာတွေကို အားမပေးသင့်ပါဘူး၊ ဒါပေမယ့် အချို့ရဟန်းတော်များက ဒီလောကီမင်္ဂလာကို အားပေးဟောပြောနေကြတာလည်း ရှိနေတယ်၊ ဥပ္ပါတခေါ်တဲ့ ဘေးဥပဒ်များ၊ အိပ်မက်များ၊ လက္ခဏာများနဲ့ စပ်ပြီး ဘယ်လို မကောင်းကျိုးဖြစ်တတ်တယ်၊ အဲဒီလို မကောင်းကျိုး မဖြစ်ရအောင် ဘာလုပ်ရမယ် စသည်ဖြင့် ယတြာချေပုံတွေကိုလည်း သင်ပြပေးနေကြတယ်၊ စီးပွားဖြစ်အောင်, ရာထူးတိုးတက်အောင် ဘယ်လိုလုပ်ရမယ်၊ ဘာကို ဆောင်ထားရမယ် စသည်ဖြင့်လည်း ညွှန်ကြားပေးနေကြတယ်၊ ဘေးရန်ကင်းချင်တဲ့သူ, ကြီးပွားချမ်းသာချင်တဲ့သူ, ရာထူးတည်မြဲ တိုးတက်ချင်တဲ့သူတွေကလည်း အဲဒီလို လောကီမင်္ဂလာ ပြုလုပ်ပေးတဲ့ ဆရာတွေကို ကိုးကွယ်ဆည်းကပ်နေကြတယ်၊ ဒါကြောင့် လောကီမင်္ဂလာကို ဟောပြနေတဲ့ ရဟန်းတွေမှာလည်း ဘုန်းတန်ခိုးကြီးနေကြတယ်၊ ဒါပေမယ့် ဒီတရားဂါထာ (ယဿ မင်္ဂလာ သမူဟတာသေ စသောဂါထာ)အရဆိုရင်တော့ အဲဒီလောကီမင်္ဂလာတွေကို အလေးမပြုသင့်ပါဘူး။ ပယ်နိုင်အောင် သီလ, သမာဓိ, ပညာ အကျင့်ကိုသာ ကြိုးစားအားထုတ်ပြီး ကျင့်သင့်ပါတယ်။

**(သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်)**

## ရက်ကောင်းရက်မြတ် ရွေးပြစ်

ပုထုဇဉ်လူသားတို့၌ အစွဲဥပါဒါန်လေးများ ရှိတတ်ကြသည်သာ ဖြစ်လေသည်။ အိမ်ဆောက်, ကျောင်းဆောက်၊ အလှူပေး၊ မင်္ဂလာဆောင်မှအစ နေရာတကာ၌ ရက်ရာဇာ၊ ပြဿဒါး ရွေးနေတတ်ကြပေသည်။ အချို့ကမူ ရောဂါကုသရန်ကိုပင် ရက်ကောင်းရက်မြတ် ရွေးနေတတ်ကြပေသည်။ ယင်းသို့ မစွဲလမ်းသင့်ရာ၌ စွဲလမ်းသဖြင့် ဆိုးကျိုးများ ရတတ်ကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း မိန့်တော်မူထားပေသည်။

"ယခုခေတ်မှာလည်း ပြသင့်တဲ့အချိန် မပြဘဲ ရက်ကောင်း အခါကောင်း ရွေးနေတာနဲ့ အကျိုးမဲ့ဖြစ်တာ ရှိတာပဲ၊ လွန်ခဲ့တဲ့ နှစ်နှစ်, သုံးနှစ်လောက်က မြိတ်မြို့မှ ဒကာမကြီးတစ်ယောက်ဟာ မျက်စိရောဂါအတွက် ရန်ကုန်ရောက်လာပြီး ကုသဖို့ ရှိနေရာမှာ ရက်ကောင်း ရွေးနေတာနဲ့ ရက်အနည်းငယ်နောက်ကျသွားသောကြောင့် ရန်ကုန်ရောက်လာတဲ့အခါ ဆရာဝန်များက ကုသမပေးနိုင်တော့ဘဲ အကျိုးမဲ့ ဖြစ်သွားရတယ်လို့ ရင်းနှီးသော ဒကာ, ဒကာမများထံမှ ကြားသိရဖူးတယ်၊ အဲဒါလည်း အထူးသတိပြုစရာ အချက်တစ်ခုပဲ၊ အဲဒါဟာ မင်္ဂလာကို အလေးပြုနေလို့ အကျိုးမဲ့ဖြစ်ရတာပဲ။

**(သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်)**

ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမများ ကိုးကွယ်မှု မှန်ကန်ရေးအတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်အချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။ ကိုးကွယ်မှု မှန်ကန်ရေးလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ကြပါစေ။

# သာသနာပြု အစိပ္ပာယ်

## (သဲကုန်းဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၏ မိန့်ကြားချက်)

၁၃၃၉–ခုနှစ်၊ ပြာသိုလဆန်း ၁၀–ရက်နေ့ညက အင်းစိန်မြို့၊ ဈေးကုန်းရပ်၊ ဗုဒ္ဓပူဇနိယသံဃိကဒါန ဆွမ်းလောင်းသင်း၌ သဲကုန်းဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) တရားချီးမြှင့်၏။ ချီးမြှင့်သည့်တရားတော်မှာ အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ်၌ လာရှိသော "ဝေလာမသုတ္တန်တရားတော်"ဖြစ်၏။ ယင်းတရားတော်ကို ချီးမြှင့်ရာ၌ အနာထပိဏ်သူဌေးကြီး၏ ပုထုဇဉ်ရှင်သာမဏေကလေးတွေအပေါ် ကြည်ညိုနိုင်ပုံ၊ ရိုသေနိုင်ပုံ၊ ပစ္စည်းလေးပါး ထောက်ပံ့ပုံတို့ကို ဟောကြားရင်း သာသနာပြု အစိပ္ပာယ်ကိုပါ ထည့်သွင်းမိန့်ကြားသွားပါ၏။

"သာသနာပြုဆိုင်းဘုတ်က ဒီကနေ့ မြန်မာပြည်မှာ သိပ်ပြီး ထွန်းကားနေတယ်။ ဟိုကလည်း သာသနာပြု, ဒီကလည်း သာသနာပြုနဲ့ သာသနာပြုဆိုင်းဘုတ်တွေက ထွန်းကားနေတဲ့ ဒီကနေ့ခေတ်မှာ အဲဒါကြည့်ရအောင်။ သာသနာဆိုတာ ဘယ်လိုလဲ။ ဘယ်လိုပြုတာကိုမှ သာသနာပြုတယ်ခေါ်သလဲ။ ဒါ စဉ်းစားဖို့ အချိန်ကျရောက်လာပြီ။

"ဘုရားပြင်တဲ့ ပုဂ္ဂိုလ်တွေကလည်း သာသနာပြုတာ ပြောတာပဲ။ အဝတ်ဖြူကြီးတွေ ဝတ်ထားတဲ့ပုဂ္ဂိုလ်တွေကလည်း သာသနာပြုတာ ပြောတာပဲ။ အဝတ်နီကြီးနဲ့ ပုဂ္ဂိုလ်ကလည်း သာသနာပြုတာ ပြောတာပဲ။ မုတ်ဆိတ်

မှေးရှည်ကြီးနဲ့လူ၊ တောင်ဝှေးနဲ့ထိုးတဲ့လူကလည်း သာသနာပြုတာ ပြောတာ ပဲ။ တော်တော်ခက်တယ်။ ဘုန်းကြီးတို့စာချနေတဲ့ ရဟန်းတော်တွေက သာသနာပြုစကားလုံးကို ပြောခွင့်မရတော့ဘူး။ ပရိယတ္တိ စာသင်တိုက်တွေ ထဲက ဆွမ်းအငတ်ငတ် သင်္ကန်းအပြတ်ပြတ်နဲ့ အားသွန်ခွန်စိုက် စာချနေတဲ့ ရဟန်းတော်တွေက သာသနာပြုဆိုင်းဘုတ် တင်ခွင့်ကို မရတော့ဘူး။ ဒီလို ဖြစ်နေတယ်။

"အဲဒီလို သာသနာပြုဆိုင်းဘုတ်ကို တွင်တွင်ကြီး တပ်လာပြီဆိုရင် အဲဒါ တို့ဒကာ, ဒကာမတွေက အံ့ပြီးတော့ ပါသွားကြတယ်၊ ဒီမှာ စာသင် တိုက်ထဲမှာ အငတ်ငတ် အပြတ်ပြတ်နဲ့ ဆွမ်းမှ မဝရေစာ၊ သင်္ကန်းမှ အရှားရှား အပါးပါးနဲ့ စာသင်စာချ လုပ်နေကြတဲ့ ကိုယ်တော်တွေအပေါ်ကျတော့ အဲဒါသာသနာပြုတယ်လို့ မြင်တဲ့သူက တဖြည်းဖြည်း နည်းလာတယ်။ ဘာ ပြုလို့ နည်းလာသလဲဆိုတော့ ပရိသတ်နဲ့ အထိအတွေ့နည်းလို့တဲ့။ ကျောင်း ထဲမှာ ကုပ်ပြီးနေကြတဲ့ ကိုယ်တော်တွေ၊ အဲဒါ သာသနာတော်ရဲ့ ရေသောက် မြစ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ်သိပြီးထားကြ။ ပရိယတ္တိစာပေ မရှိခဲ့လျှင် ပဋိပတ္တိကျင့်စဉ်ဆိုတာ ခန်းခြောက်သွားမယ်။

"ပရိယတ္တိစာပေဆိုတာ တို့ဒကာ,ဒကာမတွေ နားလည်ထားစေချင်တယ်၊ ဘယ်လို နားလည်ထားစေချင်သလဲ။ ရေကန်ကြီးတစ်ခုရဲ့ ကန်ပေါင်ကြီးတစ်ခု နဲ့ တူတယ်လို့ မှတ်ထား။ ရေကန်ကြီးတစ်ခုမှာ ကန်ပေါင်ရိုးကြီး ခိုင်ခိုင်ကာ၊ အဲဒီထဲမှာ ရေတွေ တည်မယ်၊ ကန်ပေါင်ရိုး မခိုင်ရင် ရေမတည်ဘူး။ ရေ မတည်ရင် ကြာမျိုးငါးပါးလည်း လန်းလန်းဆန်းဆန်း မပွင့်နိုင်ပါဘူး။

"ဒီတော့ ကြာမျိုးစုံငါးပါး လန်းလန်းဆန်းဆန်း ပွင့်နေတယ်ဆိုတာ ဟာ ပဋိဝေဓလို့ခေါ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေကို ပြောတာ။ အဲဒီ ကြာမျိုး စုံငါးပါး ပွင့်ခြင်းရဲ့အကြောင်းသည် ဘာကြောင့် ပွင့်တာလဲဆိုရင် ရေရှိမှ ကြာပွင့်တယ်။ ရေမရှိရင် ဒီကြာတွေ သေကုန်မယ်။ ဒီတော့ ပဋိဝေဓ မဂ် ဉာဏ် ဖိုလ်ဉာဏ် အသိဉာဏ် ဘယ်ကရသလဲ။ ပဋိပတ္တိခေါ်တဲ့ ဝိပဿနာ ကျင့်စဉ်တွေက ရတယ်။ အဲဒီပဋိပတ္တိ ဝိပဿနာကျင့်စဉ်တွေကလည်း ဘယ် ကရမှာလဲဆိုရင် ကန်ပေါင်ရိုးကြီးနဲ့တူတဲ့ ပရိယတ္တိဆိုတဲ့ ကျမ်းဂန်စာပေတွေ

ကောင်းစွာသင်ခြင်း၊ ချခြင်း၊ ပို့ချဟောပြောခြင်းဆိုတဲ့ ပရိယတ္တိစာပေလုပ်ငန်း ရှိမှရမယ်။ ဒါကြောင့် ပရိယတ္တိစာပေဆိုတာ ဘာနဲ့ တူသလဲ။ ကန်ပေါင်ရိုး ကြီးနဲ့ ပမာတူတယ်။ ကန်ပေါင်ရိုးကြီး တစ်နေရာက ပေါက်ပြီဆိုရင် အဲဒီ ကန်ထဲ ရေတွေ ခန်းပြီဆိုတာ တို့ပရိသတ်မှတ်ပါ။

"ကန်ပေါင်ရိုးကျိုးရင် တို့ပရိသတ် ကန်ထဲက ရေတွေ ရှိဦးမလား၊ မရှိတော့ဘူးလား"

"မရှိတော့ပါဘုရား"

"ရေတွေ ခန်းခြောက်သွားမယ်၊ အကုန်ထွက်ကုန်မယ်၊ ရေခန်းနေတဲ့ ရေကန်ကြီးထဲမှာ ကြာမျိုးငါးပါးပွင့်လို့ ဖြစ်ကဲ့လား"

"မဖြစ်ပါဘုရား"

"ကြာမျိုးငါးပါး ပွင့်စေချင်ရင် ပထမဘာလုပ်ရမလဲ ဆိုရင် ကန်ပေါင် ရိုးကြီးကို ခိုင်အောင် ဆယ်ရမယ်၊ ဒီလို မဟုတ်လား၊ အဲဒီပရိယတ္တိဆိုတာ ကန်ပေါင်ရိုး၊ ပဋိပတ္တိဆိုတာ ကန်ထဲက ရေ၊ ပဋိဝေဓဆိုတာ အဲဒီကန်ထဲ ပွင့်လာတဲ့ ကြာတွေ၊ ဒီလိုမှတ်"

"ပရိယတ္တိသာသနာ့တာဝန်ကို ဒီကနေ့ အားသွန်နေတဲ့ စာသင်တိုက်က အရှင်မြတ်တွေဟာ ဘာလုပ်နေတာလဲ ဆိုရင် သာသနာ့ကန်ပေါင်ရိုးကြီးကို ဖို့နေတာ၊ ဆယ်နေတာ၊ အဲဒီသာသနာ့ကန်ပေါင်ရိုးကြီးကို အပြင်းအထန် ခါးတောင်းကျိုက် ဖို့ဆယ်နေတဲ့ စာချစာသင် အရှင်မြတ်တွေကို ဆွမ်းလေး တစ်ဇွန်း ဟင်းလေးတစ်ခွက်နေ့စဉ် လောင်းလှူနေတယ်ဆိုတာဟာ ဒီကနေ့ တို့ဒကာ, ဒကာမတွေ ဆွမ်းလောင်းအသင်းတွေ ဘာလုပ်တာလဲဆိုရင် အဲဒါ သာသနာ့ကန်ပေါင်ရိုးကြီးကို တို့တရားနာပရိသတ်ကလည်း ဝိုင်းဝန်းဖို့ဆယ် နေကြတာ။ အဲဒါကို သာသနာပြုလို့ မှတ်ရမယ်။ အဲဒီ ပရိယတ္တိကိုမှ အားပေးချင်တဲ့ သဘောမရှိရင် တို့တရားနာပရိသတ် ဘာဆိုင်းဘုတ်တွေ တပ်နေနေ၊ သာသနာပြု အမိပ္ပာယ်ဟာ ပေါ်လွင်ပါ့မလား"

"မပေါ်လွင်ပါဘုရား"

"ဘုရားတွေ ဘယ်လောက်ပဲ ပြင်နေနေ၊ စေတီတွေ ဘယ်လောက်ပဲ မိုးမွန်အောင် ပေါက်ချင်တိုင်း ပေါက်နေပါစေ၊ တစ်တိုင်းပြည်လုံး စေတီတွေ

ဖွေးချင်တိုင်း ဖွေးနေပါစေ၊ တို့ပရိသတ် စာချစာသင် မရှိခဲ့ရင် ဒီတိုင်းပြည်ကြီးမှာ ကျင့်စဉ်ဆိုတာ ရဦးမလား"

"မရပါဘုရား"

"ဘုရားရှင်ပွင့်တော်မူခဲ့တဲ့ မဇ္ဈိမဒေသ အိန္ဒိယပြည်ကြီးမှာ ကြည့်လိုက်စမ်း၊ ဘုရားပုထိုးတွေ အများကြီး ကျန်ခဲ့သားပဲ၊ အဲဒီစေတီတွေကို ပန်းကလေးတစ်ပွင့်တင်တဲ့လူမှ မရှိတော့တာ တို့ပရိသတ် စဉ်းစားသာကြည့်ပါနော်၊ ပုဂံနေပြည်တော်ကြီး ဒီကနေ့ သွားကြည့်၊ ဘုရားတွေ နည်းတာမှ မဟုတ်ဘဲ၊ ဖွေးဖွေး လှုပ်နေတာ၊ ညိုညိုတွေကော မည်းမည်းတွေကော ပုဂံမှာ စေတီတွေ ပြည့်နေတာ မဟုတ်လား၊ အဲဒီလို စေတီတွေပြည့်နေတဲ့ ပုဂံနေပြည်တော်ကြီးမှာ စာသင်တိုက် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားဆိုလို့ ဒီကနေ့ ရှိသေးရဲ့လား"

"ပရိမဏ္ဍလံ နိဝါသေဿာမိတိ သိက္ခာကရဏီယာဆိုတဲ့ အသံ၊ အဲဒီစေတီကြားထဲက ကြားရသေးသလား၊ ဘုန်းကြီးတို့ အခုရွတ်နေတဲ့ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေဆိုတဲ့ အသံ အဲဒီစေတီတွေထဲက ထွက်သေးသလား"

"မထွက်တော့ပါဘုရား"

"ဒါကြောင့်မို့လို့ ဘုရားတွေ, စေတီတွေ ပြုပြင်နေရုံနဲ့ ထီးတွေတင်နေရုံနဲ့ တို့ပရိသတ် အဲဒါ သာသနာတော်ကို ပြုတယ်လို့ မဆိုနိုင်သေးဘူး၊ သာသနာတော်ရဲ့ အခက်အလက် အသီးအပွင့် တစ်စုံတစ်ခုကို ဆွတ်ယူ စားနေတာတော့ မှန်တယ်၊ သာသနာ့သစ်ပင်ကြီးက သီးပွင့်လာတဲ့ အသီးအပွင့်တွေ စားသုံးနေတာတော့ မှန်တယ်၊ ကုသိုလ်ရေးလုပ်ငန်းတစ်ခုအနေနဲ့တော့ မှန်တယ်၊ ဘုန်းကြီးတို့အနေနဲ့ ဘာမှ အပြစ်မတင်ဘူး၊ သာသနာပြုတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဘုန်းကြီးတို့က ခြေခြေမြစ်မြစ် နားလည်စေချင်လို့ ဒါကို ပြောနေတာပါ"

"ဘုရားပြင်တာကိုလည်း ဘုန်းကြီးတို့အနေနဲ့ ပြင်ကြ, ဒါပြင်ရမှာပဲ၊ ဒီတော့ သာသနာပြုခြင်းဆိုတာ တို့ပရိသတ် ကန်ပေါင်ရိုးကြီးကို ခိုင်ခိုင်ဆယ်မှ သာသနာ့အရှည်ခံ၍ တည်တံ့မယ်၊ ဒါ နားလည်ရမယ်နော်၊ ကန်ပေါင်ရိုးကြီး မခိုင်ခဲ့ရင် အဲဒီကန်ထဲက ရေတွေ နေဦးမလား"

"မနေပါဘုရား"

"ပရိယတ္တိ မခိုင်ခဲ့ရင် ပဋိပတ္တိဆိုတဲ့ ကျင့်စဉ်တွေ ခိုင်ခဲ့ပါမလား"

"မခိုင်ခဲ့ပါဘုရား"

"ပဋိပတ္တိဆိုတဲ့ ကျင့်စဉ်မခိုင်လုံရင် ပဋိဝေဓဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဦးမလား"

"မရတော့ပါဘုရား"

"ဒါကြောင့် တို့တရားနာပရိသတ်များ-

**ပရိယတ္တိကန်သင်း၊ ဉာဏ်ရင်းခိုင်ကျည်**
**ရေကြည်ဆင့်လောင်း၊ ကျင့်ကောင်းကြွသည်**
**မဂ်ဖိုလ်သီရေး၊ ပဋိဝေးကြာတည်**
**အဲဒါမှ သာသနာ့ကန် တာရှည်"**

ဒါ တို့ပရိသတ် အသည်းစွဲအောင် မှတ်ထား။

"ဒါကြောင့် ဒီကနေ့ ဟောဒီဗုဒ္ဓပူမှုခံသံဃိကဒါနဆွမ်းလောင်းအသင်း အနေနဲ့ ဘုန်းကြီးတို့ ပြောချင်တာက အဲဒီလို သာသနာတော်ရဲ့ ကန်ပေါင်ရိုးကြီးကို ခါးတောင်းကျိုက်မဖြုတ်ဘဲ အားသွန်ကြိုးပမ်းနေတဲ့ အရှင်မြတ်တွေရဲ့ ပရိယတ်လုပ်ငန်းကို မြေကြီးလေး တစ်တောင်းစီ တစ်တောင်းစီ ဖို့နေတာ ပဲလို့ အဲဒါ ဆွမ်းလောင်းနေတာကို သာသနာပြုနေတယ်လို့ မှတ်ရမယ်၊ သောတာပန်ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးလည်း ဒီအဓိပ္ပာယ်နဲ့ ဇေတဝန်ကျောင်းထဲက ကိုရင်လေးတွေကို လှူဒါန်းထောက်ပံ့နေတယ်ဆိုတာ တို့ပရိသတ်များ စွဲမြဲစွာ မှတ်သားကြရမယ်နော်၊ အတုယူကြရမယ်နော်"

**ဓမ္မရတနာမဂ္ဂဇင်း (၁၉၉၆-ခုနှစ်၊ အောက်တိုဘာလ)**

# ကိုးကွယ်မှုမှန်ကန်ရေး ဆောင်ရွက်ချက်များ

## အနော်ရထာမင်း၏ ဆောင်ရွက်ချက်

အနော်ရထာမင်းသည် ရှင်အရဟံ၏ တရားတော်ကို နာယူရသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ပြည့်စုံမှု, သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေနိုင်မှု, ကိုးကွယ်ရာအစစ်အမှန်ဖြစ်မှုတို့ကို သိရှိလာပြီးနောက် မိမိနိုင်ငံတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားလာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့၏။

ကျောင်းကန်ဘုရားများ တည်ထားကိုးကွယ်ခဲ့၏။ စာပေပရိယတ္တိများ ပို့ချစေခဲ့၏။ ယတြာပြောဆိုမစေခဲ့၏။ ဂါထာမန္တရား, အင်းဆိုင်, ခလှဲ့,လက်ဖွဲ့, မှော်အတတ်, စုန်းအတတ်, ပယောဂအတတ်, ဝိဇ္ဇာမယိဒ္ဓိအတတ်, ဗေဒင် အတတ်, ဆေးအတတ်, အင်္ဂယအတတ်တို့ကို တန္တရဗုဒ္ဓဘာသာဟု ခေါ်၏။ ယင်း တန္တရဗုဒ္ဓဘာသာကို လေ့လာလိုက်စား၍ လူထုကို လိမ်လည်လှည့်စား နေကြသည့် အရည်းကြီး ရဟန်းတု, ရဟန်းယောင်များကိုလည်း လူဝတ်လဲ ပေးပြီး သန့်ရှင်းရေးလုပ်ခဲ့၏။

ထို့ပြင် အနော်ရထာမင်းသည် ၃၇ မင်းနတ်တို့ကို ကိုးကွယ်မှု လုံးဝ ပျောက်ကွယ်သွားစေရန် ကြိုးပမ်းတော်မူသည်။ နတ်ရုပ်အားလုံးကို သိမ်းကျုံး ပြီး နတ်လှောင်ကျောင်းထဲ၌ ထည့်ထားသည်။ နတ်တို့သည် မိမိလောက်

တန်ခိုးမရှိကြောင်းပြရန် နိုင်ငံတော်အတွင်း လှည့်လည်၍ နတ်စင်တို့ကို ဖြိုဖျက်ပြီး နတ်ရုပ်တို့ကိုလည်း ရိုက်နှက်လေသည်။

**(အိန္ဒိယမြန်မာဗုဒ္ဓဘာသာ၊ စာ- ၃၆၈)**

ထို့ပြင် အနော်ရထာမင်းသည် ပုပ္ပားတောင်၌ နှစ်စဉ်ကျင်းပသော နတ်ပွဲ၌ တိရစ္ဆာန်တို့ကို သတ်ဖြတ် ယဇ်ပူဇော်ခြင်းမှ တားမြစ်ခဲ့သည့်အပြင် ထိုနတ်ပွဲအား ထောက်ပံ့ကူညီခြင်းကိုလည်း ရုပ်သိမ်းခဲ့သည်။ သို့ရာတွင် နတ်ကိုးကွယ်မှုမှာ အရိုးစွဲနေပြီဖြစ်ရကား လုံးဝ ပပျောက်သွားအောင်ကား မတတ်နိုင်ခဲ့ပါချေ။ ယင်းသို့ မတတ်နိုင်စေကာမူ ကိုးကွယ်မှု မှန်ကန်ရေးအတွက် တိုင်းသူပြည်သားတို့အပေါ် ထားရှိခဲ့သည့် ၎င်း၏မွန်မြတ်သော စေတနာမှုကား သမိုင်းမျက်နှာစာတွင် စွဲထင်ကျန်ရစ်ခဲ့ပေသည်။

## ရှင်မဟာသီလဝံသ၏ ဆောင်ရွက်ချက်

နတ်ကိုးကွယ်မှုဝါဒသည် အင်းဝခေတ်တွင် အတော်ပင် အရှိန်အဟုန်ကောင်းလာဟန်တူသည်။ နတ်ကနားပွဲများ နေရာအနှံ့ ကျင်းပကြ၍ ကြက်သတ်,ဝက်သတ်နှင့် အတော် သောင်းကျန်းနေဟန်တူသည်။ ယင်းအခြေအနေကို တွေ့မြင်ရသောအခါ ရှင်မဟာသီလဝံသမထေရ်သည် အားမလို အားမရဖြစ်ဟန်တူသည်။ ကိုးကွယ်ရာအစစ် ဧကန်ဖြစ်သည့် ရတနာသုံးပါး ထင်ရှားရှိနေပါလျက် ဥပစ္ဆေဒကကံဖြင့် သေဆုံးကြ၍ နတ်စိမ်းဖြစ်နေသူများကို ယုံကြည်အားကိုးနေကြသည်ကို ကရုဏာဒေါသော ဖြစ်မိဟန်တူသည်။ သို့နှင့် ကိုးကွယ်မှု မှန်ကန်ရေးအတွက် လင်္ကာများ စပ်ဆိုကာ ဆုံးမတော်မူရှာသည်။

"ကာလရှည်လျား၊ လူ့ငနွားတို့၊ ကြီးမားယုတ်မာ၊ နတ်မိစ္ဆာကို၊ ဘိုးလာဘွားဘက်၊ မြေးသားဆက်၍၊ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့်၊ ပန်းခိုင်ရေအိုး၊ ဆယ်စုံဖြိုး၍၊ မြတ်နိုးနှစ်သက်၊ အနက်အနီ၊ အတီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစုဝေး၊ အမွှေးအကြိုင်၊ မုံ့ဆိုင်မုံ့ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနှဲခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ ငနတ်တို့ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်လွတ်ကင်း၊ မရှိလျှင်း၏၊ ဆောင်နှင်းမင်္ဂလာ၊ လျှာဒါပုညာ၊ ပြုကာလလည်း၊ မိဘရှေ့မှတ်၊ ငါတို့နတ်ကို၊ ပေးအပ်အပ်လျှင်၊ ပွဲ

လမ်းပြင်၍၊ အရှင်မှတ်မှတ်၊ ကိုယ်ဝတ်ကြပ်လျက်၊ မပြတ်ထင်ရှား၊ မမေ့မှားဟု၊ ဆုများရွှယ်ရွှယ်၊ ရှက်စဖွယ်နှင့်၊ ဘယ်ဝယ်တစ်ခါ၊ ကိုယ်တိုင်လာ၍၊ ဥစ္စာထင်ရှား၊ ဘယ်သူ့အားကို၊ နတ်များပို့လာ၊ ရှိဘူးပါအံ့။" **(သံဝေဂခန်းပျို့)**

ဥပစ္ဆေဒကကံဖြင့် သေဆုံး၍ နတ်စိမ်းဖြစ်နေသည့် နတ်မိစ္ဆာများကို ကိုးကွယ်နေကြသူများကို "လူ့ငနွားတို့"ဟု ဆရာတော်က ရင့်ရင့်သီးသီး မိန့်ဆိုထားပေသည်။ ကိုးကွယ်မှု မှန်ကန်ရေးအတွက် တတ်သိနားလည်သည့် ပုဂ္ဂိုလ်များက ညွှန်ပြနေသည်။ ဆုံးမနေသည်။ ယင်းသို့ ညွှန်ပြဆုံးမသည်ကို နားမထောင်ဘဲ ကိုးကွယ်ရာအစစ် မဟုတ်သည့် နတ်မိစ္ဆာများကိုမှ ယုံကြည် ကိုးကွယ်နေကြသည်။ ယင်းသို့ ဆုံးမစကားကို နားမထောင်သဖြင့် အသိ ဉာဏ်ကင်းသည့် အဟိတ်တိရစ္ဆာန်နှင့် တူနေရကား ယင်းသို့ ရင့်သီးစွာ မိန့် ဆိုလိုက်ခြင်း ဖြစ်လေရာသည်။

နတ်ကိုးကွယ်သူတို့အနေဖြင့် သတ္တဝါတို့၏ ချမ်းသာမှု, ဆင်းရဲမှုကို နတ်များက ဖန်ဆင်းပေးနေသည်ဟု ယုံကြည်ကြသော်လည်း စင်စစ် "သဗ္ဗေ သတ္တာ ကမ္မဿကာ= ခပ်သိမ်းသောသတ္တဝါတို့သည် မိမိတို့ပြုကြသော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုဟူသော ပစ္စုပ္ပန်ကံ အတိတ်ကံသည်သာလျှင် မိမိတို့ ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏" စကားတော်အရ **ကံတရားကသာလျှင် သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုကို ဖန်ဆင်းပေးနေခြင်း ဖြစ်ပေသည်။**

အကယ်၍ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုကို နတ်များက ဖန် ဆင်းပေးနေခြင်းဖြစ်သည်ဟု ယုံကြည်နေကြသူများကို "ဣဿရနိမ္မာနဟေတု ဒိဋ္ဌိ"အယူရှိသူများဟုဆိုသော် ဆိုနိုင်ပေရာသည်။

ဘုရားရှင်လက်ထက်တော်ကမှ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုကို မဟာဗြဟ္မာကြီးက ဖန်ဆင်းပေးနေခြင်းဖြစ်သည်ဟု ယုံကြည်သူများရှိခဲ့သည့် အလျောက် ထိုသူတို့၏ ယုံကြည်ချက်အားလျော်စွာ ကျမ်းဂန်များ၌ "ဣဿရ= အစိုးရသူ"အရ "မဟာဗြဟ္မာကြီး"ကိုသာ မိန့်ဆိုထားခြင်းဖြစ်ပေသည်။ ယင်း ဒေသနာတော်ကို နည်းမှီး၍ ချမ်းသာမှု ဆင်းရဲမှုကို ဖန်ဆင်းပေးနိုင်သည်ဟု ယုံကြည်မှု ခံရသူမှန်သမျှကို "ဣဿရ"ဟု ဆိုနိုင်ပေရာသည်။ ထိုပုဂ္ဂိုလ်

များကို ယုံကြည်နေသူများကိုလည်း "ဣသရနိမ္မာနဟေတုဒိဋ္ဌိ"အယူရှိသူများ ဟု ဆိုနိုင်ပေရာသည်။

(**မှတ်ချက်**။ လယ်တီဆရာတော်ဘုရားကြီး၏ သမ္မာဒိဋ္ဌိဒီပနီကျမ်းကို မှီး၍ ဆိုခြင်းဖြစ်ပါသည်။)

နတ်ကို ယုံကြည်ကိုးကွယ်နေသူတို့အနေဖြင့် ကြီးပွားချမ်းသာရန် အတွက် ငွေကုန်ကြေးကျ များစွာခံ၍ နတ်ကနားပေးခြင်း၊ ပွဲများပြင်ဆင် ပူဇော်ခြင်း စသော အလုပ်များ အပင်ပန်းခံလုပ်နေကြသော်လည်း မည်သည့် နတ်ကမျှ ဘယ်ပုဂ္ဂိုလ်အားသော်မျှ ဘယ်အခါတုန်းကသော်မျှ ကိုယ်တိုင် လာ၍ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာပေးပါသည်ဟု မကြားဘူးပါချေ။ စင်စစ် လယ်သမားကလည်း လယ်သမားအလျောက်၊ ကုန်သည်ကလည်း ကုန်သည် အလျောက်၊ ဝန်ထမ်းကလည်း ဝန်ထမ်းအလျောက် မိမိဆိုင်ရာအလုပ်ကို လုပ်နေကြရသည်သာ ဖြစ်လေသည်။ ယင်းသို့ လုပ်နေကြရသည်ကိုပင် "ကမ္မဿကာ= ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏"ဟု ဆိုရခြင်း ဖြစ် လေသည်။

ရှေးခေတ်က အနော်ရထာမင်း၊ ရှင်မဟာသီလဝံသစသော ဆရာဒကာ တို့သည် မိမိတို့ ပြည်သူပြည်သား ဒကာ,ဒကာမများ ကိုးကွယ်မှုမှန်ကန်ရေး အတွက် အစွမ်းကုန် ကြိုးပမ်းခဲ့ကြပါပေသည်။ သို့ရာတွင် ဥပါဒါန်တရား အားကြီးသည့် ပုထုဇဉ်တို့ဖြစ်သည့်အလျောက် စွဲမိစွဲရာ ဖားကို မြွေဖမ်းသည့် အလား ချွတ်မရနိုင်အောင် စွဲနေကြပေသည်။ ကိုးကွယ်ရာအစစ် ညွှန်ပြပါ သော်လည်း နားမထောင်ချင်ကြပေ။

မည်သို့ပင်ဖြစ်စေကာမူ ထိုဆရာ,ဒကာတို့၏ ဝါဒပန်ကျေပွန်ခဲ့မှုကို ကား ကျွန်ုပ်တို့ ကြည်ညိုလေးစားရမည် ဖြစ်ပါသတည်း။

ဓမ္မရတနာမဂ္ဂဇင်း (၁၉၉၆-ခုနှစ်၊ နိုဝင်ဘာလ)

# သာသနာ့ရန်စွယ်

## (တက္ကသိုလ်သောတစ္စနေ၊ ဓမ္မရံသီ)

(၄-၈-၉၃)နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သော "ကပ်ရှင်းမည့် ကိုးနဝင်း မဟာဝိဇ္ဇာဂန္ဓာရီ အရှင်နာဂသေနာ ဘိဝံသ အမည်ခံ ရဟန်းတု ရဟန်းယောင်တစ်ပါး၏ ဝိနည်းနှင့် မညီ၊ သာသနာတော်နှင့် မအပ်စပ်သော မဖွယ်မရာ ပြုမူချက်" သတင်းတစ်ပုဒ်ကို အခြေခံလျက်... ကိုးကွယ်ရာ သန့်ရှင်းရေး၊ သာသနာ့အန္တရာယ် ကာကွယ်ရေး ဦးတည်ရည်ရွယ်ချက်များဖြင့် တင်ပြထားသော ဆောင်းပါးကောင်းတစ်ပုဒ် ဖြစ်ပါသည်။

မင်းနန်(မော်ကျွန်း)
ရပ်ရှင်အောင်လံမဂ္ဂဇင်း
၁၉၉၅-ခုနှစ်၊ မေလ

# သာသနာ့ရန်စွယ်

(၄-၈-၉၃)နေ့ထုတ် ကြေးမုံသတင်းစာ၌ သတင်းထူးတစ်ပုဒ် ဖတ်လိုက်ရ၏။ ထိုသတင်းမှာ ဘုရားရှင်၏ ရွှေမျက်နှာတော်ကို အိုးမည်းသုတ်လိုက်သည့် သတင်းပင်ဖြစ်၏။ ဘုရားရှင့် သာသနာတော်အတွက် တကယ်တမ်းအလုပ်လုပ်နေကြသည့် ရှင်ရဟန်းများအပေါ် လူများ အထင်အမြင်သေးစရာဖြစ်သည့် ဘုရားရှင် သာသနာတော် ညှိုးမှိန်အောင် ပြုလုပ်လိုက်သည့်သတင်းပင်ဖြစ်သည်။

သတင်းမှာ ကပ်ရှင်းမည့် ကိုးနဝင်း မဟာဝိဇ္ဇာဂန္ဓာရီ အရှင်နာဂသေနာဘိဝံသအမည်ခံ ရဟန်းတု ရဟန်းယောင်တစ်ပါး၏ ဝိနည်းနှင့် မညီ၊ သာသနာတော်နှင့် မအပ်စပ်သည့် မဖွယ်မရာ ပြုမူချက်များပင် ဖြစ်သည်။

၎င်း၏ဇာတ်လမ်းမှာ... သူသည် ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလမှာ ရဟန်းခံခဲ့သည်။ ထို့နောက် ပုပ္ပားတောင်၌ ကိုးလ, ကိုးပတ်, ကိုးရက်, ကိုးနာရီ, ကိုးမိနစ် အဓိဋ္ဌာန်နှင့် တရားကျင့်ခဲ့သူဖြစ်ကြောင်း ကြေငြာခဲ့သည်။

ကိုးလ,ကိုးပတ်စသော စကားနှင့်ပတ်သက်၍ စာရေးသူတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ စိတ်ထဲတွင် ဤ "ကိုး"ဂဏန်းမှာ ထူးဆန်းသည့် ဂဏန်းတစ်ခုအဖြစ် မှတ်ယူထားကြဟန်တူသည်။ တစ်စုံတစ်ရာလုပ်ရာ၌ ကိုးဂဏန်းနှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားလျှင် "ဟာ... အတိတ်နိမိတ် သိပ်ကောင်းတာပဲ၊ ကိုးနဝင်းကျေတယ်၊ အောင်မြင်ဦးမှာပဲ၊ ကြီးပွားဦးမှာပဲ"စသည်ဖြင့် ပြောဆိုလေ့ရှိကြပါသည်။

မေးစရာရှိသည်ကား ဤ"ကိုး"ဂဏန်းနှင့် တိုက်ဆိုင်ရုံမျှနှင့် ကိုးနဝင်းကျေရုံမျှနှင့် အောင်မြင်တော့မှာလား။ ဤသို့လည်း မဟုတ်သေးပါ။ ကိုးဂဏန်းနှင့် တိုက်ဆိုင်နေ၊ ကိုးနဝင်းကျေနေသော်လည်း မအောင်မြင်သည့်သူ၊ မကြီးပွားသည့်သူ များစွာပင် ရှိပါသည်။ ရှေးကုသိုလ်ကံလည်း ပါလာ၊ မျက်မှောက်ဘဝမှာလည်း ဉာဏ်, ဝီရိယစိုက်ထုတ်ပြီး အလုပ်ကြိုးစားသူများသာ အောင်မြင်ကြီးပွားနိုင်ပေသည်။

စင်စစ် ဤကိုးနဝင်းဝါဒမှာ ဟိန္ဒူဘာသာရေးကျမ်းဂန်များမှလာသည့် ဂြိုဟ်ကြီး ၉-လုံးနှင့် ဆက်သွယ်ပြီး ပေါ်ပေါက်လာသည့် ဝါဒသာဖြစ်သည်။ ယခုအခါမှာတော့ ဗုဒ္ဓဘာသာဝင်များ၏ နယ်ပယ်မှာ ရောနှောလုံးထွေးနေပြီး ဗုဒ္ဓဘာသာဝင်များ၏ ပင်ကိုယ်မူလ အယူဝါဒတစ်မျိုးဟုပင် ထင်စရာ ဖြစ်နေပါပြီ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် ကိုးဂဏန်းနှင့် တိုက်ဆိုင်ရုံ၊ ကိုးနဝင်းကျေရုံမျှနှင့် ကိုယ့်ကိုယ်ကို "ငါ အောင်မြင် ကြီးပွားတော့မှာပဲ"ဟု အောက်မေ့ပြီး အားရကျေနပ် မနေသင့်ကြပေ။ "ဥဋ္ဌာနဝတော သတိမတော"စသည့် ဓမ္မပဒပါဠိတော်မှာလာသည့် ဘုရားရှင်၏ စကားတော်အတိုင်း သတိ, ဝီရိယစသော တရားများ လက်ကိုင်ထားပြီး အလုပ်လုပ်ကြဖို့ လိုပေသည်။

သတင်း၌ ထိုပုဂ္ဂိုလ်သည် မေလအတွင်းမှာ မုံရွာမြို့သို့ ခြေဆန့်ခဲ့ပြီး ကျောင်းတိုက်တစ်တိုက်မှာ တည်းခိုနေထိုင်ခဲ့ကြောင်း၊ သူ့ကိုယ်သူ ကပ်ရှင်းမည့် ကိုးနဝင်း မဟာဝိဇ္ဇာဂန္ဓာရီအရှင်နာဂသေနာဘိဝံသ အမည်ခံပြီး အဓိဋ္ဌာန်တရားစခန်းဝင်သည့် ဝိဇ္ဇာလို့ ကြော်ငြာခဲ့ကြောင်း၊ ယင်းသို့ ကြော်ငြာလိုက်သည်ဆိုလျှင်ပင် လူအများ စိတ်ဝင်စားလာကြပြီး ဆည်းကပ်ကိုးကွယ်မှု ပြုလာကြောင်း ဖော်ပြထားပါသည်။

မဟာဝိဇ္ဇာဂန္ဓာရီဆိုသော စကားနှင့်ပတ်သက်၍ မဟာဝိဇ္ဇာ(ဝိဇ္ဇာမိုရ်) ပုဂ္ဂိုလ်ဆိုသည်မှာ မည်သို့သော ပုဂ္ဂိုလ်မျိုးဆိုသည်ကို သိထားသင့်ပေသည်။ ၅၅၀-ဇာတ်တော်များတွင် "ဝိဇ္ဇာဓရဇာတ်"အမည်ရှိ ဇာတ်တော်တစ်ဇာတ် ပါရှိပါသည်။ ထိုဇာတ်တော်ထဲမှ ဝိဇ္ဇာမိုရ်တစ်ယောက်သည် ညအချိန်တွင်

ရှင်ဘုရင့် မိဖုရားကြီးကို လွန်ကျူးစော်ကားပြီး နေ့အချိန်တွင်ကား သုသာန် သွားပြီ ခြေတစ်ဖက်ကို မြှောက်၊ နေကို ရှိခိုးပြီးနေသည်ဟု ဆိုပါသည်။

ဂန္ဓာရီဆိုသည်မှာလည်း ကိုယ်ရောင်ဖျောက်ပြခြင်း၊ မြေလျှိုးပြခြင်း စသည်ဖြင့် လူအများ၏ မျက်စိကို လှည့်စားသည့် မျက်လှည့်အတတ်တစ်မျိုးဟု သီလက္ခန်ဋီကာ(သစ်/ဟောင်း)တို့မှာ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် မဟာဝိဇ္ဇာဂန္ဓာရီဆိုသည့်ပုဂ္ဂိုလ်မှာ သူများမယား ကြာခိုသည့်လူစားမျိုး၊ လူအများကို လှည့်စားနေသည့်လူစားမျိုးဟု သိသင့်ပေသည်။ ယခု ဤပုဂ္ဂိုလ်သည်လည်း မာတုဂါမတစ်ယောက်နှင့် လွန်ကျူးဖောက်ပြန်သည်ဟု သတင်း၌ ဖော်ပြထားရာ ဤပုဂ္ဂိုလ်၏ဇာတ်လမ်းနှင့် ဇာတ်တော်ထဲက ဝိဇ္ဇာမိုရ်၏ဇာတ်လမ်းမှာ ချွတ်စွပ်တူနေပါတော့သည်။

ဤသို့သော ပုဂ္ဂိုလ်မျိုးက သူ့ကိုယ်သူ ကပ်ရှင်းမည့် ကိုးနဝင်း မဟာဝိဇ္ဇာဂန္ဓာရီပုဂ္ဂိုလ်ဖြစ်ပါသည်ဟု စကားလုံးကြီးကြီး၊ လေသံကျယ်ကျယ်နှင့် ကြွေးကြော်လိုက်ပါသေး၏။ ဘယ်လိုကပ်မျိုး ရှင်းပေးမလဲဆိုသည်ကို မသိပါ။ ဝါးကပ်လောက်တော့ ရှင်းပေးနိုင်လောက်ကောင်းတန်ပါရဲ့။

ဘွဲ့အမည်က "အရှင်နာဂသေနာဘိဝံသ"တဲ့၊ ရဟန်းခံသည်မှာ ခြောက်လကျော်ကျော် ရှိသေးသည်။ ဘွဲ့အမည်နောက်က "အဘိဝံသ"ဘွဲ့တံဆိပ်ကြီး ထည့်ထားလိုက်ပါသေး၏။ ထို "အဘိဝံသ "ဘွဲ့တံဆိပ်မှာ မင်္ဂလာ ပရိယတ္တိ သာသနဟိတအသင်းတို့၊ ရန်ကုန်စေတိယင်္ဂဏအသင်းတို့က ကျင်းပသည့် စာမေးပွဲအောင်မြင်မှ ဆက်ကပ်သည့် ဘွဲ့တံဆိပ်ဖြစ်ပါ၏။ ဤဘွဲ့ကို လွယ်လွယ်ကူကူနှင့် ရသည်မဟုတ်ပေ။ ဤဘွဲ့ရဖို့ စာသင်သားများမှာ အသက်စွန့်ပြီး စာပေကို ကြိုးစား၍ သင်ယူခဲ့ရပါ၏။ ဤသည်ကို ဘုမသိ ဘမသိနှင့် ထိုသို့သောပုဂ္ဂိုလ်မျိုးက လူအထင်ကြီးအောင် တပ်ထားလိုက်သဖြင့် ထိုဘွဲ့ရထားသည့် ရဟန်းတော်များ ဈေးကျသွားသည့်အပြင် ယင်းဘွဲ့မှာလည်း အပေါစား ဖြစ်သွားရလေသည်။

လူတို့၏ စိတ်သည် ကိုယ်မမြင်ဖူးသည့်အရာ, ထူးဆန်းသည့်အရာတို့၌ စိတ်ဝင်စားလေ့ရှိကြသည်။ ယခုလည်း မဟာဝိဇ္ဇာဂန္ဓာရီပုဂ္ဂိုလ်ကြီးက "ကပ်ရှင်းပေးမည်၊ ကိုးနဝင်းကျေသည်၊ အဓိဋ္ဌာန်စခန်းဝင်သည့်ဝိဇ္ဇာဖြစ်သည်"

စသည်ဖြင့် ကြွေးကြော်လည်း ကြွေးကြော်လိုက်ပါရော ဆည်းကပ်ကိုးကွယ်ဖို့ လာကြသည့် လူများမှာ သောက်သောက်လဲပါပဲ။ ထိုစကားလုံးများ၏ အဓိပ္ပာယ်၊ ထိုပုဂ္ဂိုလ်၏ အကျင့်စာရိတ္တ စသည်ကို မလေ့လာ မစူးစမ်းဘဲ မျက်စိမှိတ်၍ ယုံကြည်ကိုးကွယ်ကြလေ၏။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အာဝဇ္ဇန်းကောင်းကောင်း၊ ဟန်ကောင်းကောင်းနှင့် စကားလုံးကြီးကြီး ရွေးချယ်ပြီး ဟောလိုက် ပြောလိုက်ပြီဆိုလျှင် မစူးစမ်း မဆင်ခြင်ဘဲ မျက်စိမှိတ်ပြီး ယုံကြည်ကိုးကွယ်တတ်သည့် အလေ့သည် စာရေးသူတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ပျော့ကွက်ဟာကွက်ကြီး တစ်ခုပင်ဖြစ်သည်။ ကိုးကွယ်မှုပိုင်းဆိုင်ရာ ဤသို့ မဖြစ်သင့်ပေ။ ဖြစ်နိုင်လောက်သည်, မဖြစ်နိုင်လောက်သည် စသည်ဖြင့် စူးစမ်းဆင်ခြင်ပြီးမှ ဆည်းကပ် ကိုးကွယ်သင့်ကြပေသည်။

ဘုရားရှင်လက်ထက်တော်ကဆိုလျှင် ပေါက္ခရသာတိပုဏ္ဏားစသော ပညာရှိပုဏ္ဏားကြီးများသည် ဘုရားရှင်၏ဂုဏ်သတင်းကြားလျှင် ကြားရချင်း ကိုယ်တိုင်မသွားကြသေးပေ။ လက္ခဏာကျွမ်းတတ် တပည့်တစ်ယောက်ကို အရင်စေလွှတ်ပြီး စုံစမ်းခိုင်းပါသေး၏။ တပည့်ဖြစ်သူ ပြန်လာ၍ ဘုရားအစစ် ဖြစ်မှန်းသိရသောအခါမှသာလျှင် ကိုယ်တိုင် သွားရောက် ဖူးမြော်ကန်တော့ လေ့ရှိကြသည်။ ထိုနည်းစနစ်ကို အတုယူသင့်ကြပေသည်။ ဘယ်လိုပုဂ္ဂိုလ် မျိုးဖြစ်သတဲ့ဆိုတိုင်း မသွားသင့်ကြပေ။

ထိုမှတစ်ပါး ၎င်းပုဂ္ဂိုလ်မှာ မိမိထံ ဆည်းကပ်ကိုးကွယ်လာကြသည့် သူများ၏ နေအိမ်များ၌ ဓာတ်စခန်းများ ဖွင့်ပြီး နေထိုင်ခဲ့၏။ ထိုသို့နေထိုင်ရင်း အန္တရာယ်ကင်းအောင်ဆို၍ ဝါးတားသည့် ကွမ်းကို ခွဲ့ကျွေးပါ၏။ ငွေပွားများ ပြုလုပ်ပေး၏။ ၎င်းအမည်ပါရှိသည့် ထိလက်မှတ်များကိုလည်း သိဒ္ဓိတင်ထားသည်ဆိုပြီး ပေး၏။ လာရောက်ဖူးမြော်သူများထံမှ လိုချင်သည့် ပစ္စည်းရှိလျှင် ဓာတ်ကျသည်ဆို၍ အလှူခံကြောင်း သတင်း၌ ဖော်ပြထား ပါသည်။

လူအများစုသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဆည်းကပ် ကိုးကွယ်သည့်နေရာ၌ ကြောက်စိတ်နှင့်မျှော်လင့်စိတ် ဤစိတ်ထားနှစ်မျိုးနှင့်ဆည်းကပ် ကိုးကွယ်ကြဟန် တူပေသည်။ ဘေးအန္တရာယ်များနှင့် တွေ့ကြုံရင်ဆိုင်ရမည်

ကို ကြောက်ကြသည်။ စီးပွားဥစ္စာကလည်း ကြီးပွားချမ်းသာချင်ကြသည်။ သို့အတွက် ၎င်း လိုအင်ဆန္ဒ နှစ်မျိုးကို ဖြည့်ဆည်းပေးနိုင်သည့် ပုဂ္ဂိုလ်ကိုမှ ရွေးချယ်၍ ဆည်းကပ် ကိုးကွယ်လိုကြဟန် တူပေသည်။

မည်သူမဆို လူတိုင်းလူတိုင်း အန္တရာယ်ကင်းချင်ကြသည်သာဖြစ်၏။ စီးပွားဥစ္စာ ကြီးပွားချမ်းသာချင်ကြသည်သာ ဖြစ်၏။ အပြစ်မဆိုလိုပေ။ ဆိုစရာလည်း မဟုတ်ပေ။ သို့သော် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သည့် နေရာ၌ကား ၎င်းစိတ်ထားမျိုးနှင့် မဆည်းကပ် မကိုးကွယ်သင့်ကြပေ။ မှန်သည်။ ဘေးအန္တရာယ်ကင်းအောင်, စီးပွားဥစ္စာတိုးတက်အောင်ဆိုသည့် စိတ်ထားမျိုးနှင့် ဆည်းကပ်ကိုးကွယ်လျှင် ကိုးကွယ်မှု မမြောက်ပေ။ အကျိုးမကြီးလှပေ။ ထို့ကြောင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သည့်နေရာ၌ ဘယ်ကြောက်စိတ်, ဘယ်မျှော်လင့်စိတ်မျှ မထားဘဲ ရတနာသုံးပါးဂုဏ်တော်များကိုသာ အာရုံပြု ကြည်ညိုပြီး စစ်မှန်သည့် သဒ္ဓါတရားဖြင့် ဆည်းကပ်ကိုးကွယ်သင့်ကြပေသည်။ ယခုခေတ် သံဃာတော်များကို ကိုးကွယ်သည့်နေရာမှာလည်း "ဩော်... ဘုရားရှင်ရဲ့ သာသနာတော်ကြီး အရှည်တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်နေကြတဲ့ အရှင်မြတ်တွေပါကလား" စသည်ဖြင့် အောက်မေ့ပြီး ကိုးကွယ်သင့်ကြပေသည်။

ယခုတော့ အများစုကား အန္တရာယ်ကင်းအောင် စီးပွားဥစ္စာ ကြီးပွားချမ်းသာအောင်ဆိုသည့် စိတ်ထားမျိုးနှင့်သာ ဆည်းကပ်ကိုးကွယ်လိုကြဟန် တူပေသည်။ ထို လိုအပ်ချက်နှစ်မျိုးကို ဖြည့်ဆည်းပေးနိုင်မည် ထင်ရသည့် ပုဂ္ဂိုလ်ကိုမှ ရွေးချယ်ပြီ ကိုးကွယ်လိုကြပေသည်။ ဖြည့်ဆည်းပေးနိုင်မည် မထင်သည့် ပုဂ္ဂိုလ်ကျ မကိုးကွယ်ချင်ကြပေ။ မှန်၏။ ယခုလည်း ကြည့်ပါ။ ထိုပုဂ္ဂိုလ်က အန္တရာယ်ကင်းအောင်ဆိုပြီး သူဝါးထားသည့် ကွမ်းကို ခွံ့ကျွေးသတဲ့။ ထိုဟာကို စားသည့်သူလည်း စားကြသတဲ့။ ကောင်းရော။ လူတွေကလည်း အန္တရာယ်ကင်းမည်။ စီးပွားဥစ္စာ ချမ်းသာမည်ဆိုလျှင် ဟိုဟာကို ကျွေးတောင် စားကြလေမလား မပြောတတ်ပေ။ ဤမျှလောက် အသိဉာဏ် မနည်းသင့်ကြပေ။

ထို့ပြင် ထိုပုဂ္ဂိုလ်က လာဘ်လာဘ တိုးတက်အောင်ဆိုပြီး ငွေပွားများပြုလုပ်ပေး၏။ သိဒ္ဓိတင်ပေး၏ဆိုသည်။ ငွေပွား မပွားတော့ မပြောတတ်

ပေ။ ယင်းသို့ ငွေပွားအောင် လုပ်ပေးမည်ဆို၍ တချို့တော့ အိမ်ရှင်မသိခင် ငွေတွေယူ၍ ထွက်ပြေးသည်။ တချို့တော့ အတုတွေနှင့် လဲယူသွားကြသည်ဟု ကြားရဖူးသည်။ ပုဂ္ဂိုလ်တစ်ယောက်ဆိုလျှင် ဓာတ်ကျသည်ဆို၍ မာတုဂါမ တစ်ယောက်နှင့် ဖောက်ပြန်သည်ဟု ကြားရဖူးသည်။ ထို့ကြောင့် ငွေပွားအောင် လုပ်ပေးမည်။ သိဒ္ဓိတင်ပေးမည်။ ဓာတ်ကျသည်ဆိုသော စကားလုံးတွေ သုံးနှုန်း ပြောဆိုသူဆိုလျှင် ဝေးဝေးကသာ လွတ်အောင်ရှောင်ကြပါဟု သတိပေးလိုက်ပါသည်။

ယခုလို စာရေးသူတို့ ဗုဒ္ဓဘာသာနယ်ပယ်ထဲမှာ ဝိဇ္ဇာခိုရ်တွေ, ဂန္ဓာရီတွေ, ဓာတ်တွေ, အပ်တွေ ဝင်ရောက်ရောထွေးနေခြင်းမှာ သာသနာတော် ကွယ်ခြင်း၏ အကြောင်းပင်ဖြစ်သည်။ သာသနာတော်ကို အနုနည်းနှင့်ဖျက်ဆီးနေခြင်းဖြစ်သည်။ နပန်းသတ်သည့်စကားနှင့် ပြောရလျှင် ပူးသတ်နေခြင်းဖြစ်သည်။ ဤအကြောင်းများကြောင့်ပင် အိန္ဒိယမှာ ဗုဒ္ဓသာသနာတော် ကွယ်ခဲ့ရခြင်းဖြစ်သည်။ ဤအကြောင်းများ ဆက်လက် ရှင်သန်နေမည်ဆိုလျှင် စာရေးသူတို့ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာတော်သည်လည်း မချကွယ်ပျောက်ရမည်ပင်။ ဤသည်တို့မှာ ဗုဒ္ဓဘာသာဝင်တိုင်း သတိပြုရမည့်အချက်များပင် ဖြစ်ပါသည်။

ယခုတင်ပြခဲ့သည့်အတိုင်း ထိုပုဂ္ဂိုလ်၏ လုပ်ဆောင်ချက်များမှာ ဘုရားရှင်၏ ဝိနည်းတော်နှင့်မညီ၊ ဗုဒ္ဓသာသနာတော်၏ ဘေးအန္တရာယ် ရန်စွယ်ဆူးငြောင့်ခလုတ်များပင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည်လည်း ထိုအလုပ်များကို လုပ်နေသည့်အတွက် သူလည်း ဗုဒ္ဓသာသနာတော်၏ ဆူးငြောင့်ခလုတ်တစ်ခုပင်ဖြစ်၏။ ထိုဘေးအန္တရာယ် ဆူးငြောင့်ခလုတ်များကို ဘေးအန္တရာယ် ဆူးငြောင့်ခလုတ်တွေမှန်း ဗုဒ္ဓဘာသာပင်များ သိကြစေရန် ယခုကဲ့သို့ စိစစ်တင်ပြရခြင်းဖြစ်ပါသတည်း။

**မှတ်ချက်။** ဓမ္မဗျူဟာစာစောင်၌ စကားပြောဟန်ဖြင့် ရေးသားခဲ့သည်ကို စာရေးဟန်ဖြင့် ပြုပြင်ရေးသားထားခြင်း ဖြစ်ပါသည်။

**ဓမ္မဗျူဟာစာစောင်(၁၉၉၅-ခုနှစ်၊ မတ်လ)**

# သုနက္ခတ္တရဟန်းအတွေး

ဘုရားရှင်လက်ထက်တော်က သုနက္ခတ္တဆိုသည့် ရဟန်းတော်တစ်ပါး ရှိ၏။ ၎င်းသည် လိစ္ဆဝီမင်း၏သား ဖြစ်၏။ ထို့ပြင်မက ဘုရားရှင်၏ အလုပ်အကျွေး ရဟန်းတစ်ပါးလည်း ဖြစ်ပါ၏။ သို့ရာတွင် သံသရာမှ ထွက်မြောက်စေနိုင်သည့် ကုသိုလ်ကံ (ဝိဝဋ္ဋနိဿိတ ကုသိုလ်)မျိုးမှုကား ပါလာဟန်မတူပေ။ ဘုရားရှင်၏နောက်မှ သပိတ် သင်္ကန်းကိုင်၍ တကောက်ကောက်လိုက်နေငြားသော်လည်း ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို မသိရှာပေ။

"အရှင်ဘုရား... ဒီကနေ့ကစပြီး အရှင်ဘုရားကို တပည့်တော် စွန့်လွှတ်လိုက်ပါပြီ၊ ဒီကနေ့ကစပြီး အရှင်ဘုရားကို ရည်စူး၍ မနေတော့ပါ" ဟူသော စကားမျိုးကို လျှောက်ထားသူ ဖြစ်လေသည်။ ၎င်း၏ အသိဉာဏ်ပညာနည်းပါးပုံကို ဆက်လက် ဖတ်ရှု ကြည့်စမ်းပါလော့။

ဘုရားရှင် ထူလနိဂုံး၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။ တစ်နေ့နံနက် ဆွမ်းခံရာတွင် သုနက္ခတ္တရဟန်းကို ပစ္ဆာသမဏအဖြစ် ခေါ်သွား၏။ တစ်နေရာအရောက်တွင် အဝတ်မဝတ်သည့် ကောရအမည်ရှိ ခတ္တိယကို တွေ့မြင်လေ၏။ ၎င်း ကောရက္ခတ္တိယမှာ ခွေးကျင့်ကျင့်နေသူဖြစ်၏၊ ခွေးလိုလေးဘက်ထောက် သွား၏။ မြေပေါ်၌ ချထားအပ်သည့် အစားအစာများကို ခွေးလို ပါးစပ်ဖြင့် ဟပ်စား၏။ ၎င်း ခွေးကျင့်ကျင့်နေသော ကောရက္ခတ္တိယကို သုနက္ခတ္တ တွေ့မြင်သောအခါ အောက်ပါအတိုင်း တွေးမိ၏။

"ဤရဟန်းသည် ကောင်းသောသဘော ရှိပါပေစွာ။ ဤရဟန်းသည် ရဟန္တာအပေါင်းတို့တွင် တစ်ပါး အပါအဝင်ဖြစ်ပါပေ၏။' ဤရဟန်းသည် အလိုနည်းပါးသည်၏အဖြစ်ကြောင့် အဝတ်လည်း မဝတ်။ ပလိဗောဓများ သည်၏အဖြစ်ကြောင့် ထမင်းခွက်ကိုပင် မဆောင်။ မြေပေါ်ချထားအပ်သည့် စားစရာကိုသာ စားရှာပါပေ၏။ ဤရဟန်းသည်သာ ရဟန္တာအပေါင်းတို့တွင် တစ်ပါး အပါအဝင်ဖြစ်သော ရဟန္တာရဟန်း မည်ပါပေ၏။ ငါတို့မှုကား အဘယ်မှာ' ရဟန်းမည်ပါကုန်အံ့နည်း"

သုနက္ခတ္တရဟန်းသည် မြတ်စွာဘုရား၏ နောက်တော်မှ လိုက်ပါနေ လျက်ပင် မိမိ၏ သဗ္ဗညုဘုရားရှင်၏ တပည့်သားအဖြစ်ကို အထင်အမြင်သေး ၍ ဘာမဟုတ်သည့် ခွေးကျင့်ကျင့်နေသည့် ကောရက္ခတ္တိယကိုတော့ သွား၍ အထင်ကြီးမိလေ၏။ ၎င်း၏ ယုတ်မာသည့်အကြံအစည်ကို ဘုရားရှင် သိ တော်မူသောအခါ–

"မောဃပုရိသ(အချည်းနှီးသောယောကျာ်း)... သင်ကဲ့သို့ ယုတ်မာသော အလိုရှိသောသူသော်မှ သာကီဝင်မင်းသား ဘုရားသားကျော် ရဟန်းတော် ဟူ၍ ဝန်ခံဝံ့တုံဘိ၏"ဟု ကဲ့ရဲ့တော်မူ၏။ ထိုအခါ သုနက္ခတ္တက–

"ဘာအပြစ်မြင်၍ ကဲ့ရဲ့တော်မူပါသနည်း"ဟု ပြန်မေးလျှောက်ရာ–

"အဝတ်မဝတ် ခွေးကျင့်ကျင့်နေတဲ့ ကောရက္ခတ္တိယကို သင် ရဟန္တာ လို့ ထင်နေတယ် မဟုတ်လား"ဟု ဘုရားရှင်က မေးတော်မူ၏။ သုနက္ခတ္တက ဟုတ်မှန်ကြောင်း ဝန်ခံပြီး–

"အရှင်ဘုရား... သူတစ်ပါးရဲ့ အရဟတ္တဖိုလ်ကို ဝန်တိုတာလားဘုရား" ဟု ပြန်မေးလိုက်ချေသေး၏၊ ကိလေသာ အာသဝေါ လုံးဝဥဿုံ ကင်းစင်ပြီး သော ဘုရားရှင်ကိုပင် ပြန်လှန်မေးဝံ့သည့် အံ့ဖွယ် သုနက္ခတ္တပါတကား။

ထိုအခါ ဘုရားရှင်က "အချည်းနှီးသော ယောကျာ်း... ငါသည် လူ နတ်ဗြဟ္မာတို့၏ အရဟတ္တဖိုလ်ရခြင်းကိုသာ တောင့်တတော်မူ၏၊ လူ,နတ်, ဗြဟ္မာတို့ အရဟတ္တဖိုလ်ရခြင်း အကျိုးငှာသာ ခဲယဉ်းစွာသော အကျင့်တို့ကို ကျင့်လျက် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့ပြီ၊ အချည်းနှီးသောယောကျာ်း– ငါသည် အရဟတ္တဖိုလ်ကို ဝန်မတိုပေ"ဟု မိန့်တော်မူပြီး "သင့်အားသာလျှင် ရဟန္တာ

မဟုတ်သော တိတ္ထိတက္ကတွန်းကို ရဟန္တာဟု၊ ရဟန္တာဖြစ်သော မြတ်စွာဘုရားနှင့် မြတ်စွာဘုရား တပည့်သာဝကတို့ကိုမူကား ရဟန္တာမဟုတ်ဟု ထင်မှတ်သော မှားသောအယူ(မိစ္ဆာဒိဋ္ဌိ)ဖြစ်ပြီ”ဟု မိန့်တော်မူလိုက်လေ၏။

ယခုခေတ်တွင် ထေရဝါဒ ထွန်းကားပါသည်ဆိုသော ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ပင် ထေရဝါဒကျင့်စဉ်၌ မပါဝင်သည့် အတ္တကိလမထအကျင့်များတွင် ပါဝင်သည့်အကျင့်များကို ကျင့်ကြံနေသူများ ပေါများနေလေပြီ။ အချို့လူများက ထူးထူးဆန်းဆန်း ကျင့်သူဆိုလျှင် ဟုတ်မှန်သည့်အကျင့်, မှားယွင်းသည့်အကျင့် စသည်ဖြင့် ဘာဘာညာညာ စဉ်းစားမနေကြတော့ဘဲ သွားရောက်ပူဇော်ကန်တော့ကြလေ၏။ လျှုဒါန်းကြလေ၏၊ ထို့ကြောင့်ပင် ခေါင်းပါးသည့်အကျင့် ကျင့်သူကို ကြည်ညိုသူမှာ လူသားအားလုံး၏ ဆယ်ပုံပုံ ကိုးပုံ ၉၀-ရာခိုင်နှုန်းရှိသည်ဟု ပုဂ္ဂလပညတ်ပါဠိတော် အဋ္ဌကထာတို့၌ မိန့်ဆိုထားပေသည်။ လူတို့၏ အထာကိုသိသော အရှင်ဒေဝဒတ်သည်ပင် ခေါင်းပါးသည့်ကျင့်စဉ်များဖြင့် ဘုရားရှင်ထံ အရေးဆိုပြီး ဂိုဏ်းသီးခြား ဘည်ထောင်သွားခြင်းဖြစ်လေသည်။

အချို့ကလည်း ထူးဆန်းသည့်အကျင့် ခေါင်းပါးသည့်အကျင့် ကျင့်သူဆိုလျှင် သောတာပန်, သကဒါဂါမ်, အနာဂါမ်အဆင့်ကို ကျော်လွန်၍ ရဟန္တာဟုချည်း ခေါ်ဝေါ်သမုတ်နေကြပေသည်၊ ယင်းသို့ ခေါ်ဝေါ်သမုတ်ကြရာ၌ သမုတ်ခံရသူက ရဟန္တာ အစစ်အမှန် ဖြစ်လျှင် တော်ပေသေး၏၊ ရဟန္တာမဟုတ်သူဖြစ်ခဲ့လျှင် ပဏ္ဏာသဋီကာ၌ “**ယော နိန္ဒိယေ ပုထုဇ္ဇနဘာဝေ ဌိတံ ပါသံသံ အရိယဘာဝံ အာရောပေတွာ တံ မိစ္ဆာလဒ္ဓိ အဝိဿဇ္ဇ ပဂ္ဂယှ ဝေါဟာရတော သဂ္ဂေါ ပိ မဂ္ဂေါ ပိ ဝါရိတောယေဝ**”ဟု မိန့်ဆိုထားသည့်အတိုင်း လွန်စွာ အပြစ်ကြီးမားလှပေသည်။

ဋီကာစကားရပ်၏ အဓိပ္ပာယ်မှာ “လောဘ, ဒေါသ, မောဟ စသည့် ကိလေသာ၊ ကဲ့ရဲ့စရာ ကိလေသာ အပြည့်ရှိနေသည့် ပုထုဇဉ်ရဟန်းတော်တစ်ပါး၌ ကြည်ညိုဖွယ်ရာ ချီးမွမ်းစရာ ဂုဏ်တစ်ခုခု ရှိနေသည်ကို တွေ့မြင်ရုံမျှဖြင့် “ဟာ… ဤသူမြတ်ဟာ ရဟန္တာကြီးပဲ”ဟု မှတ်စွဲလျက် ဦးဆောင်ပင့်ဖိတ်ကာ လူအပေါင်းတို့အား “အရိယာရဟန္တာအရှင်မြတ်ကြီး ကြွတော်မူ

လာပြီ၊ ပူဇော်ကြလော့၊ ပေးလှူကြလော့၊ ဖူးမြော်ကြလော့"စသည်ဖြင့် ကြွေးကြော် အော်ဟစ်ကာ ပူဇော်သက္ကာပြုနေ၏။ ထိုမှားသောအယူကို မစွန့်လွှတ်ဘဲ ယူမြဲယူနေခဲ့လျှင် ထိုသူ၏ရပိုင်ခွင့် လူ နတ် နိဗ္ဗာန်ချမ်းသာကို ထိုမှားသော အယူအစွဲကက တားမြစ်၏။ ထိုသူ သွားစရာလမ်းမှာ အပါယ်လေးပါးသာ ရှိတော့၏"ဟု ဆိုလိုသည်။

**(အရှင်ဩဘာသာဘိဝံသ၊ သုတေသန သမ္မာမဂ္ဂင်ပဥ္စာကျမ်း၊ ၂၁၁၊ ၂၁၂)**

ပရမတ္ထအဆီ မြတ်လယ်တီစာအုပ်၊ စာမျက်နှာ ၂၄၀–၌လည်း "ဤကောသလသံယုတ် ဒါရုကမ္မိကသုတ်ကို ထောက်ဆက လူဒကာများ၏ **'အရိယာ ရဟန္တာ'** ဟူ၍ ပြောဆို သုံးနှုန်းခြင်းကို ဗုဒ္ဓမြတ်စွာ အလွန်ပင် မုန်းတီး ရွံရှာတော်မူသည်။ ထို့ကြောင့် ဣတိဝုတ်ပါဠိတော်၌ **"ယော နိန္ဒိယံ ပသံသတိ၊ တံ ဝါ နိန္ဒတိ၊ ယော ပသံသိယော ဝိစိနာတိ၊ မုခေန သော ကလိံကလိနာ တေနသုခံ န ဝိန္ဒတိ** – ကဲ့ရဲ့အပ်သူကို ချီးမွမ်းသူ၊ ချီးမွမ်းအပ်သူကို ကဲ့ရဲ့သူများသည် လက်လေးသစ်လောက် ခံတွင်းပေါက်ဖြင့် အပြစ်ကြီးများကို ဆည်းပူးသူမည်၏၊ ထိုသူသည် ဘယ်တော့မှ ချမ်းသာကို မရ၊ ထို့ကြောင့် အရိယာသခင် ရဟန္တာအရှင်ကြီးများကို မပြစ်မှားကြရန်၊ ပုထုဇဉ်အစစ်ကို ရဟန္တာပါဟု အထင်လွဲမှား ကိုးကွယ်မမှားမိကြရန် အထူးသတိထားသင့်လှပေသည်"ဟု မိန့်ဆိုထားပေသည်။

**(သုတေသန သမ္မာမဂ္ဂင်ပဥ္စာကျမ်း၊ ၂၁၁)**

ယခုအချိန်တွင် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓဘာသာအတွင်းသို့ အတုအယောင် ကျင့်စဉ်များသည် ထေရဝါဒဗုဒ္ဓဘာသာဟူသောအမည် ခေါင်းမြီးခြုံလျက် ဝင်ရောက် ပူးဝင်သတ်ဖြတ်နေပါသည်၊ ထေရဝါဒဗုဒ္ဓဘာသာကို အားနည်းအောင် ကြံဆောင်နေကြပါသည်၊ သို့ဖြစ်၍ ယင်းအကျင့်များ ကျင့်သူကို ယောင်မှား၍ မကိုးကွယ်မိကြစေရန် သုနက္ခတ္တရဟန်းနှင့် ဆွေမျိုးမတော်စပ်မိကြစေရန် သတိပေး ရေးသားအပ်ပါသတည်း။

**ဓမ္မဗျူဟာစာစောင် (၁၉၉၆–ခုနှစ်၊ ဒီဇင်ဘာလ)**

# မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ဉာဏ်ဂုဏ်

"ဟော... ဘိက္ခုကောသလ္လကြီးပါလား၊ ကြွ... ကြွ"

"သောတုဇနအရှင် ဘာစာတွေများ ဖတ်နေပါသလဲ"

"မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး အကြောင်းပါပဲ"

"ဆရာတော်ကြီးရဲ့ ကြည်ညိုဖွယ်အချက်များတွေ့ရင် ပြောပြစမ်းပါ"

"ဆရာတော်ကြီးရဲ့ ကြည်ညိုဖွယ်ရာတွေကတော့ အများကြီးပါပဲ၊ ဆရာတော်ကြီးဟာ အရှင်ဘုရားသိတဲ့အတိုင်း ပရိယတ္တိဂုဏ်ရော, ပဋိပတ္တိဂုဏ်ပါ ထူးခြားလှပါတယ်။ ဒါကြောင့် သက်တော်ထင်ရှား မရှိတော့ပေမယ့် ဆရာတော်ဘုရားကြီးကို ကြည်ညို လေးစားနေကြဆဲပါပဲ။ ဒီနေ့ရာမှာတော့ ဆရာတော်ဘုရားကြီးရဲ့ ကြည်ညိုစရာကောင်းတဲ့ ဖြောင့်မတ်ခြင်း ဉာဏ်ဂုဏ် အကြောင်း ပြောပြချင်ပါတယ်"

"ကြည်ညိုရအောင် အမိန့်ရှိပါဦး"

"ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က တရားဟောကြွရင်း မြန်အောင်မြို့ ရောက်သွားပါတယ်။ အဲဒီမြို့မှာ မြင်းခြံအဆက်အနွယ် ပရိက္ခရာကုန်သည် ဦးရွှေလှိုင်ဆိုတာ ရှိပါတယ်"

"တစ်ညမှာတော့ ဦးရွှေလှိုင် အိပ်မက်မက်ပါတယ်၊ မက်ပုံကတော့ ရဟန္တာအရှင်မြတ်တစ်ပါး ဈာန်တန်ခိုးနဲ့ မိမိတိုက် ကြွလာတယ်လို့မက်တယ်၊ ကြွတော်မူလာတဲ့ ဆရာတော်ရဲ့ ပုံပန်းသဏ္ဌာန်က မင်းကွန်း ဆရာတော်ဘုရားကြီးရဲ့ ပုံပန်းအတိုင်းပဲ"

“ဆရာတော်ဘုရားကြီးလည်း အဲဒီဒကာကို မမြင်ဖူးပေမယ့်လို့ နာမည်ကြားဖူးထားတာနဲ့ မြင်းခြံ သံဃောဇဉ်ကလည်းရှိတာနဲ့ အဲဒီတိုက်ကြွသွားပါတယ်။ အဲဒီအခါ ဦးရွှေလှိုင်က ဝမ်းမြောက်ဝမ်းသာနဲ့ ခရီးဦး ကြိုဆိုရင်း “အရှင်ဘုရား... မနေ့ညက ရဟန္တာ အရှင်မြတ်တစ်ပါး ချာန်တန်ခိုးနဲ့ ကောင်းကင်ကနေ တပည့်တော်တိုက် ကြွလာတယ်လို့ အိပ်မက်မက်တယ်ဘုရား၊ ပုံပန်းကတော့ ဆရာတော်နဲ့ ချွတ်စွပ်တူတယ်ဘုရား၊ ဆရာတော်ဟာ ရဟန္တာပဲဘုရား”လို့ ဝမ်းသာအယ်လဲ လျှောက်ထားပါတယ်”

“အဲဒီလိုလျှောက်ထားတဲ့အခါ ဆရာတော်က သာယာလက်ခံပြီး အသာမှိန်းမနေဘူး၊ အလိုက်သင့်စွာ ဒကာရဲ့အကြည်ညိုခံမနေဘူး၊ “ဒကာကြီး... ဘုန်းကြီးရဟန္တာ မဟုတ်ပါဘူး၊ ရဟန္တာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး” လို့ ရှင်းရှင်းဘွင်းဘွင်း ငြင်းပယ်လိုက်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ဖြောင့်မတ်ပုံ၊ ဥဇုဂုဏ်နဲ့ ပြည့်စုံပုံနော်၊ မဟုတ်လျှင် မဟုတ်ဘူးလို့ ပယ်မြစ်လိုက်တာပဲ”

“ဒါပေမယ့် ဦးရွှေလှိုင်က ဇွတ်လျှောက်နေပါတယ်၊ အရှင်ဘုရားဘယ်လိုပင် ငြင်းပယ်ပေမယ့် ရဟန္တာမှ ရဟန္တာအစစ်ပါဘုရား၊ ကွယ်ဝှက်ပြီး မိန့်ကြားတော်မမူပါနဲ့ဘုရား”လို့ ဇွတ်လျှောက်နေတယ်။

ဆရာတော်ကလည်း နှုတ်က ပြောပြနေတာ မယုံဘဲဖြစ်နေတယ်၊ ရဟန္တာမဟုတ်ကြောင်း လက်တွေ့ ပြသရတော့မှာပဲသဘောနဲ့ ပဏ္ဍာသမဏ ရဟန်းထံက ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးတောင်းပြီး မီးညှိကာ ဆောင့်ကြောင့်ထိုင် သောက်ပြလိုက်ပါတယ်။ နှုတ်ကလည်း “ဒကာကြီး၊ ဒါလားဗျ ရဟန္တာ၊ ရဟန္တာဆိုတာ ဒီလို ပလိဗောဓတွေ မရှိတော့ပါဘူး၊ ဒကာကြီး ဘုန်းကြီး ရဟန္တာမဟုတ်ပါဘူး”လို့ အပြင်းအထန် ငြင်းပယ်လိုက်ပါတယ်။

“အဲဒါ ဆရာတော်ဘုရားကြီးရဲ့ ဥဇုဂုဏ်ပဲ၊ ကိုယ့်မှာ မရှိတဲ့ဂုဏ် အရှိလုပ်ပြီး ဟန်ဆောင်မနေဘူး။ အဲဒီလို ဖြောင့်မတ်တဲ့ဂုဏ်ကို တပည့်တော်တို့ ကြည်ညိုရမှာဖြစ်တယ်။ ဒါကို သံဃဂုဏ်တော်ကိုးပါးမှာတော့ “ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော”လို့ ဟောတော်မူထားတယ်။ အရိယာသံဃာတော်တွေ ကြည်ညိုတဲ့အခါမှာလည်း ဒီဂုဏ်တော်တွေကို အာရုံ ပြုမှန်းဆပြီး ကြည်ညိုရမှာဖြစ်တယ်”

"အခုတော့ တချို့က မရှိတဲ့ဂုဏ်ကို ရှိဟန်ဆောင်နေကြတယ်၊ တစ်စုံတစ်ရာ ထူးခြားတာလေးတွေ မြင်ရတာနဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်အဆင့်ကို ကျော်လွန်သွားကြပြီး ရဟန္တာလို့ချည်း ခေါ်ဝေါ် သမုတ်နေကြတယ်။ ကာယကံရှင်ဖြစ်သူကလည်း မဟုတ်ခဲ့လျှင် မင်းကွန်းဆရာတော်တို့လို ငြင်းပယ်မပစ်ဘူး။ အသာမှိန်းပြီး လက်ခံနေကြတယ်။ အဲဒါကို "သာဌေယျ"လို့ခေါ်တယ်။ သာဌေယျဆိုတာ ကိုယ့်မှာမရှိတဲ့ဂုဏ်ကို ရှိဟန်ဆောင်တာကို ခေါ်တယ်"

"ရဟန္တာမဟုတ်ဘဲ ရဟန္တာ ဟန်ဆောင်တာဆိုလို့ ပါရာဇိကဏ်ပါဠိတော်, စတုတ္ထပါရာဇိကဝတ္ထုမှာလာတဲ့ ဝဂ္ဂုမုဒါမြစ်ကမ်းမှာ သီတင်းသုံး နေထိုင်ကြတဲ့ ရဟန်းတွေ သွားသတိရမိတယ်"

"ဆိုစမ်းပါဦး၊ အဲဒီရဟန်းတွေအကြောင်း"

"အရှင်ဘုရား သိပြီးဖြစ်တဲ့အတိုင်း ရဟန်းများစွာတို့ ဝဂ္ဂုမုဒါမြစ်ကမ်းမှာ သီတင်းသုံးနေထိုင်ကြစဉ် အဲဒီဒေသမှာ မိုးခေါင်ရေရှားဖြစ်လို့ ရဟန်းတော်များ စားဝတ်နေရေး ဒုက္ခရောက်ရှာကြပါတယ်။ ဒါနဲ့ အဲဒီပြဿနာ ပြေလည်ဖို့ရန်အတွက် အချင်းချင်း တိုင်ပင်ကြတဲ့အခါ ကိုယ့်အမြင်ကို တင်ပြကြတယ်၊ ရဟန်းတစ်ပါးက ဈာန်မဂ်ဖိုလ်လို့ခေါ်တဲ့ ဥတ္တရိမနုဿဓမ္မတွေကို ဒကာ,ဒကာမတွေကို ပြောပြကြလျှင် ကြည်ညိုလာကြပြီး စားစရာတွေ လှူလာနိုင်တယ်လို့ အကြံပြုတာနဲ့ အားလုံး အဲဒီအကြံကို လက်ခံကြပြီးနောက်တစ်နေ့မှာ ဒကာ,ဒကာမတွေကို အချင်းချင်းရဲ့ ဈာန်မဂ်ဖိုလ်တရားတွေကို လိမ်ညာကြွားဝါ ပြောဆိုကြတယ်။ အဲဒီအခါ ဒကာ,ဒကာမတွေကလည်း ဒီလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေကို ကိုးကွယ်ရတာ ကံကောင်းပါပေစွ၊ အရတော်ပါပေစွလို့ အောက်မေ့ကြပြီး သူတို့လည်း မစား၊ သားသမီးတွေကိုလည်း မကျွေးကြတော့ဘဲ ရဟန်းတော်တွေအား အကုန်လှူပစ်လိုက်ကြတယ်။ အဲဒီအခါ ရဟန်းတော်တွေမှာ စားစရာတွေ မကုန်နိုင် မခန်းနိုင် ပေါများလာတယ်။ ကိုယ်ခန္ဓာတွေလည်း ဝဝဖြိုးဖြိုးဖြစ်လာကြပြီး အသားအရေတွေ ဝင်းဝါလာကြတယ်။ အဲဒီအကြောင်း ဘုရားရှင်သိတော်မူတဲ့အခါ ပြင်းထန်စွာ ကဲ့ရဲ့ရှုတ်ချတော်မူပြီး ဥတ္တရိမနုဿဓမ္မတွေကို ပြောမပြရ၊ ပြောပြခဲ့လျှင် ရဟန်းဘဝ

ဆုံးရှုံးစေ (ပါရာဇိကကျစေ)လို့ သိက္ခာပုဒ် ပညတ်တော်မူပြီး သူခိုးကြီးငါးဦး အကြောင်း ဆက်လက် ဟောတော်မူတယ်"

"အဲဒီသူခိုးကြီးငါးဦးထဲက အဆိုးဝါးဆုံးသူခိုးကြီးဟာ ကိုယ့်သန္တာန်မှာ ထင်ရှားမရှိတဲ့ ကိုယ်မရဘူးတဲ့ ဈာန်မဂ်ဖိုလ်တရားတွေကို လိမ်ညာကြွားဝါ ပြောဆိုခြင်းပဲ။ ဒါကြောင့် ရဟန္တာမဟုတ်ပါဘဲ ရဟန္တာလို့ လိမ်ညာပြောဆိုတဲ့ ပုဂ္ဂိုလ်များဟာ အဆိုးဝါးဆုံး သူခိုးကြီးလို့ မှတ်ရပါမယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းသူပြည်သား ဆွမ်းကို ခိုးစားနေလို့ ဆိုပါတယ်"

"ကိုင်း... ဒီလိုဆိုလျှင် ကာယကံရှင်ကတော့ မပြောဘဲ သူ့ဒကာ, ဒကာမတွေက သူတို့ဘုန်းကြီး လာဘ်လာဘပေါများ ဘုန်းကံကြီးမားစေချင်တာ နဲ့ ရဟန္တာပါ၊ ရဟန္တာဖူးကြွကြပါ စသည်ဖြင့် လိုက်လံပြီး ကြော်ငြာနေမယ်၊ ဒလံရှူး လုပ်နေမယ်ဆိုလျှင်ကော"

"ဒါလည်း ဈာန်မဂ်ဖိုလ်တရားတွေ သူတို့ ကိုယ်တော်အတွက် ခိုးပေး နေတဲ့ သူခိုးကြီးပဲပေါ့၊ ဒီလိုပဲ ဆိုရမှာပေါ့၊ သူတို့လည်း လွန်စွာ အပြစ်ကြီးမား လှပါတယ်"

"ခုခေတ်မှာ တချို့ဒကာ, ဒကာမတွေက နားမလည် ပါးမလည်ဘဲ ဘာသာရေးနယ်ပယ်ထဲ ဝင်ရှုပ်နေကြတယ်။ သူတို့ဘုန်းကြီး ဘုန်းကံကြီးမား စေချင်တာလောက်သာ သိကြတာ။ သူတို့မှာ ဘယ်လို အပြစ်ဖြစ်နိုင်တယ်ဆိုတာ ထည့်မတွက်ကြဘူး။ အဲဒီလို ပုဂ္ဂိုလ်တွေ သတိပြုစရာပေါ့"

"ရဟန္တာ ခေတ်စားတာ အခုခေတ်မှ မဟုတ်ဘူး အရှင်ဘုရား၊ ရှေးဆဋ္ဌသံဂါယနာခေတ် ပတ်ဝန်းကျင်လောက်ကလည်း ခေတ်စားခဲ့တယ်ဆို တာ ဆရာတော် ဦးဩဘာသာဘိဝံသရဲ့ "သုတေသန သမ္မာမဂ္ဂင်ပဥ္စာကျမ်း" အရ သိရတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ရှေးခေတ်က ရဟန္တာတွေ ခေတ်စားခဲ့ပုံ"

"ရှေးခေတ်က ရဟန္တာတွေခေတ်စားခဲ့ပုံက ဒီခေတ်ထက် ပိုတယ်ဆိုရ မလားမသိ။ သတင်းစာတွေ ဘာတွေထဲမှာ ထိုဆရာတော်ရဲ့ ဓာတ်ပုံတွေ ဘာတွေနဲ့ ချီးကျူး ရေးသားကြတယ်လို့ ဆိုတယ်။ ရဟန္တာလို့ ကျော်ကြားတဲ့ ထိုဆရာတော်ကလည်း ရဟန္တာဖြစ်ကြောင်း၊ အရဟတ္တဖိုလ်ရပြီးဖြစ်ကြောင်း

ကိုယ်တိုင် ဝန်ခံတယ်လို့ဆိုတယ်။ အဲဒီလို ရဟန္တာလို့ ဝန်ခံတယ်ဆိုလျှင်ပဲ ဒကာ,ဒကာမတွေ ဝိုင်းဝိုင်းလည်နေတာပေါ့။ ပစ္စည်းတွေ လှူလိုက်ကြတာ ကားနဲ့တိုက်ယူရလောက်အောင်ပါပဲ။ သိက္ခာထပ်ကြတဲ့လူတွေလည်း မနည်းလှဘူးပေါ့"

"နောက် အဲဒီရဟန္တာလို့ ကျော်ကြားတဲ့ဆရာတော်က ဘာစကားတွေ မိန့်သလဲဆိုတော့ ဒကာကြီး, ဒကာမကြီးတို့ စီးပွားရေး အဆင်ပြေကြရဲ့လား၊ အရောင်းအဝယ်များ ကောင်းကြပါရဲ့လား၊ တိုင်းရေးပြည်ရေး အခြေအနေကော ကောင်းရဲ့လား၊ ဘယ်သူ့ကို ဖမ်းသွားတယ်ဆိုတာဟုတ်သလား၊ အထူးသတင်းလေး များရှိလျှင် ပြောစမ်းပါဦး စတဲ့ လောကီရေးရာစကားတွေကို မေးမြန်းပြောဆိုတယ်လို့ ဆိုတယ်ဘုရား"

"အဲဒီလို စကားမျိုးတွေကို ကျမ်းဂန်မှာ "တိရစ္ဆာန ကထာ- မဂ်ဖိုလ်မှ ဖီလာကန့်လန့်စကားမျိုး"လို့ ဆိုပါတယ်။ ရဟန္တာအရှင်မြတ်ကြီးတွေဟာ အဲဒီလို တိရစ္ဆာန ကထာမျိုးကို ပြောဆိုလေ့မရှိဘူးလို့ ဆရာတော်က မိန့်ပါတယ်"

"အရှင်ဘုရားနဲ့တပည့်တော်လည်း မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ဥဇုဂုဏ်နဲ့ ပြည့်စုံပုံကို ဆွေးနွေးကြရင်းက ရဟန္တာအကြောင်းဘက် ဦးလှည့်သွားလိုက်တာ တော်တော်ရှည်သွားပါပြီ"

"ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမတွေလည်း ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်ကို ကြည်ညိုရုံသာမက ရဟန္တာအကြောင်းပါ အပို ဗဟုသုတ ရရှိသွားကြတာပေါ့ဘုရား"

"ကိုင်း...ကိုင်း၊ ဒါလောက်ဆို တပည့်တော်တို့ရဲ့ ဆွေးနွေးပွဲ ရပ်နားသင့်ပါပြီ"

"ဥဇုဂုဏ်နဲ့ ပြည့်စုံကြပါစေ"

ဓမ္မဗျူဟာစာစောင်၊( ၁၉၉၇-ခုနှစ်၊ ဧပြီလ)

## အမှန်သာ မှားတော့တယ်

ပါရာဇိကကဏ်ပါဠိတော်လာ သံဃာဒိသေသ်သိက္ခာပုဒ်များအနက် နောက်ဆုံးဖြစ်သော သိက္ခာပုဒ်တော်မှာ "ကုလဒူသကသိက္ခာပုဒ်တော်" ဖြစ်လေသည်။ ယင်းသိက္ခာပုဒ်တော်ကို ကီဋာဂိရိနေ အဿဇိပုနဗ္ဗသုကရဟန်းများ၏ သာသနာတော်နှင့် မတော်မလျော်သည့် အကျင့်များ ပြုမူကျင့်ကြံကြခြင်းကြောင့် ပညတ်တော်မူရခြင်း ဖြစ်လေသည်။ ထိုရဟန်းတော်များမှာ အရှက်မရှိသော, ယုတ်မာသော ရဟန်းများ ဖြစ်လေသည်။

### သာသနာတော်နှင့် မတော်မလျော် ပြုမူကျင့်ကြံနေကြပုံ

အဿဇိပုနဗ္ဗသုကရဟန်းများ၏သာသနာတော်နှင့် မတော်မလျော် ပြုမူကျင့်ကြံနေကြပုံကို ဖတ်ရှုကြည့်စမ်းပါဦးလော။

ထိုရဟန်းများသည် ကျောင်းတိုက်စီမံးလန်း စိုပြည်ရန်မဟုတ်ဘဲ လူများအား ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပန်းပင်များကို ကိုယ်တိုင်လည်း စိုက်ကြကုန်၏။ သူတစ်ပါးကိုလည်း စိုက်ခိုင်းကြကုန်၏။ ကိုယ်တိုင်လည်း ရေလောင်း, သူတစ်ပါးကိုလည်း လောင်းခိုင်းကုန်၏။ ပန်းများပွင့်လာသော အခါ၌လည်း ကိုယ်တိုင် ဆွတ်ခူးလျက် ပန်းအမျိုးမျိုး သီကုံးကာ အမျိုးသမီးကြီးငယ်တို့အား ကိုယ်တိုင် ပန်ဆင်ပေးကုန်၏။ ထို့ပြင် အမျိုးသမီးများနှင့် ခွက်တစ်ခုတည်း၌ အတူစားကြ, အတူသောက်ကြကုန်၏။ နေရာတစ်ခုတည်း၌ အတူထိုင်ကြ၏။ ခုတင်တစ်လုံးတည်း၌ အတူအိပ်ကြ၏။ ခြုံထည်တစ်ထည်

တည်း အတူခြံကြ၏။ နေ့လွဲညစာ စားကြ၊ သေရည်အရက် သောက်ကြ၊ အမွေးနံ့သာလိမ်းကျံကြ၊ သီဆိုတီးမှုတ် ကခုန်ကြလျက် အစွမ်းကုန် ရမ်းကား နေကြကုန်၏။

ကပွဲကျင်းပရာ၌ ကချေသည်မကို "နှမ- ဒီနေရာမှာ ကလော"ဟုဆို၍ ဒုကင့်နှစ်ထပ်သက်န်းကြီးကို ခင်းပေးကြကုန်၏။ ကချေသည်မ ကပြီးသော အခါ "ကောင်းပါပေစွ၊ ကောင်းပါပေစွ ငါ့နှမ"ဟု နဖူးပေါ် လက်တင်ကာ ကောင်းချီးပေးကြ၏။ ကျားထိုး, ဇယ်တောက်, အန်ကစား, ကျည်းသားရိုက်, ဂေါ်လီကစား, ပိပိမှုတ်, ၇ွမ်းထိုး စသော ကစားနည်း အမျိုးမျိုးလည်း ကစား ကြကုန်၏။ သာသနာ့အလုပ်, ရဟန်းတော်များအလုပ်ကိုမူ နည်းနည်းမျှ မလုပ်ကြပေ။

## သီလဝန္တရဟန်းတော်တစ်ပါး ဆွမ်းအခက်တွေ့ရပုံ

ထိုအခြေအနေတွင် ရဟန်းတော်တစ်ပါးသည် ကာသိတိုင်း၌ ဝါမှ ထ ခဲ့ပြီးသော် ဘုရားရှင်ကို ဖူးမြင်ရန် သာဝတ္ထိပြည်သို့ ကြွသွားလေ၏။ ကီဋာ ဂိရိသို့ ရောက်၍ ညကျိန်းစက် အနားယူ၏။ နံနက်အချိန်တွင် ဆွမ်းခံကြွ ဝင်၏။ ဆွမ်းခံကြွဝင်ပုံမှာ စက္ခုန္ဒြေချလျက် အမှတ်သတိဖြင့် ကြွဝင်ခြင်း ဖြစ်၏။ ရဟန်းဣန္ဒြေ, ရဟန်းသိက္ခာနှင့် ကြွဝင်ခြင်းဖြစ်၏။

## လူများ အသိအမြင်မှားကြပုံ

ယင်းသို့ ရဟန်းဣန္ဒြေနှင့် ကြွဝင်လာသော ရဟန်းတော်ကို ကီဋာဂိရိ မှ လူများတွေ့မြင်ကြသောအခါ "ဒီကိုယ်တော်က ထုံထိုင်းထိုင်း, နန့်နဲ့နဲ့နှင့် မျက်မှောင်ကြီးကလည်း ကုတ်ထားလိုက်တာ၊ တစ်ယောက်ယောက်ကို စိတ် ဆိုးနေတဲ့အတိုင်းပဲ၊ ဒီပုံစံကြီးနဲ့ ဆွမ်းခံလို့ကတော့ ဘယ်သူ ဆွမ်းလောင်း ချင်ပါ့မလဲ၊ ဟော... တို့ကိုယ်တော်တွေ ကြည့်လိုက်စမ်းပါယား၊ လွန်စွာ သိမ်မွေ့ပြေပြစ်လှပေါ့၊ ကြည့်လိုက်မှဖြင့် ပြုံးချိုနေတာပဲ၊ မြင်လိုက်ရင် သူတို့က ဦးအောင် နှုတ်ဆက်ကြတယ်၊ တို့ကိုယ်တော်ကသာ ကြည်ညိုစရာ ကောင်း၊ ဆွမ်းလောင်းချင်စရာ ကောင်းတော့တယ်" စသည်ဖြင့် ပြောဆို ဝေဖန်ကြကုန်၏။

ယင်းသို့ ပြောဆိုကြလျက် ဆွမ်းလောင်းမည့်သူမရှိသဖြင့် သီလဝန္တ ရဟန်းတော်ခမျာ ဆွမ်းမရရှာဖြစ်နေလေသည်။ ကံအားလျော်စွာ သာသနာတော်အကြောင်း ခြေခြေမြစ်မြစ် သိထားသည့် ဒကာတစ်ဦးနှင့် တွေ့၍ ထိုဒကာက ဆွမ်း ရ,မရ မေးလျှောက်ရာ မရသေးကြောင်း မိန့်လိုက်လျှင် အိမ်ပင့်၍ ဆွမ်းကပ်လိုက်သဖြင့် ဝမ်းရေးပြေသနာ ပြေလည်သွားလေတော့၏။ ကိင္ဇာဂိရို၌ သဒ္ဓါတရား အစစ်အမှန်နှင့် ပြည့်စုံသူတစ်ယောက်တည်းသာ ကျန်တော့၏။

ဖော်ပြခဲ့ပါ စကားရပ်များကို ထောက်ဆ၍ ကိင္ဇာဂိရိမှ လူအများ အဘယ်မျှလောက်အထိ အသိအမြင်တွေ လွဲမှားနေကြသည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။ ရဟန်းသိက္ခာနှင့်အညီ ကျင့်ကြံနေထိုင်သည့် ရဟန်းတော်ကျ အမှားထင်၊ ရဟန်းသိက္ခာနှင့် မညီသည့် ရဟန်းတော်များကျ အမှန်ထင်နေကြပေသည်။

ဗုဒ္ဓသာသနာတော်၌ ရဟန်းတော်များနှင့် ဒကာ, ဒကာမများ ဆက်ဆံကြရာ၌ ဆရာ,ဒကာအနေဖြင့်သာ ဆက်ဆံသင့်ကြပေသည်။ ရဟန်းတော်များက မိမိတို့အလုပ်ဖြစ်သည့် ပရိယတ်, ပဋိပတ်အလုပ်ကိုသာ လုပ်ကြလျက် ပစ္စည်းလေးပါး ဒကာ, ဒကာမများ အကျိုးများစေရန် မေတ္တာဘာဝနာ စသည်ပွားများလျက် ချီးမြှောက်သင့်ကြပေသည်။ ဒကာ,ဒကာမများကလည်း ရဟန်းတော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြရာ၌ သာသနာတော်ကို ချီးမြှောက်သည့်အနေ, ကုသိုလ်အကျိုး လိုလားသည့်အနေဖြင့် သဒ္ဓါတရားစစ်စစ်ဖြင့်သာ လှူဒါန်းထောက်ပံ့သင့်ကြပေသည်။ မိမိတို့၏ လူမှုရေးလုပ်ငန်းများ, စီးပွားရေးလုပ်ငန်းများ၌ ကူဖော်လောင်ဖက်ရ၍ ကျေးဇူးတင်သည့်အနေဖြင့် လှူဒါန်းထောက်ပံ့ခြင်းမျိုး မဖြစ်သင့်ပေ။

ကိင္ဇာဂိရိမှ အဿဇိပုနဗ္ဗသုက ရဟန်းတော်များမှာ ဆရာ,ဒကာ ပေါင်းသင်းဆက်ဆံသည့်အနေမျိုး မဟုတ်ဘဲ လူအချင်းချင်း ပေါင်းသင်းဆက်ဆံနည်းမျိုးဖြင့် ပေါင်းသင်း ဆက်ဆံနေကြပေသည်။ ၎င်းတို့၏ ယင်းသို့ လူပေါင်းပေါင်း၍ စည်းရုံးထားမှုကြောင့် လူအများမှာ အသိအမြင် မှားကြကာ သီလဝန္တ ရဟန်းတော်ကိုတော့ မကြည်ညိုနိုင်ကြဘဲ အလဇ္ဇီရဟန်းများကိုသာ

ကြည်ညိုနေကြပေသည်။ ထို ဒကာ,ဒကာမများမှာလည်း အသိအမြင် လွဲမှား၊ ကုသိုလ်အရ နည်းပါးကြပေသည်။ နှစ်ဦးနှစ်ဖက် ဆုံးရှုံးနစ်နာကြပေသည်။

## အဓမ္မဝါဒီများ အားကောင်းလာလျှင်

ဆက်၍ ဟင်ပြရပါမူ သီလဝန္တ ရဟန်းတော် ဘုရားရှင်ထံရောက်လျှင် ထိုအကြောင်းကို လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို ခေါ်တော်မူ၍ ထိုရဟန်းဆိုးများကို ထိုကျောင်းတိုက်မှ နှင်ထုတ်ခိုင်းရာ မထေရ်တို့က "အဿဇိပုနဗ္ဗသုကရဟန်းတို့မှာ ကြမ်းတမ်းခက်ထန်သော ရဟန်းများဖြစ်ကြောင်း ပြန်လည်လျှောက်ထားကြလျှင် ဘုရားရှင်က ရဟန်းများစွာ ခေါ်သွားဖို့ မိန့်တော်မူလိုက်၏။

အဿဇိပုနဗ္ဗသုကရဟန်းများသည် သာသနာတော်တွင်း ဝင်ရောက်လာကတည်းက သာသနာတော်ကို ကြည်ညို၍၊ သံသရာမှ ထွက်မြောက်ကြောင်း အကျင့်ကောင်း ကျင့်လို၍ ဝင်ရောက်လာကြခြင်း ဟုတ်ဟန်မတူပေ။ အစားချောင်လို၍ အနေချောင်လို၍ ရောက်လာကြခြင်း ဖြစ်ဟန်တူပေသည်။ ၎င်းတို့သည် အကင်းအညာရှိသူများ ဖြစ်ဟန်တူပေသည်။ သာသနာတော်နှင့် မတော်မလျော်သည့် အကျင့်များ ကျင့်ကြလျှင် သာမန်ပုဂ္ဂိုလ်များ ၎င်းတို့ကို မပြောမဆိုဝံ့အောင် အကာအကွယ်ယူသည့်သဘောဖြင့် သာသနာ့ထိပ်ခေါင်တင် အဂ္ဂသာဝကကြီးနှစ်ပါးထံ ဝင်ရောက်၍တပည့်ခံ ရဟန်းပြုခဲ့ကြပေသည်။ ရဟန်းပြုပြီးနောက်၌လည်း ဆရာသမားများနှင့်ဝေးရာ ၎င်းတို့ ထင်သလို ချယ်လှယ်ရနိုင်မည့် ကီဋာဂိရိကို ရွေးချယ်ခဲ့ကြပေသည်။ သို့အတွက် ယခုပြဿနာ ပေါ်ပေါက်လာသောအခါ ဘုရားရှင်က အဂ္ဂသာဝကကြီးနှစ်ပါးကို စေလွှတ်ဖြေရှင်းခိုင်းရခြင်း ဖြစ်လေသည်။ ဘုရားရှင်က စေလွှတ်သောအခါ ထိုရဟန်းများမှာ စရိုက်ကလည်း ကြမ်းကြ, အင်အားကလည်း တောင့်တင်းနေသဖြင့် ဆုံးမဖို့ အခက်တွေ့နေကြပေသည်။ သို့အတွက် ထိုရဟန်းများမှာ ကြမ်းတမ်းခက်ထန်သော ရဟန်းများဖြစ်ကြောင်း ပြန်လည်လျှောက်ထားကြလေသည်။

ဤစကားရပ်ကို ထောက်ဆ၍ ဗုဒ္ဓသာသနာတော်နှင့် မတော်မလျော်ကျင့်သည့် အဓမ္မဝါဒီများ ရဟန်းအင်အား (ဒကာ,ဒကာမအင်အား) တောင့်

တင်းလာပါက ဆုံးမဖို့ နှိမ်နင်းဖို့ ခက်ခဲကြောင်း သိရလေသည်။ မနှိမ်နင်းနိုင်သဖြင့် သာသနာတော်တွင်း၌ ၎င်းတို့ ထင်သလို ချယ်လှယ်ကြတော့မည်ဆိုလျှင် ဗုဒ္ဓသာသနာတော်သည် ညှိုးမှိန်ကွယ်ပျောက်ရပေတော့မည်။ သို့ဖြစ်၍ ၎င်းအဓမ္မဝါဒီများကို နှိမ်နင်းနိုင်ဖို့ရန် သာသနာစိတ်လည်း ရှိ၍ တာဝန်လည်းသိသည့် ဓမ္မဝါဒီများ ရဟန်းအင်အား (ဒကာ, ဒကာမအင်အား)တောင့်တင်းဖို့ လိုပေသည်။ ဓမ္မဝါဒီများ အင်အားတောင့်တင်းပါမှ ဗုဒ္ဓသာသနာတော်သည် စည်ပင်ပြန့်ပွား၍ အရှည်တည်တံ့နိုင်ပေမည်။

သို့တစေ မျက်မှောက်ခေတ်တွင်ကား သာသနာတော်နှင့် မတော်မလျော်ပြုမူကျင့်ကြံနေသည့် ပုဂ္ဂိုလ်များ အင်အားတောင့်တင်း နေကြပေသည်။ ဘာသာရေး အသိဉာဏ်နည်းသူများက ထိုပုဂ္ဂိုလ်များ၏ အပြုအမူ အပြောအဆိုတို့ကို အစစ်အမှန် ထင်မှတ်၍ လှူဒါန်း၍ ထောက်ခံအားပေးနေကြပေသည်။ ဓမ္မလမ်းကြောင်းအတိုင်း ကျင့်ကြံနေသူများ၊ ပြောဆို ရေးသားနေသူများကိုတော့ မှန်သည် မထင်ကြပေ။ သူများ တိုက်ခိုက်သူများဟု ထင်မှတ်နေကြပေသည်။ ကြာသော် "အမှန်သာ မှားတော့တယ်၊ အခါးချိုကြတဲ့ ကာလဉာဏ်" စသော ဘိုးသူတော် ဦးမင်း စပ်ဆိုသည့် ကလိယုဂ်ဘွဲ့လေးချိုးကြီး (ကဗျာသင်္ဂဟမေဒနီ၊ ၁၁၁)အတိုင်း ဖြစ်ချေတော့မည်။

သို့ဖြစ်၍ အဓမ္မဝါဒီများ ဘေးရန်မှ ကာကွယ်နိုင်ရန်၊ ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့နိုင်ရန် သာသနာစိတ်ရှိ၍ တာဝန်သိသည့် ဓမ္မဝါဒီများအင်အား တောင့်တင်းလာပါစေဟု ဆုတောင်းနေရပါသတည်း။

❁❁❁